The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 21, 2019

# တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အလေးထား တွန်းအားပေးသင့်သော ရော်ဘာကဏ္ဍ

စာမျက်နှာ - ၁၈



## မြန်မာနိုင်ငံထုတ် ဘိလပ်မြေ တိုးချဲ့တင်ပို့လာသည့် တမူးကုန်သွယ်ရေးစခန်း

စာမျက်နှာ - ၁၃

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

စာမျက်နှာ - ၁၄

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၂) သင်တန်း ဖွင့်လှစ်မည်

စာမျက်နှာ - ၂၃




GMP
Nature's way
QUALITY PRODUCT
PAI
Royal Bcom
Multivitamin B
အားဆေး
MM Reg No.: 2303AA3488
Pai Ome III
OMEGA 3 FISH OIL
1000MG
MM Reg No.: 2303AA3489
Pai Brothers' Int'l Trading Co.,Ltd.


FALCON
SUPER LUBRICANT
MOTOLUBE

# မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ(Doing Business) လွယ်ကူချောမွေ့ရေး ညှိနှိုင်းအစည်းအဝေး၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Ease of Doing Business အထောက်အကူပြု အဖွဲ့ဝင်များနှင့် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ (၁) ကိုယ်တိုင် Ease of Doing Business အဆင့် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားထားပါကြောင်း၊ တရုတ်နိုင်ငံသို့ ဖရဲ သခွားတင်ပို့ရာတွင် ကြုံတွေ့ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ Ease of Doing Business သည် အရေးကြီးသည်မှာ သိသာပါကြောင်း၊ ယခင်နှစ်များကလည်း Doing Business ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၏အဆင့် တိုးတက်မှုမရှိခဲ့သော်လည်း အမှတ်အနည်းငယ် မြင့်တက်လာခဲ့ရာ လျှပ်စစ်နှင့် စည်ပင်သာယာရေးရာကဏ္ဍတို့မှာ သိသာထင်ရှားခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ ငါးလအတွင်း Doing Business ဆိုင်ရာ ဆောင်ရွက်နိုင်မည့် Reform များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ အညွှန်းကိန်းတစ်ခုကို တစ်နှစ်လျှင် အနည်းဆုံး Reform (၃) ခု ခန့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လာမည့် ၂၀၂၀ ခုနှစ်တွင်ထုတ်ပြန်မည့် ကမ္ဘာ့ဘဏ်၏ Doing Business ဆိုင်ရာ အစီရင်ခံစာအတွက် ကမ္ဘာ့ဘဏ်သို့ ပေးပို့ရမည့် အချက်အလက်များနှင့် သတ်မှတ်ချိန်အတွင်း အသင့် ဆောင်ရွက်ပြီးစီးရမည့် အကြောင်းအရာများကို သက်ဆိုင်ရာ အစိုးရဌာနများမှ ပူးပေါင်းညှိနှိုင်းပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ ဆောင်ရွက်ချက်များကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်သည့်အတွက် ယခုအချိန်မှစပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကမ္ဘာ့ဘဏ်မှ မြန်မာပြည်တာဝန်ခံ Consultant ဖြစ်သူ Mr. Antony Dickinson နှင့် ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်မည့် အထောက်အကူပြု အဖွဲ့များမှ သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးကြပြီး မွန်းလွဲ ၂နာရီတွင် အခမ်းအနားအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Ministry of Economy, Trade and Industry (METI) of Japan မှ ကိုယ်စားလှယ်အဖွဲ့နှင့် The American Chamber of Commerce in Myanmarမှ ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Ministry of Economy, Trade and Industry (METI) of Japan မှ Trade and Economic Cooperation Bureau ၏ Director General ဖြစ်သူ Mr. Masaki ISHIKAWA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၇ ရက် ၁၂:၀၀ နာရီတွင်လည်းကောင်း၊ The American Chamber of Commerce in Myanmar ၏ Executive Director ဖြစ်သူ Ms. Zara Dang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၁၄:၀၀ နာရီတွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

Ministry of Economy, Trade and Industry (METI) of Japan မှ Trade and Economic Cooperation Bureau ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အတွင်း လုပ်ကိုင်နေသော ကုမ္ပဏီများတွင် မြန်မာနိုင်ငံရှိတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်သင်သင်တန်းများ၊ သက်မွေးပညာသင်တန်း (Vocational Training) များပံ့ပိုးပေးသွားရေး၊ မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန် ဆောလျင်စွာ ဆောင်ရွက်သွားနိုင်ရေးနှင့် ဇန်နဝါရီလအတွင်း နေပြည်တော်တွင် ကျင်းပမည့် Invest Myanmar Summit သို့ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

The American Chamber of Commerce in Myanmar မှကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် စားသုံးသူ ပြည်သူများအား အကာအကွယ်ပေးရေးမှာ အဓိကဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အားလျော်စွာ ပြည်သူများသုံးစွဲမည့် ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရစေရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြသွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 19, No.3 Monday January 21 2019

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့၌ပေါ်ဆန်းစပါးနှင့် မိုးညှော့မထ စပါး/ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးကွက်တွင် ပေါ်ဆန်းဆန်အဝယ်လိုက်၍ ကန်ကြီးထောင့်မြို့နယ်တွင် ယခင်ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၈၈၀၀၀၀ မှ ယခု ကျပ် ၉၂၀၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၄၀၀၀၀ ဝန်းကျင်မြင့်တက်လျက်ရှိကြောင်း ဟင်္သာတ၊ မြန်အောင်၊ အင်္ဂပူမြို့နယ်များတွင် ယခင် မိုးညှော့မထစပါး ၄၆ ပေါင် တင်း ၁၀၀ကို ယခင်ကျပ်၅၃၀၀၀၀- ၅၃၅၀၀၀-၅၄၀၀၀၀ ဆန် (၁) အိတ်ကို ကျပ် ၂၀၅၀၀-၂၁၀၀၀ မှ ယခုစပါးဈေးတင်း ၁၀၀ ကို ကျပ် ၅၄၀၀၀၀-၅၅၀၀၀၀ စပါးဈေးအနည်းငယ်မြင့်တက်လျက်ရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀-၂၁၅၀၀-၂၂၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်သွားကြောင်း အဆိုပါဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များမှ ဆန်များကို အထက်အညာဒေသသို့ တင်ပို့မှုရှိသဖြင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ပြီး ရန်ကုန်ဈေးကွက် အဝယ်လိုက်၍ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ မြို့နယ်များတွင် ယခင်မိုးညှော့မထဆန်တစ်အိတ်ကို ကျပ် ၂၀၅၀၀-၂၁၅၀၀ မှ ယခုဈေး ကျပ် ၂၁၅၀၀-၂၂၀၀၀ ဈေးဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ မှ ၁၀၀၀ ဝန်းကျင် ဈေးနှုန်း မြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး(ပသ)**

## ဈေးတက်နေတဲ့ ညှော့မထမိုးစပါးနှင့်ညှော့မထဆန်

တောင်ငူမြို့နယ်တွင် ဇန်နဝါရီ ဒုတိယပတ်ကုန်ဆုံးချိန်၌ ညှော့မထစပါးသစ် ၄၆ ပေါင် စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၅၀၀၀ မှ ၅၃၀၀၀၀ ပေါက်ဈေးရရှိနေပါသည်။ ညှော့မထဆန်(အလတ်စ) တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ မှ ၂၂၀၀၀ အထိအရောင်းအဝယ်ဖြစ်နေကြောင်း ဆန်ကုန်သည်ကြီးတစ်ဦးထံမှ သိရှိရပါသည်။ **စောသန်းထိုက်ကျော်(တောင်ငူ)**

# ယခုတစ်ပတ် ဆန်နဲ့ ဆန်ကွဲ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၈၁ သန်းတန်ဖိုးရှိ ညှော့မထဆန် ၃၁၈၂၄ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။



မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ညှော့မထဆန် ၂၇၃၈၅ တန်ကျော်နဲ့ ကောက်ညှင်းဆန် ၁၃ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၁၂၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၂၀၃ တန်ကျော်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းများမှ ၂၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၆၀၄ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၆ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၀၇၀ ကို မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၁၀၀၀ နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၇၀ တင်ပို့ခဲ့တာလို့သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၉၈တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန် ၃၁၈၂၄ တန်ကျော်နဲ့ ဆန်ကွဲတန်ချိန် ၁၀၇၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက်ကုန်သွယ်မှုပိုမိုခဲ့ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**

# ရွှေဘိုခရိုင်တွင် နှမ်းနှင့်ပဲစင်းငုံ အရောင်းအဝယ်သွက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ပဲပွဲစားများကထိန်တော်အသင်း (ကုန်စည်ဒိုင်)တွင် ယခုတစ်ပတ်အတွင်း နှမ်းနက်ဈေးနှုန်းမှာတစ်တင်းလျှင် ကျပ် ၆၉၃၀၀ မှ ၇၁၇၀၀ ဖြင့် အိတ် ၅၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ်ဖြစ်ပြီး နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၅၁၇၀၀ မှ ၅၂၃၀၀ ဖြင့် အိတ် ၃၀၀ မှ ၅၀၀ ထိအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပဲစင်းငုံမှာ တစ်တင်းလျှင်ကျပ် ၂၅၀၀၀ မှ ၂၅၅၀၀ ဖြင့် အိတ် ၂၀၀မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲနီလုံးကြားမှာတစ်တင်းလျှင်ကျပ်၇၅၀၀ မှ ၇၇၀၀ ဖြင့် အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပဲပွဲစားများထံမှသိရပါတယ်။

**နီနီမြင့်(ရွှေဘို)**

# ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ အသစ်တစ်တင်းလျှင်ကျပ် ၂၅၅၀၀-၂၅၇၀၀ ဖြင့်အိတ်ရေ၅၀ မှ ၂၀၀ခန့်၊ ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင် ကျပ် ၂၂၀၀၀-၂၂၅၀၀ ဖြင့် အိတ် ၁၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ ကုလားပဲဈေး အနည်းငယ်ကျပြီး ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၃၀၀၀-၂၃၅၀၀-၂၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ လုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါ လုံးကြီး 929 တစ်တင်းလျှင်ကျပ် ၂၃၀၀၀-၂၃၅၀၀-၂၄၀၀၀ ဖြင့်အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယောဒေသထွက် ပဲတီစိမ်းသေးတစ်တင်းလျှင် ကျပ် ၂၉၅၀၀ မှ ၃၀၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ထွက်တိုးနီပြောင်းမှာ တစ်တင်းလျှင် ကျပ် ၁၁၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ဆန်ပြောင်းဖြူ တစ်တင်းလျှင်ကျပ် ၁၁၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်သတင်းများအရသိရသည်။

အညာဒေသထွက် နှမ်းနီတစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းနက်(ဂွ) တစ်တင်းလျှင် ကျပ် ၅၆၀၀၀၊ နှမ်းနက်စမုံ(ရှယ်) တစ်တင်းလျှင် ကျပ် ၇၈၀၀၀၊ နှမ်းနက်စမုံ (ရိုးရိုး)မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ မှ ၇၅၀၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသတင်းရရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၁-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၅ | ၄၀၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၉၀ | △ | ၃၆၀ | ၃၅၁ | ▽ | ၃၈၀ | ၃၉၀ | △ | ၃၅၈ | ၃၅၃ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၄ | ၃၈၉ | △ | ၃၅၈ | ၃၄၉ | ▽ | - | - | - | ၃၅၃ | ၃၄၈ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၂ | ၃၈၇ | △ | ၃၅၅ | ၃၄၇ | ▽ | - | - | - | ၃၄၈ | ၃၄၃ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၃ | ၃၇၅ | △ | ၃၅၀ | ၃၃၆ | ▽ | ၃၅၅ | ၃၇၀ | △ | ၃၂၄ | ၃၁၇ | ▽ |
| ပေါင်းဆန် | ၄၃၀ | ၄၁၅ | △ | - | - | - | ၃၈၀ | ၃၈၀ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၁၈-၁-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော့မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၀၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၄၀၀ | △ | ၂၁၅၀၀ | □ | ၉၈၀၀၀ | △ | ၃၇၅၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၂၅၀၀ | □ | - | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၂၅၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၆၀၀ | □ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၃၀၀ | △ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၈၀ | □ | ၂၀၅၀၀ | ▽ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | ▽ |
| မကွေး | ၆၀၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၄၉၀၀၀ | □ |
| မော်လမြိုင် | ၆၃၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၄၃၀ | △ | ၃၀၀၀၀ | △ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော့မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၄-၁-၂၀၁၉ မှ ၁၈-၁-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း
## ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 279 | 22,051,390.842 |
| 2 | Form D | 111 | 7,870,019.982 |
| 3 | Form E | 98 | 2,949,437.900 |
| 4 | Korea GSP | 8 | 227,907.230 |
| 5 | Form AK | 138 | 8,135,070.740 |
| 6 | Form AJ | 15 | 1,023,021.960 |
| 7 | Form AI | 90 | 3,176,954.460 |
| 8 | Form AANZ | 7 | 243,938.185 |
| 9 | Form DFTP | 2 | 424,352.000 |
| 10 | Form CHINA | | |
| **Grand Total** | | **748** | **46,102,093.299** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၁-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၁/၁ | ၁၈/၁ | ပြောင်းလဲမှု | ၁၁/၁ | ၁၈/၁ | ပြောင်းလဲမှု | ၁၁/၁ | ၁၈/၁ | ပြောင်းလဲမှု | ၁၁/၁ | ၁၈/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၇၆ | ၁၁၆၃ | ▼ | ၁၀၈၃ | ၁၁၆၇ | ▲ | ၁၁၅၀ | ၁၁၅၀ | ■ | ၁၂၀၀ | ၁၁၅၀ | ▼ |
| ပဲစင်းငုံ | ၁၁၈၄ | ၁၂၃၇ | ▲ | - | ၁၃၃၃ | - | ၁၂၆၀ | ၁၃၀၀ | ▲ | ၁၂၇၅ | ၁၃၅၀ | ▲ |
| ပဲတီစိမ်း | ၁၆၃၀ | ၁၅၈၀ | ▼ | ၁၇၉၆ | ၁၈၃၃ | ▲ | ၁၇၈၉ | ၁၇၆၃ | ▼ | ၁၆၈၅ | ၁၆၆၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၅၈ | ၁၂၀၅ | ▼ | ၁၂၅၂ | ၁၁၉၄ | ▼ | ၁၂၈၀ | ၁၂၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၆၅ | ▼ | ၁၃၃၃ | ၁၂၅၀ | ▼ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၁၃၅ | ၁၁၆၀ | ▲ |
| ထောပတ်ပဲ | ၂၁၇၀ | ၂၁၇၀ | ■ | ၂၃၃၁ | ၂၄၀၀ | ▲ | ၂၁၀၅ | ၂၂၆၃ | ▲ | ၂၂၁၀ | ၂၃၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၅.၁.၁၉)ထိ | ယခုတစ်ပတ် (၁၂.၁.၁၉)ထိ | (၁.၁.၁၉) မှ (၁၂.၁.၁၉) ထိ |
| မတ်ပဲ | ၉၇၁၀ | ၁၂၇၉၀ | ၂၂၅၀၀ |
| ပဲတီစိမ်း | ၁၂၅၄ | ၂၂၈၃ | ၃၅၃၇ |
| ပဲစင်းငုံ | ၇၉၄ | ၃၄၉၉ | ၄၃၉၃ |
| ကုလားပဲ | ၁၀၁၃ | ၂၀၈၀ | ၃၀၉၃ |
| ပဲလွန်းဖြူ | ၁၁၅ | ၁၂၆ | ၂၆၁ |
| မြေထောက်ပဲ | - | ၉ | ၉ |

## ပြည်ပဲစင်းငုံသီးနှံသစ်များ ရန်ကုန်ဝယ်လက်ဝယ်ယူမှုရှိနေ

ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသစ်များ နှစ်ဆန်းပိုင်းမှစ၍ ဝင်ရောက်လာပြီး ယခုတစ်ပတ်မှာလည်း အဝင်ဆက်ရှိနေခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်အနေဖြင့် ပဲတီစိမ်းသီးနှံလောက် ထွက်ရှိမှုမများလို့ ပန်းတောင်း၊ ကံမဘက်မှ တစ်ရက် အိတ် ၂၀၀ မှ ၃၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်နေ့စဉ်အဝယ်ရှိပြီး အိတ် ၃၀၀ မှ ၄၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေခဲ့ကာ ပဲသစ်ဈေးမှာတစ်တင်း ကျပ် ၂၄၅၀၀ ဖြင့် ရောင်းဝယ်ခဲ့ပြီး ပဲဟောင်းမှာ တစ်တင်းကျပ် ၂၁၅၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## သာယာဝတီဈေးကွက်တွင် မတ်ပဲဈေးကျဆင်း

သာယာဝတီဈေးကွက်တွင် ပဲမျိုးစုံဈေးကွက်မှာရောင်းဝယ်မှုဖြစ်နေတဲ့ မတ်ပဲဈေးနှုန်းမှာ ယခုသီတင်းပတ်အတွင်း ဈေးနှုန်းများဆက်လက်ကျဆင်းနေသည်ကို တွေ့ရပါတယ်။

ယခင် သီတင်းပတ်အတွင်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၄၂၀၀ဈေးရရှိခဲ့သော်လည်း ယခုသီတင်းပတ်အတွင်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ခန့်သာရရှိပြီး ဈေးနှုန်းများ ကျဆင်းလျက်ရှိနေပါတယ်။ ဈေးကွက်တွင် ဝယ်လိုအားမရှိသောကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။

**ခင်ခင်ထိုက်(သာယာဝတီ)**

## ပဲကြီးဖြူ ယခင်နှစ်ကာလတူထက်ဈေးမြင့်

နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်မှပဲကြီးဖြူများအသစ်ဝင်နေကာ ပဲကြော်ဖိုများ၊ ပဲကြီးလှော်လုပ်ငန်းပွဲစားများက ဝယ်ယူနေကြောင်း ၎င်းဒေသခံတောင်သူများထံက သိရသည်။

ပဲကြီးကိုဆောင်းပဲအဖြူစိုက်ကြပြီး အထွက်လည်း ကောင်းတယ်။ ပဲကြီးစိမ်းတစ်တင်းကျပ် ၅၅၀၀၀ နဲ့ရောင်းရတဲ့အပြင် ယခုပဲကြီးအခြောက်ကိုလည်း ပဲကြော်လုပ်ငန်း ပွဲစားတွေကျေးရွာအထိဆင်းဝယ်နေတဲ့အတွက် တောင်သူတွေမြို့ကိုတက်မရောင်းရတော့ဘဲ စရိတ်စက အကုန်သက်သာတယ်”လို့ ရေနံချောင်းမြို့နယ်မှ တောင်သူတစ်ဦးက ပြောပါသည်။

ရေနံချောင်းမြို့နယ်မှပွဲစားတစ်ဦးက “လက်ကျန်မရှိတော့ ပဲကြော်ပဲလှော်ဖိုတွေ နယ်ဝယ်လက်တွေစုပြုံဝယ်တာပါ။ ပဲတစ်တင်းကျပ်၄၀၀၀၀ပေါက်ဈေးရှိတယ်။ ယခင်နှစ်ကာလတူကတစ်တင်းကျပ်၃၅၀၀၀ပဲရှိတာဆိုတော့ဈေးမြင့်တယ်” ဟု ပြောသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပဲခူးတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းနှင့်မတ်ပဲများစတင်ထွက်ပေါ်

၂၀၁၈-၂၀၁၉ ပဲရာသီအနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ပဲတီစိမ်း ၅၇၀၈၇၁ ဧကနှင့် မတ်ပဲ ၁၀၄၇၅၄၆ ဧကစိုက်ပျိုးခဲ့ပြီးပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် ကဝမြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့တွင် ပဲတီစိမ်းနှင့် မတ်ပဲများ စတင်ထွက်ပေါ်ပြီဖြစ်ကြောင်းသိရှိရပါသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ကျောက်တံခါးမြို့နယ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၅၀၀၀ နှင့် မတ်ပဲတစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့်ဈေးဖွင့်ဝယ်ယူလျက်ရှိပြီး ကဝမြို့နယ်တွင် ပဲတီရွှေဝါ တစ်တင်းလျှင် အလုံးသေးပါက ကျပ် ၃၈၀၀၀၊ အလုံးကြီးအရောင်လှလျှင် ကျပ် ၄၂၀၀၀ ထိဈေး ဖွင့်ဝယ်ယူလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း၊ ပြည်ခရိုင်နှင့် သာယာဝတီ ခရိုင်တို့တွင်လည်း ပဲတီစိမ်းနှင့် မတ်ပဲများစတင်ထွက်ပေါ် လျက်ရှိပြီဖြစ်ရာ ပြည်ခရိုင်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၃၅၀၀ နှင့် သာယာဝတီခရိုင်တွင် မတ်ပဲတစ်တင်းလျှင်ကျပ် ၂၃၀၀၀တို့ဖြင့်ဈေးဖွင့်ဝယ်ယူလျက်ရှိကြောင်း သိရှိရပါသည်။

**မင်းဆွေ(ပဲခူး)**



## ပြည်ဘိုကိတ်ပဲသစ်ဈေးငြိမ်သော်လည်း ယခင်နှစ်ထက်ဈေးလျှော့

ယခုတစ်ပတ်ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ ဝင်ရောက်မှုဆက်ရှိနေပြီး တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ ကျော်ဝင်ရောက်နေခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်နေခဲ့တာကြောင့် တစ်တင်း ကျပ် ၁၈၀၀၀ ဖြင့် ပဲသစ်ဈေးငြိမ်နေခဲ့ပါတယ်။ ဝယ်လက်အနေဖြင့် လက်လီသမားရော လက်ကားသမားများပါ ဝယ်ယူနေလို့ ရန်ကုန်ဝယ်လက်များ နေ့စဉ်အဝယ်ရှိကာ တစ်ရက်အိတ် ၂၀၀ ကျော် ရောင်းချမှုရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်စ ဘိုကိတ်ပဲဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ်ပဲဈေးကတော့ ကျပ်နှစ်သောင်းအောက်လျော့နည်းခဲ့ကာ ဈေးအေးလျက်ရှိကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲကြီးသီးနှံဈေးကောင်းရသော်လည်း ယခင်နှစ်ဈေးကိုမမီခဲ့

ပြည်ဈေးကွက်မှာ ပဲကြီးသီးနှံပဲသစ်ဝင်ရောက်ခြင်းမရှိဘဲ ပဲဟောင်းလက်ကျန်များသာ ရောင်းချလျက်ရှိနေကြောင်း သိရပါတယ်။ ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ်အဝယ်ရှိလို့ တစ်ရက်အိတ် ၂၀၀ ကျော် ရောင်းချခဲ့ကြရပြီး ပဲဈေးမှာတော့ ယခင်တစ်ပတ်ကထက် လျော့နည်းနေခဲ့ပါတယ်။ ပဲကြီး(ရွှေကျွန်း)တစ်တင်းကျပ် ၃၅၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၁၅၀၀ တို့ဖြင့်အသီးသီးအရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်နှစ်ဆန်းပိုင်းကာလတွင် ပဲကြီးသီးနှံဈေးမှာ စံချိန်တင်မြင့်တက်ခဲ့တဲ့အတွက် တစ်တင်းကျပ် ၈၀၀၀၀ ထိ ဈေးကောင်းရခဲ့တာကြောင့် ယခုနှစ်မှာ ပဲကြီးသီးနှံဈေးဟာ အခြားပဲများနှင့်ယှဉ်လျှင် ဈေးကောင်းရနေသော်လည်း ယခင်နှစ်ဈေးရဲ့ထက်ဝက်ခန့်သာရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်တွင် မန္တလေးဝယ်လက်များကြောင့် မြေပဲဆန်ဈေးမြင့်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်ဈေး အနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ ကံမ၊ ပန်းတောင်း၊ ဥသျှစ်ပင်၊ မင်းတုန်းနှင့်ရွှေတောင်ဘက်မှ တစ်နေ့လျှင်အိတ် ၁၀၀၀ လောက်ဝင်ရောက်လာတာတွေ့ရပါတယ်။ လုံးဆန် (ဖြူ) ကို မန္တလေးဝယ်လက်များက မြဝတီပို့ရန် အဝယ်ရှိပြီး လုံးဆန်(နီ)ကို အကြော်ဖိုသမားများက အဝယ်ရှိလို့ ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀နှင့် မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ် ၁၀၀၀ လောက် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## နေကြာအသစ်ဝင်ပြီး ဆီစက်များက ရောင်းဝယ်နေသဖြင့် ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်ထွက်နေကြာများအသစ်ဝင်နေပြီး ဆီစက်တွေက ဝယ်ယူနေကာ ဈေးကောင်းရနေကြောင်း ဒေသခံများထံက သိရသည်။

ယာမြေများတွင် စိုက်ပျိုးသော နေကြာများဖြစ်ကြောင်း၊ အထွက်ကလည်း ယခင်နှစ်ကတစ်ဧကလျှင် ၁၀ တင်းသာရှိရာက ယခုနှစ်မှာ၁၅ တင်းထွက်ကြောင်း၊ ဆောင်းရာသီမှာအအေးနည်းပါး၍ပိုးမကျသဖြင့် အထွက်ကောင်းကြောင်း၊ ဈေးကောင်းပြီး တောင်သူတွေ တွက်ခြေကိုက်နေကြောင်း နတ်မောက်မြို့နယ်က တောင်သူဦးလှကြိုင်ထံမှ သိရ သည်။

ရေနံချောင်းမြို့နယ်တွင် နေကြာကို ဒေသမျိုးအပြင် ရေဆင်းနေကြာမျိုးများကိုလည်း စိုက်ကြပြီး ယခုတစ်ပတ်တွင်အသစ်ဝင်နေပြီဖြစ်ကြောင်းသိရသည်။

“တောင်သူများနှင့်ဆီစက်များကနေကြာကိုကြိတ်ခွဲပြီး နေကြာဆီအဖြစ်ရောင်းကြပါတယ်။ အလှူအတန်းပေါများချိန်မုန့်ကြော်ဆီအဖြစ်ဝယ်နေကြသလိုနေကြာဆီတစ် ပိဿာလျှင် ကျပ် ၅၀၀၀ ရောင်းရတယ်”ဟု ရေနံချောင်းမြို့နယ်က ဒေသခံဈေးကွက်ကသိရသည်။

“နေကြာအသစ်တွေပေါ်နေပြီပြောတယ်။ တောင်သူကဆီကြိတ်ရောင်းတယ်။ စားလည်းစားတယ်။ အလှူတွေမှာလည်းသုံးတော့ဆီဈေးကယခင်နှစ်ကာလတူထက်ဈေးပိုရနေတယ်”ဟုနတ်မောက်မြို့နယ်မှပွဲစားတစ်ဦးကပြောသည်။

**ရွှေဇင်(ရေနံချောင်း)**

Vol: 19, No.3 Monday January 21 2019

# ၂၀၁၉ခုနှစ် ဇန်နဝါရီလတွင် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပမည့် World Economic Forum (WEF)၌ Joint Statement on E-Commerce ထုတ်ပြန်နိုင်ရေး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံအချို့မှ ကြိုးပမ်းလျက်ရှိ

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ အစည်းအဝေးတွင် Joint Statement on E-Commerce ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဂျပန်၊ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့မှဦးဆောင်ပြီး ထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါ Joint Statement အရ ၎င်းအား ပါဝင်ထောက်ခံခဲ့သော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် E-Commerce ဆိုင်ရာ ဆက်စပ် Working Group ကို ဖွဲ့စည်းကာ E-Commerce ဆိုင်ရာ ဆွေးနွေးပွဲများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကျင်းပခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း၌ (၈) ကြိမ်အထိ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ E-Commerce ဆိုင်ရာ သဘောတူညီချက်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် ဒုတိယအဆင့်အနေဖြင့် သဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုမှုကို အဓိကဖော်ပြထားသည့် ဒုတိယအကြိမ် ပူးတွဲအဆိုပြုချက်ဖြစ်သော Joint Statement on E-Commerce အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၅ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မြို့၌ World Economic Forum (WEF)တွင် ထုတ်ပြန်နိုင်ရေး ဂျပန်၊ ဩစတြေးလျနှင့်စင်ကာပူနိုင်ငံတို့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် E-Commerce နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ နှစ်ဆန်းပိုင်းမှ စတင်ကာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးလာကြပါသည်။ ၂၀၁၆ ခုနှစ်မှ လက်ရှိအချိန်အထိ ဆွေးနွေးမှု အများဆုံးဘာသာရပ်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ အချို့က Issue အသစ်အဖြစ် ယူဆထားပါသည်။

သို့ရာတွင် E-Commerce ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများတရားဝင်စတင်ပြုလုပ်ရန် ဆုံးဖြတ်ချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် Mandate ချမှတ်နိုင်ခြင်း မရှိသေးသည့်အတွက် ဂျပန်၊ ဩစတြေးလျနှင့် စင်ကာပူစသော အဖွဲ့ဝင်နိုင်ငံများက ယင်း Mandate ပေါ်ထွက်လာရေးအတွက် ဦးဆောင်ကြိုးပမ်းနေခြင်းဖြစ်ပါသည်။

E-Commerce Issue မှာ ကျယ်ပြန့်ပြီး ဘာသာရပ်တစ်ခုတည်းအနေဖြင့် သီးသန့်လက်ခံဆွေးနွေးရန် မလုံလောက်သဖြင့် လက်ရှိအချိန်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အောက်၌ ဖွဲ့စည်းထားသော (က) Council for Trade in Goods (CTG) (ခ) Council for Trade in Services (CTS) (ဂ) Council for Trade Related Intellectual Properties (TRIPs) (ဃ) Committee on Trade and Development (CTD) တို့၏ အစည်းအဝေးများတွင် သက်ဆိုင်ရာ အပိုင်းအလိုက် အဖွဲ့ဝင်နိုင်ငံများ၏ အဆိုပြုချက်စာတမ်းများကို ဆက်စပ်ဆွေးနွေးလျက်ရှိပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအနက် အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ယူဂန်ဒါ၊ တန်ဇန်းနီးယားကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများက E-Commerce နှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုစတင်ရန် သဘောတူညီခြင်းမရှိသေးဘဲ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ပြီးပြတ်အောင် ဆွေးနွေးနိုင်ခြင်းမရှိသေးသည့်ကိစ္စရပ်များကို ဦးစွာပြီးပြတ်အောင် ဆွေးနွေးရန် အကြံပြုထားပါသည်။ အာဖရိကအုပ်စုရှိ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် E-Commerce နှင့်ပတ်သက်၍ ၎င်းတို့၏ အခက်အခဲများနှင့် စိန်ခေါ်မှုများကို အမြဲတစေ တင်ပြကာ လိုအပ်သောအကူအညီများကို အပြည့်အဝပေးရန် တောင်းဆိုထားပြီး ယင်းအားလျစ်လျူရှုထားမည်ဆိုပါက E-Commerce ဆိုင်ရာ ဆွေးနွေးမှုများကို အချိန်မရွေးကန့်ကွက်မည့် အခြေအနေရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

E-Commerce နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအကြား တူညီဆန္ဒအဖြစ် သဘောတူညီခြင်းမရှိသေးဘဲ ကွဲပြားသော အမြင်များရှိနေပါသည်။ အချို့သောအဖွဲ့ဝင်နိုင်ငံများက လက်ခံဆွေးနွေးရန်ဆန္ဒ လုံးဝမရှိဘဲ အချို့သောအဖွဲ့ဝင်များက လိုက်ပါဆွေးနွေးရန် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Joint Statement on E-Commerce ဆိုင်ရာ အစည်းအဝေးများ၌ အဓိကဆွေးနွေးလျက်ရှိသောအကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Customs Duties on Electronic Transmissions နှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ အမြင်နှင့်အကြံပြုချက်များ၊

(ခ) Openness and Digital Trade နှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ၏ အင်တာနက်နှင့် Access to Data ဆိုင်ရာ အယူအဆများ။

(ဂ) Trust and Digital Trade နှင့်ပတ်သက်၍ ဉာဏမူပိုင်ခွင့်ဆိုင်ရာအကြောင်းအရာများ၊

(ဃ) Cross Cutting Issues Including Development နှင့်ပတ်သက်၍ Legal Structure နှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား Technical Assistance ပေးအပ်ရန်ကိစ္စရပ်များ၊

(င) Facilitating Electronic Transactions နှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများက Online Payment Solution အပါအဝင် ယင်းနှင့်ဆက်စပ်၍ Electronic Authentication၊ E-Signatures နှင့် E-Contracts ကဲ့သို့သောကိစ္စရပ်များ၊

သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်တာနက်အသုံးပြုသူများ တိုးပွားလာမှုကြောင့် E-Commerce သည် အလျင်အမြန် ဖွံ့ဖြိုးလာခဲ့ပါသည်။ ၂၀၀၀ ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း အင်တာနက်အသုံးပြုသူမှာ ကမ္ဘာ့လူဦးရေ၏ ၆ ဒသမ ၅ရာခိုင်နှုန်းမှ ၄၃ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း E-Commerce ဖြင့် အရောင်းအဝယ်ပြုလုပ် မှုပမာဏမှာ ၂၂ ထရီလီယံဒေါ်လာအထိ ရောက်ရှိလာခဲ့ပါသည်။ E-Commerce ၏ အထောက်အကူဖြင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက်ဖြင့် အလွယ်တကူ ချိတ်ဆက်နိုင်သည့်အပြင် စားသုံးသူများအတွက် ရွေးချယ်ခွင့်များ ပိုများလာကာ Global Value Chain တွင် ပိုမိုပါဝင်လာနိုင်သည့် အခွင့်အလမ်းများရရှိလာပါသည်။

E-Commerce သည် အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်းကြီးများနှင့် ချိတ်ဆက်ပေးသော အဓိက Platform တစ်ခုဖြစ်ပါသည်။ E-Commerce အနေဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ စွန့်ဦးတီထွင်သူများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ကမ္ဘာ့ကုန်သွယ်ရေးတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက် များစွာအထောက်အကူပေးလျက်ရှိပါသည်။ Digitalization ခေတ်တွင် ကြီးကြီးငယ်ငယ်လုပ်ငန်းအားလုံးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ချိတ်ဆက်လိုက်ပါနိုင်သော တန်းတူအခွင့်အရေးရရှိနိုင်သည့် အခွင့်အလမ်းရှိရာ E-Commerce သည် ကမ္ဘာ့ကုန်သွယ်မှုတွင် အရေးပါသော အစိတ်အပိုင်းဖြစ်လာပါသည်။

ယင်းအခြေအနေတွင် E-Commerce သည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေ အာရုံစိုက်အလေးထားရမည့် Issue ဖြစ်ပါသည်။ E-Commerce Wave တွင် ထိခိုက်နစ်နာမှု အနည်းဆုံးဖြင့် ယင်း၏အကျိုးအမြတ်များနှင့် အခွင့်အလမ်းများကို အပြည့်အဝရရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းအတွက် E-Commerce ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ UNCTAD စသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အစီအစဉ်များတွင် အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ညီညီအောင် (WTO သံမှူး)**
**ဂျီနီဗာမြို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၈ . ၁ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT. PRIMOSE | P'Oil(In Bulk) ၄၃၀၀ တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း (၁) | -PACAO | ကုန်သေတ္တာ ၇၉၃ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -ALS SUZURAN | ကုန်သေတ္တာ ၄၄၀ ချဆဲ |
| အလုံဆိပ်ကမ်း(၂) | -CTP FORTUNE | ကုန်သေတ္တာ ၅၅၈ ချဆဲ |
| ဆူးလေဆိပ်ကမ်း (၃) | - VTC SUN | ဆန် ၂၄၅၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - ORCUN-C | G/C ၂၀၀၆ ကုန်ချဆဲ |
| MMTM JETTY | - MT FLY SEAL | Diesel Oil ၁၁၄၁၄ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LORENTZOS | Coal (In Bulk) ၂၈၆၅၀ ကုန်ချရန် | WILMAR JETTY | ၁၇.၁.၂၀၁၉ |
| GANT GRACE | ဆန် ၂၀၀၀၀ ကုန်တင်ရန် | SINGAPORE | ၁၈.၁.၂၀၁၉ |
| HING JING HAI | Steel ၃၀၀၀၀ ကုန်ချရန် | CHINA | ၂၀.၁.၂၀၁၉ |
| HOA INH-54 | AMMONIUM NITRATE | THAILAND | ၂၀.၁.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၁.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၁.၂၀၁၉ |
| AS FLONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၉.၁.၂၀၁၉ |
| BLPL TRUST | SINGAPORE | အလုံဆိပ်ကမ်း | ၁၉.၁.၂၀၁၉ |
| ALS SUMIRE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၁.၂၀၁၉ |
| MAERSK WESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၀.၁.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁.၁.၂၀၁၉ |
| SOUL OF LUCK | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၃.၁.၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇.၁.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၁.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU DONG | Diesel | - | ၁၇.၁.၂၀၁၉ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၁၈.၁.၂၀၁၉ |
| MT.OCEAN PORPOISE | MOGAS (92)RON | SINGAPORE | ၁၈.၁.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၁၈.၁.၂၀၁၉ |
| MT.ATALANTA | Diesel | SINGAPORE | ၁၈.၁.၂၀၁၉ |
| MT.BABYLON | Diesel | SINGAPORE | ၁၈.၁.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၁၈.၁.၂၀၁၉ |
| MT.FANG CHENG GANG | BITUMEN | INDIA | ၁၈.၁.၂၀၁၉ |
| MT.MESON | P.OIL IN BULK | INDONESIA | ၁၉.၁.၂၀၁၉ |
| MT.AU VIRGO | P.OIL IN BULK | INDONESIA | ၁၉.၁.၂၀၁၉ |
| MT.OCEAN PORPOISE | Diesel | SINGAPORE | ၂၀.၁.၂၀၁၉ |
| MT.OCEAN MORAY | Diesel | SINGAPORE | ၂၀.၁.၂၀၁၉ |
| MT.PHUBAI PATTRA | Diesel | SINGAPORE | ၂၂.၁.၂၀၁၉ |
| MT.CHAO ANOMA | P.OIL IN BULK | INDONESIA | ၂၃.၁.၂၀၁၉ |
| MT.GLORY STAR | MOGAS(92 RON) | SINGAPORE | ၂၅.၁.၂၀၁၉ |

## ပြည်ဈေးကွက်တွင် ဆောင်းနှမ်းသစ်များကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ နတ်တလင်း၊ မိုးညို၊ မြန်အောင်နှင့် ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် ဆောင်းနှမ်းအိတ် ၄၀၀ မှ ၅၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ ဝင်ရောက်လာသော နှမ်းများမှာ ဆောင်းနှမ်းနက်များဖြစ်ပြီး နှမ်းနီမှာ ဈေးကွက်ဝင်ရောက်မှုမရှိသေးတာ တွေ့ရပါတယ်။ ဆီစက်သမားများက နှမ်းနီမရှိလို့ နှမ်းနက်ကိုဆီကြိတ်ရတာဖြစ်ပါတယ်။ ဆောင်းနှမ်းနက်ကို ဆီကြိတ်ရသဖြင့် ဆီအထွက်နည်းခြင်းကြောင့် နှမ်းဆီဈေးမြင့်တက်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၆၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာပြီး နှမ်းနက်မှာတစ်တင်းလျှင် ကျပ် ၅၆၀၀၀ဖြင့်ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၈၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် အဝင်များ၍ ဈေးပြန်လည်ကျဆင်း

မကွေး၊ တောင်တွင်း၊ရေနံချောင်း၊ ဆိပ်ဖြူ ပခုက္ကူ စတဲ့နယ်စုံမှ ကြက်သွန်နီများ ပြည်ကြက်သွန်နီဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ပိဿာ ၃၀ ဝင်အိတ် ၇၀၀-၈၀၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေသည့်အတွက် ယခင်တစ်ပတ်ဝင်ရောက်မှုထက် အိတ် ၅၀၀-၆၀၀ ခန့်ပိုမိုဝင်ရောက်မှုရှိကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က မုန်တိုင်းဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်ကာ အဝင်နည်းပြီး ပွဲရုံလက်ကားဈေးနှုန်းများ မြင့်တက်သွားခဲ့ပါတယ်။ ယခုတစ်ပတ်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သွားသည့်အတွက် ယခုကဲ့သို့နယ်စုံမှ ကြက်သွန်နီများ ပိုမိုများပြားစွာနေ့စဉ်ဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။ အဝင်များပြားပေမယ့် အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ထက်ဝက်ခန့်သာ ပုံမှန်ဝယ်လက်များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ဈေးနှုန်းများအနေနဲ့ ပြည်ပွဲရုံများသို့ ဝင်ရောက်မှုများပြားနေသည့်အတွက် ပွဲရုံလက်ကားဈေးနှုန်းများမှာလည်း ပြန်လည်ကျဆင်းသွားကာ တစ်ပိဿာလျှင် (ကြီး) ကျပ် ၉၀၀-၁၀၀၀၊ (လတ်) ကျပ် ၈၀၀-၉၀၀၊(သေး)ကျပ်၆၀၀-၇၀၀တို့ဖြစ်ပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၂၀၀-၁၃၀၀၊ (သေး) ကျပ် ၁၀၀၀-၁၁၀၀နှုန်းတို့ဖြင့် ရောင်းဝယ်မှုရှိကာ ယခင်တစ်ပတ်လက်ကားဈေး တစ်ပိဿာ(ကြီး)ကျပ် ၁၂၀၀-၁၃၀၀၊ (လတ်) ကျပ် ၁၀၀၀-၁၁၀၀၊ (သေး) ကျပ် ၉၀၀-၁၀၀၀ တို့ရှိသည့်အတွက် ယခုတစ်ပတ်ပွဲရုံလက်ကားဈေးနှုန်းမှာ ယခင်တစ်ပတ် လက်ကားဈေးနှုန်းအောက် တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၃၀၀ ခန့်ကျဆင်းသွားပြီး လက်လီဈေးအသေးများတွင် လက်လီဈေးနှုန်းများ အပြောင်းအလဲမရှိဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ကြက်သွန်နီလှိုင်လှိုင်အရောင်းအဝယ်ဖြစ်နေသည့် ဆိပ်ဖြူနှင့်ပခုက္ကူ

ယခုတစ်ပတ်ပခုက္ကူနှင့် ဆိပ်ဖြူ ကုန်ဝယ်ဒိုင်များသို့ ကြက်သွန်နီများလှိုင်လှိုင်ဝင်ရောက်လျက်ရှိရာ ပခုက္ကူကျွန်း၊ ပေါက်၊ ရေပြာ၊ ကမ္မ ၊ ယောဒေသနှင့် အခြားနယ်မှ ကြက်သွန်နီများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုန်ဝယ်ဒိုင်တွင် နေ့စဉ်ကြက်သွန်နီ ကုန်ချိန်တစ်သိန်းကျော်အရောင်းအဝယ်ဖြစ်ပြီး ကြက်သွန်နီကုန်ဝယ်ဒိုင်၏နေ့စဉ်လက်ကားဈေးနှုန်းများမှာထိပ်စတစ်ပိဿာလျှင် ကျပ် ၇၀၀-၇၅၀-၇၇၅-၈၂၅-၈၅၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၅၀၀-၆၀၀ ၊ အနိမ့်စမှာ အရည်အသွေးကိုလိုက်၍ တစ်ပိဿာလျှင် ကျပ် ၁၀၀-၂၀၀-၃၀၀-၄၀၀ ဖြင့် ကုန်ချိန် ၁၀၀၀၀၀ မှ ၁၆၀၀၀၀ ကြား၊ လက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၅၀၀ ၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၁၀၀-၁၂၀၀ ၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀-၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၅၅၀-၆၃၅-၆၅၀ ၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၄၂၅-၄၇၅-၅၀၀-၅၂၅၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၃၀၀ ဖြင့် နေ့စဉ်ကုန်ချိန် ၆၀၀၀၀ မှ ၇၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ထွက်ရှိသောကြက်သွန်နီများကို ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရသိရသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

# ရေနံချောင်းမြို့နယ်တွင် ပင်းချောင်းမြေနု၌ ကြက်သွန်စိုက်ပျိုးသူများလာ

ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများတွင်ဥပုံကြက်သွန်ကိုလည်းကောင်း၊ ပင်းချောင်းမြေနုတွင် ကြက်သွန်ပျိုးစေ့ကိုလည်းကောင်း ပျိုးထောင်ပြီး စိုက်ကြကာ ယခုနှစ် စိုက်သူများလာကြောင်းသိရသည်။



“ပင်းချောင်းရိုးတစ်လျှောက်မှာစိုက်တဲ့ ကြက်သွန်နီတွေကို ယခုနှစ်ပျိုးစေ့တစ်ပြည်လျှင် ကျပ် ၅၀၀၀၀ ကနေ ကျပ် ၇၀၀၀၀အတွင်း ဝယ်ယူစိုက်ပျိုးကြပါတယ်။ ယခင်နှစ်ကာလတူမှာ ကြက်သွန်ပျိုးဈေးတစ်ပြည်လျှင် ကျပ်တစ်သိန်းဝယ်ရပါတယ်။ ဈေးကျတော့ တောင်သူတွေပိုစိုက်လာတယ်။ ပင်းချောင်းကြက်သွန်မှာနှစ်ပေါက်အထားခံပြီး ပြည်တွင်းပြည်ပဝယ်လိုအားရှိပါတယ်။ စားသုံးသူအနေနှင့် ကြိုက်တယ်။ ဒါကြောင့် စိုက်ကြတာ”ဟုဒေသခံတစ်ဦးက ပြောသည်။

ယခင်နှစ်ကြက်သွန်အဟောင်းတစ်ပိဿာကျပ်၁၀၀၀ ဈေးရှိကြောင်း၊ လက်ကျန်အနည်းငယ်သာရှိတော့ကြောင်း၊ လတ်တလောဖော်သည့် ဥစိုက်ကြက်သွန်ကိုသာတစ်ပိဿာ ကျပ်၅၀၀နှင့်ရောင်းဝယ်နေကြရကြောင်း ရေနံချောင်းမြို့ ကြက်သွန်ဈေးကွက်မှသိရသည်။

“တောင်သူကတော့ နှစ်စဉ်စိုက်နေတာလေ။ ဒီတော့ ဈေးကောင်းတာ မကောင်းတာမကြည့်တော့ဘူး။ ဒါပေမဲ့ ဈေးကွက်အနေအထားတော့ ကြည့်တာပေါ့။ ယခင်နှစ်က ကျွန်တော် ပျိုးစေ့သုံးပြည်ကို ပျိုးထောင်စိုက်တယ်။ ပိဿာ ၁၈၀၀ကျော်ထွက်တယ်။ တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ကျပ် ၁၀၀၀ အထိ ရောင်းခဲ့ရတယ်။ ဘာပဲပြောပြော ယခင်နှစ်ကတွက်ခြေကိုက်ခဲ့တယ်”ဟု ရေနံချောင်းမြို့နယ်ကြက်သွန်စိုက် တောင်သူတစ်ဦးကပြောသည်။

ရေနံချောင်းမြို့နယ်တွင်အပင်စိုက်ကြက်သွန်များစိုက်ပျိုးနေကြပြီး ဥစိုက်ကြက်သွန်များလည်းအပြိုင်နုတ်သိမ်းနေကြကာ ဒေသခံများအလုပ် အကိုင်အခွင့်အလမ်းရနေကြပြီး တောင်သူများဝင်ငွေရနေကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုပိုခဲ့

ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀ နဲ့ ရီမင်နိုင်ငံသို့ ၂၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၄၇ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် မန်ကျည်း ၂၈ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

# ရှမ်းနနွင်းအသစ်များဈေးကွက်သို့ စတင်ဝင်ရောက်

**အောင်ပန်းဈေးကွက်မှာတော့**ရှမ်းနနွင်းအသစ်တွေက ဈေးကွက်ကို စပြီးဝင်လာပါပြီ။ ကလောမြို့နယ် ဆင်တောင်ဒေသကထွက်တဲ့ ဆင်တောင်နနွင်းတွေဖြစ်ပါတယ်။ ဆင်တောင်နနွင်းက တခြားနနွင်းတွေထက် အထွက်စောပြီး အရည်အသွေးကလည်း ကောင်းပါတယ်။ နနွင်းကလည်း ချင်းလို များများစားစား ရောင်းနေရတာမဟုတ်ပေမယ့် ပုံမှန်ရောင်းဖြစ်နေတော့ လက်ကျန်လည်းသိပ်ပြီးမကျန်တော့ပါဘူး။

အောင်ပန်းနနွင်းတွေကိုတော့ ပြည်ပဝယ်လက်တွေထက် ပြည်တွင်းသုံးဝယ်လက်တွေက ပိုပြီးဝယ်ယူကြပါတယ်။ ပြည်ပဝယ်လက်တွေက ဆင်တောင်နနွင်းလို အရည်အသွေးကောင်းတဲ့နနွင်းတွေကို ပိုပြီး ကြိုက်နှစ်သက်ကြပြီး ဆင်တောင်နနွင်းကလည်း အထွက်နှုန်းနည်းတာကြောင့် ဈေးကွက်မှာကြာကြာမရှိလို့ ဆင်တောင်နနွင်းကုန်သွားရင် ပြည်ပဝယ်လက်တွေကလည်း သိပ်ပြီးမဝယ်ကြတော့ဘူးလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံးကျပ် ၈၀၀ မှ အမြင့်ဆုံးကျပ် ၂၂၀၀ ဈေး ရှိပါတယ်။ ဆင်တောင်နနွင်းအသစ်ကတော့ တစ်ပိဿာကို ကျပ် ၂၀၀၀ ဈေးနဲ့ ဈေးကွက်ကို စပြီးဝင်လာတယ်လို့ သိရပါတယ်၊

ဟိုပုံးဈေးကွက်မှာတော့ ဒီတစ်ပတ် ပြည်ပဝယ်လက်က နားသွားလို့ အရောင်းအဝယ်က ခပ်အေးအေးသာဖြစ်နေတယ်လို့သိရပါတယ်။ ဈေးနှုန်းကတော့ အကြမ်းစက ကျပ် ၉၅၀ နဲ့ အချောစက ကျပ် ၁၇၀၀ ဈေးရှိတယ်လို့ဟိုပုံးဈေးကွက်ကသိရပါတယ်။

**(ဧဒိုင်)တောင်ကြီး**

# ဒီတစ်ပတ် နနွင်းတန်ချိန် ၈၀ကျော်တင်ပို့

ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း နနွင်း ၈၀ ဒသမ ၉၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ ၁၅ ဒသမ ၅တန်၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၅၀ နဲ့ ရီမင်နိုင်ငံသို့ ၁၅ ဒသမ ၄တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၉၀ ဒသမ ၈ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉ ဒသမ ၉တန် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ၈၇၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၀၄၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# စစ်တွေမှ ချင်းပိုမိုတင်ပို့

ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၃၁၆၁၅ တန်ဖိုးရှိ ချင်းစို ၁၈၆ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှ ၁၆၁ တန်ကျော်နဲ့ မောင်တောမှ ၂၅တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ ၆၃ တန်တင်ပို့ခဲ့ပြီး မောင်တောမှ ချင်းတင်ပို့မှုမရှိခဲ့ပါဘူး။

ချင်းစိုက နယ်စပ်လမ်းကြောင်းမှသာ တင်ပို့လျက်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်နဲ့နှိုင်းယှဉ်လျှင် ပိုမိုတင်ပို့နေရကြောင်း၊ ချင်းခြောက်ကို ပင်လယ်ရေကြောင်းနဲ့နယ်စပ်လမ်းကြောင်းနှစ်ခုဖြင့် တင်ပို့ကြောင်းသိရပါတယ်။

**မော်မော်အောင်**



# ချင်းတန်ချိန် ၁၀၀၀ကျော်တင်ပို့

ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၆၅ ဒသမ ၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ ဒသမ ၅တန်၊ စင်ကာပူနိုင်ငံသို့ ၅၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၉၈၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၆၉၇ တန်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၇၁၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု အခြေအနေများ

ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၇၆၀၅ ဒသမ ၅၀ တန်ဖိုးရှိ ငရုတ်သီးခြောက် ၃၇၉၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပြီး၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၃၈၇၅ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၃၁၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၃၃၆၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၂၈၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ တန်ဖိုး ၈၄၈၄၀ ဒသမ ၅ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်း စာရင်းများအရ သိရှိရပါတယ်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၂၇၉၀ အိတ် တန်ချိန်အားဖြင့် ၁၄၀ ဒသမ ၀၉ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ဆန်တင်သွင်းမှုမှာ ၂၆၀၀ အိတ်၊ ရွှေဘိုမြို့မှ ၄၉၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၃၀၉၀ အိတ် တန်ချိန်အားဖြင့် ၁၅၅ ဒသမ ၁၅ တန်တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။ ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၂၈၁၁၇ အိတ် တန်ချိန်အားဖြင့် ၁၃၇၇ ဒသမ ၁၆ တန် တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။

လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးပေါက် ကြောင်း၊ စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါး တင်း ၁၀၀ လျှင် ကျပ် ၈၄၃၀၀၀ ဈေးပေါက် ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၈၅၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**



## မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် ငရုတ်ကိုစီးပွားဖြစ် စိုက်ပျိုးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် ငရုတ်ကိုစီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ မြေတစ်ဧကလျှင် ငရုတ်မျိုးစေ့ ကိုးထုတ် စိုက်ပျိုးရပြီး ငရုတ်အမျိုးအစား များစွာရှိသော်လည်း တောင်သူအများစု စိုက်ပျိုးသော မျိုးစေ့များမှာ 111၊ 777၊ 999၊ 44၊ 99၊ 11 နှင့် ဒီမွန်မျိုးများကိုသာ အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း မျိုးစေ့ တစ်ထုပ်လျှင် မျိုးစေ့ 11၊ 44 နှင့် 99 သည် ၄၀၀၀ ကျပ်နှုန်း ပေးဝယ်ရကြောင်း၊ ကျန်မျိုးစေ့များသည် မျိုးသာကွာပြီး ဈေးနှုန်းက အတူတူပင်ဖြစ်ကြောင်း၊ မြေတစ်ဧက စိုက်ပျိုးလျှင် ထွန်ယက်ခ တစ်မနက် ၅၀၀၀ ကျပ်ဖြင့် ၁၀ မနက် ၅၀၀၀၀ ကျပ် ကုန်ကျခဲ့ကြောင်း၊ ငရုတ်မျိုးစေ့ကို ပျိုးထုပ်ထဲထည့်ပြီး တစ်လသားရလျှင် မြေကြီးထဲချစိုက်ပျိုးပြီး တစ်ဧက စိုက်ပျိုးကုန်ကျစရိတ် အပြီးအစီး လေးသိန်းဝန်းကျင်ကုန်ကျကြောင်း၊ ငရုတ်ကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စတင်စိုက်ပျိုးပြီး ပိုးသတ်ဆေး၊ စုပ်စားပိုးနိုင်တဲ့ဆေး၊ ဂန်မင်းဆေး၊ ဩဘာ၊ ဒီမွန် စတဲ့ပိုးသတ်ဆေးများကို စတင် စိုက်ပျိုးပြီးချိန်မှ ၁၅ ရက်တစ်ခါ ဖျန်းပေးရပါကြောင်း၊ ဆေးဖျန်းပြီး နှစ်ပတ်ကြာလျှင် အသီးဆွတ်ခူးရကြောင်း၊ ငရုတ်ကို ရေမဝင်သော နေရာများတွင် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဆောင်းရာသီမှာ စိုက်ပျိုးလျှင် ပိုမိုဖြစ်ထွန်းကြောင်း၊ စိုက်ပျိုးလျှင် အကောင်းဆုံးမျိုးမှာ 11 မျိုးပင်ဖြစ်ကြောင်း၊ ငရုတ်တစ်ဧကကို အစို ၈၀၀၀ ကျော် ထွက်ရှိကြောင်း၊ အစိုတစ်ပိသာလျှင် ၈၀၀ ကျပ်မှ ၉၀၀ ကျပ်ရောင်းရပြီး၊ အခြောက် တစ်ပိသာလျှင် ၃၀၀၀ ကျပ်ရောင်းရကြောင်း၊ အစို ၄ ပိဿာလှန်းရင် တစ်ပိဿာ တင်ကြောင်း၊ ငရုတ်စိုက်ခင်းတစ်ဧက လူငှားဖြင့် ဆွတ်ခူးရကြောင်း၊ ပိုးဖျက်လျှင် အရှုံးပေါ်ပြီး အောင်မြင်ဖြစ်ထွန်းလျှင် တစ်ဧကကို ကျပ် ၂၅ သိန်းမှ သိန်း ၃၀ ကျော် အမြတ်ရရှိခဲ့ကြောင်း ငရုတ်စိုက်ပျိုးသူ ကျောင်းစုကျေးရွာ တောင်သူ ဦးမြတ်ထွန်းထံမှ သိရှိရပါတယ်။

**သင်းသင်းအေး**

## ဝဥ၊ သီဟိုဠ်စေ့နှင့် ချင်း(ဂျင်း)တို့ကို မြန်မာစံချိန်စံညွှန်း ရေးဆွဲနိုင်ရေး လုပ်ငန်းအဖွဲ့ (Working Group) ညှိနှိုင်းအစည်းအဝေး ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်နေသည့် စိုက်ပျိုးရေးအခြေခံ ထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီသည် သီးနှံ ၂၁ မျိုးကို မြန်မာစံချိန်စံညွှန်းရေးဆွဲရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအနက်မှ ဝဥ၊ သီဟိုဠ်စေ့နှင့် ချင်း(ဂျင်း)တို့ကို မြန်မာစံချိန်စံညွှန်း ရေးဆွဲနိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ရှိ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြင့်ဝေနှင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ ညှိနှိုင်းအစည်းအဝေး၌ စိုက်ပျိုးရေးအခြေခံထုတ်ကုန်များဖြစ်သော ဝဥ၊ သီဟိုဠ်စေ့နှင့် ချင်း(ဂျင်း) တို့ကို မြန်မာစံချိန်စံညွှန်းရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ဌာနအသီးသီးမှ ကော်မတီဝင်များနှင့်ပူးပေါင်း၍ နည်းပညာဆပ်ကော်မတီသို့ တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။

ယခုအခါ နည်းပညာဆပ်ကော်မတီက ရေးဆွဲခဲ့သည့် မြန်မာ့ဆန်နှင့် ပဲစေ့အမျိုးအစား(အချို့)စံချိန်စံညွှန်းများကို အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မြေပဲ၊ ဖရဲသီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ ငှက်ပျောသီး၊ ကော်ဖီစေ့၊ သခွားမွှေး၊ ဒူးရင်းသီး၊ မင်းဂွတ်သီးတို့၏ မြန်မာစံချိန်စံညွှန်းမူကြမ်းများကို နည်းပညာဆပ်ကော်မတီက ရေးဆွဲအတည်ပြုပြီးဖြစ်၍ စံချိန်စံညွှန်းလုပ်ငန်းကော်မတီမှ အများပြည်သူ သဘောထားမှတ်ချက် တောင်းခံထားပြီးဖြစ်ပါသည်။ နည်းပညာဆပ်ကော်မတီက နှမ်း၊ သရက်သီး၊ နနွင်းတက်၊ ကြက်သွန်နီနှင့် အစေ့ထုတ်ပြောင်းတို့၏ မြန်မာစံချိန်စံညွှန်းများကို ရေးဆွဲအတည်ပြုခဲ့ပြီး သက်ဆိုင်ရာ အသင်းအဖွဲ့၊ ဌာနများသို့ သဘောထားမှတ်ချက် တောင်းခံထားပြီးဖြစ်ပါသည်။ ဆက်လက်၍ ဝဥ၊ သီဟိုဠ်စေ့၊ ချင်း(ဂျင်း)၊ မန်ကျည်းသီး၊ ပဲပုပ်စေ့၊ နေကြာနှင့် ဓနိဖူးတို့၏ မြန်မာစံချိန်စံညွှန်း (မူကြမ်း)များကို လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ထပ်မံရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သော စိုက်ပျိုးရေးအခြေခံထုတ်ကုန်များသည် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်တင်ပို့ရောင်းချမှသာ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး ဈေးကောင်းရရှိနိုင်မည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးမှ ဝဥ၊ သီဟိုဠ်စေ့နှင့် ချင်း(ဂျင်း) တို့၏ မြန်မာစံချိန်စံညွှန်း (မူကြမ်း) များကို ရေးဆွဲခဲ့ပြီး နည်းပညာဆပ်ကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**အိအိချော (CTQM)**

## ရှမ်းပြည်နယ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကြီးမှူး၍ စီးပွားရေးခေတ်ရေစီးကြောင်းစကားဝိုင်း ဆွေးနွေးပွဲပြုလုပ်

ရှမ်းပြည်နယ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှကြီးမှူး၍ စီးပွားရေး ခေတ်ရေစီးကြောင်း စကားဝိုင်းဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ Hotel Htein Thar ၌ ဇန်နဝါရီ ၆ ရက်က ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

စကားဝိုင်းဆွေးနွေးပွဲမှာ ဟောပြောခဲ့ကြတဲ့ ဆရာတွေက ဦးမင်းခေါင်၊ ဦးအောင်စည်လင်း၊ Dr.ယဉ်လှိုင်မြင့်နှင့် ဦးညီလတ်တို့ ဖြစ်ပါတယ်။

စကားဝိုင်းဆွေးနွေးပွဲတွင် Marketing ဆိုတာဘာလဲ၊ Basic Marketing Plan တစ်ခုကို ဘယ်လိုဆွဲမလဲ၊ Customer lifetime value ဆိုတာဘာလဲ၊ Cross-sell နဲ့ Up sell ကို ဘယ်လိုလုပ်မလဲ၊ Marketing ဈေးကွက်သုတေသနအကြောင်း၊ Customer Profiling ဖောက်သည်ပုံပန်းသဏ္ဌာန် တည်ဆောက်ခြင်း၊ STP of Marketing ရဲ့ သည်းခြေ STP ကို သေချာမသုံးတတ်ပါက Marketing လို့ မပြောနိုင်သော အကြောင်းတရားများ၊ Application of Marketing Mixes In Your Business (7Pကိုလက်တွေ့ဘယ်လိုအသုံးပြုမလဲ)၊ One Page Marketing plan စတဲ့အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှ သိရှိလို၍ မေးမြန်းဆွေးနွေးမှုများကိုလည်း အသီးသီး ပြန်လည်ဖြေကြားပေးခဲ့တယ်လို့ သိရပါတယ်။

အဆိုပါစီးပွားရေး ခေတ်ရေစီးကြောင်း စကားဝိုင်းဆွေးနွေးပွဲသို့ Marketing ကိုလေ့လာလိုသော Marketing Manager များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး စတင်လုပ်ဆောင်မည့်သူများ Marketing နယ်ပယ်တွင်တာဝန်ထမ်းဆောင်နေသူများ၊ Marketing ကို စတင်လေ့လာသူများ တက်ရောက်ခဲ့ကြရာ အင်အား ၁၅၀ ခန့်ရှိတယ်လို့ သိရပါတယ်။

**စောမောင်(တောင်ကြီး)**

## ဒီတစ်ပတ် ဒီဇယ်ရေခာတ်ဆီပါ အဝင်ပို

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၉၇၇၀၆၅၆ တန်ဖိုးရှိ ဓာတ်ဆီ ၄၇၆၉၂ ဒသမ ၆၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၄၈၈၁၉၀၅ တန်ဖိုးရှိ ဒီဇယ် ၉၃၃၈၁ ဒသမ ၈၅ တန်၊ စုစုပေါင်း ၁၄၁၀၇၄ ဒသမ ၄၈တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၀၂၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၂၇၄၀၀ကျော် အဝင်ပိုသလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၂၅၆၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၀၈၂၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရေ ဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၆၅၃၅၉၈ တန်ဖိုးရှိ ဒီဇယ် ၁၁၂၈ ဒသမ ၉၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၃၁၅၆၂ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၂၇ ဒသမ ၆၉ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

## မူဆယ်သို့ ပရဆေးကုန်ကြမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက် အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၇ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၃ မျိုးကို တန်ချိန်အားဖြင့် ၄၅၃ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၄၆ တန်နဲ့နှိုင်းယှဉ်ပါက ၃၉၃ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ နနွင်းခေါက်၊ မှိုခြောက်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ကွမ်းသီးခွံ၊ ငရုတ်သီး၊ နာနတ်လျှော်၊ တောချင်း၊ ရေနံ့စား ပြောင်းတို့ဖြစ်ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ လည်း အမေရိကန်ဒေါ်လာ ၅၃၆၇တန်ဖိုးရှိ ကွမ်းသီးခွံ ၂၈ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ အလားတူ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၈၀၀ တန်ဖိုးရှိ ကွမ်းသီး ၁၁ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅၈ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၃၅၈၇ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့နှမ်းအမျိုးအစားတွေကတော့ နှမ်းနက်တန် ၂၇၄၀၊ နှမ်းဖြူ ၇၉၇ တန်နဲ့ နှမ်းညို (အခွံချွတ်) တန် ၅၀ ဖြစ်ပါတယ်။

ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းတန်ချိန် ၃၅၇၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ် ၁၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၆ သန်းတန်ဖိုးရှိ နှမ်းနက် ၆၃၁ တန်ခွဲနဲ့ နှမ်းညို တန် ၂၀ စုစုပေါင်းတန်ချိန် ၆၅၁ တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၁၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၆၄ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အတွင်း နှမ်းဖြူတစ်တန် ဈေး ၂၀၆၁၅၃၈ ကျပ်၊ နှမ်းနက်တစ်တန်ဈေး ၂၁၇၁၄၂၉ ကျပ်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## Energy NYMEX 18-1-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.72 | 0.65 | 1.25 |
| Brent Crude Futr (USD/bbl) | 61.87 | 0.69 | 1.13 |
| Gasoline Rbob Fut (Cent/gal) | 143.91 | 0.91 | 0.64 |
| Natural Gas Futr (USD/MMBtu) | 3.34 | -0.07 | -2.02 |
| Heating Oil Futr (Cent/gal) | 189.70 | 1.27 | 0.67 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14-January | 15.57 | 2466.06 | 1806.84 | 5887.77 | 800.00 |
| 15-January | 15.66 | 2488.09 | 1797.58 | 5929.20 | 805.00 |
| 16-January | 15.58 | 2483.69 | 1819.62 | 5925.89 | 800.00 |
| 17-January | 15.55 | 2491.40 | 1804.19 | 5930.08 | 802.00 |
| 18-January | 15.54 | 2551.35 | 1816.54 | 5970.64 | 812.00 |

## အတက်ကြမ်းခဲ့တဲ့ ပြည်တွင်းငွေလဲနှုန်း

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းအတက်အကျများခဲ့ပြီး ရက်သတ္တပတ်ကုန်ဆုံးချိန်တွင် ဈေးမြင့်တက်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇန်နဝါရီ ပထမပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၁ကျပ် သတ်မှတ်ခဲ့ရာမှ ဇန်နဝါရီဒုတိယပတ်တွင် ၁၅၃၈ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်တွင် ဗဟိုဘဏ်မှ ပြည်တွင်းဘဏ်များအပေါ် အတိုးနှုန်းသတ်မှတ်ခြင်းနှင့် အပေါင်လွတ်ငွေချေးနိုင်ခြင်း၊ အိမ်ရာချေးငွေ ထုတ်ချေးနိုင်ခြင်းကဲ့သို့ လုပ်ပိုင်ခွင့်များကဲ့သို့ ချထားပေးခဲ့ရာ မြန်မာကျပ်ငွေတန်ဖိုးကို သက်ရောက်မှုရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း မြန်မာကျပ်ငွေပြန်မာလာပြီး အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းနေခဲ့ရာမှ ပြည်တွင်းငွေလဲဈေးကွက်တည်ငြိမ်စေရေးအတွက် ဗဟိုဘဏ်မှ ဈေးကွက်အတွင်းရှိ အမေရိကန်ဒေါ်လာအမြောက်အများကို ဝယ်ယူပေးခဲ့ရာ ငွေကြေးဈေးနှုန်းအမြင့်တန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်း ဈေးကွက်တွင် ဇန်နဝါရီ ၁၄ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၉ကျပ်၊ ဝယ်ဈေး ၁၅၁၃ကျပ်မှ ဇန်နဝါရီ၁၆ရက်တွင် ရောင်းဈေး ၁၅၃၇ကျပ်၊ဝယ်ဈေး ၁၅၃၁ ကျပ်သို့ မြင့်တက်ခဲ့ရာမှ ဇန်နဝါရီ ၁၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၃၅ကျပ်၊ဝယ်ဈေး ၁၅၂၇ ကျပ်ဖြင့် ဈေးမြင့်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ကျပ်ဆယ်သိန်းငါးသောင်းကျော်သို့ရောက်ရှိ

ပြည်တွင်းရွှေဈေးနှုန်းသည် ဇန်နဝါရီဒုတိယပတ်အတွင်း ကျပ်ဆယ်သိန်းငါးသောင်းကျော်သို့ မြင့်တက်လာခဲ့ ကြောင်းသတင်းရရှိသည်။ ဇန်နဝါရီ ပထမပတ်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၅၀၀၀ရှိခဲ့ရာမှ ဇန်နဝါရီလဒုတိယပတ်တွင် ကျပ် ၁၀၅၄၀၀၀သို့ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။"ပြည်တွင်းရွှေဈေးကပြန်တက်တယ်။ အရင်တစ်ပတ်ကပြောသလိုပဲ ဈေးပြန်တက်သွားတာ။ ပြည်တွင်းစီးပွားရေးဈေးကွက်ပြုပြင်ပြောင်းလဲမှုတွေ၊ ဘဏ်တိုးနှုန်းပြောင်းလဲမှုတွေ၊ ချေးငွေရရှိလာနိုင်မှုတွေအပေါ်ကြည့်ပြီး ဈေးအတက်ကိုရောက်သွားတယ်လို့မြင်တယ်။ ကမ္ဘာ့ရွှေက ဈေးငြိမ်၊ဈေးမြင့်တယ်။ နိုင်ငံတကာကုန်သွယ်ရေးလောကအခြေအနေ၊ စက်သုံးဆီဈေး၊ ဒေါ်လာအညွှန်းကိန်းအခြေအနေတွေက ကမ္ဘာ့ရွှေဈေးကိုအတက်အကျဖြစ်စေခဲ့တာပေါ့"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၁၄ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၇၅၀၀ရှိခဲ့ရာမှ ဇန်နဝါရီ ၁၆ရက်တွင် အခေါက်ရွှေတစ် ကျပ်သားလျှင် ကျပ် ၁၀၅၅၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် ကျပ် ၁၀၅၄၀၀၀ ဖြင့်ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇန်နဝါရီ ၁၄ရက်က ရွှေတစ်အောင်စ လျှင် ၁၂၉၄အမေရိကန်ဒေါ်လာရှိခဲ့ရာ မှ ဇန်နဝါရီ ၁၇ရက်တွင် တစ်အောင်စလျှင် ၁၂၉၂အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သလို ဇန်နဝါရီ ၁၈ရက်တွင် တစ်အောင်စလျှင် ၁၂၈၉အမေရိကန် ဒေါ်လာဖြင့် ဈေးဖြစ်ပေါ်ခဲ့ပြီး ဈေးမြင့်နေဆဲဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## FMIကုမ္ပဏီ အမည်သစ်ပြောင်းရန် အထွေထွေအစည်းအဝေးတွင် အတည်ပြု

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် FMIကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကို ဇန်နဝါရီ ၁၂ရက်က ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ပြုလုပ်ခဲ့ရာ ကုမ္ပဏီအမည်ပြောင်းလဲရန်အပါအဝင် ဆုံးဖြတ်ချက်သုံးခုကို ချမှတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

FMIကုမ္ပဏီအထွေထွေအစည်းအဝေးတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်အရ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကိုအတည်ပြုရန်၊ ကုမ္ပဏီ၏အမည်ကို "First Myanmar Investment ကုမ္ပဏီမှ "First Myanmar Investment Public Company Limited" အဖြစ် အမည်ပြောင်းလဲရန်နှင့် လိုအပ်ပါက အစုရှယ်ယာအသစ်များ ထုတ်ဝေနိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့ကိုလုပ်ပိုင်ခွင့်ပေးအပ်ရန် အဆိုပြုခဲ့ပြီး အဆိုပြုဆုံးဖြတ်ချက်များကို တက်ရောက်လာသော ရှယ်ယာရှင်များက မဲခွဲဆုံးဖြတ်၍ အတည်ပြုပေးခဲ့ သည်။

FMIကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းသို့ ၂၀၁၆ခုနှစ် မတ် ၂၅ ရက်တွင် စာရင်းဝင်ရောက်ခဲ့ပြီး ယခုရက်သတ္တပတ် ကုန်ဆုံးချိန်တွင် အစုရှယ်ယာတစ်စုလျှင် ကျပ် ၉၆၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် FMI ကုမ္ပဏီ၏ အဓိကဆောင်ရွက်နေသောလုပ်ငန်းများမှာ ပြည်တွင်းငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

**January 18, 2019**
**Base Currency is**
**United States Dollar - USD**

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 83.90 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.78 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 71.15 |
| I DR | Indonesia Rupiahs | 14200.09 |
| JPY | Japan Yen | 109.36 |
| MYR | Malaysia | 4.12 |
| PKR | Pakistan Rupees | 138.77 |
| PHP | Philippines Pesos | 52.23 |
| RUB | Russia Rubles | 66.40 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1121.32 |
| LKR | Sri Lanka Rupe | 181.76 |
| THB | Thailand Baht | 31.72 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 23197.03 |

*Source:xe.com*

## World Gold Price

**January- 2019** (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 14 | 1299 | 1297 | 1294 |
| 15 | 1294 | 1292 | 1292 |
| 16 | 1296 | 1294 | 1294 |
| 17 | 1295 | 1294 | 1294 |
| 18 | 1294 | 1293 | 1294 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-1- 2019 | 1047.50 | 1047.50 |
| 15-1- 2019 | 1046.50 | 1046.00 |
| 16-1- 2019 | 1047.50 | 1047.50 |
| 17-1- 2019 | 1052.00 | 1052.50 |
| 18-1- 2019 | 1056.50 | 1056.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 6.76 | 31.88 | 83.83 | 70.92 |
| 15 | 6.76 | 31.88 | 83.82 | 70.95 |
| 16 | 6.76 | 31.69 | 83.56 | 70.99 |
| 17 | 6.77 | 31.70 | 83.82 | 71.38 |
| 18 | 6.78 | 31.72 | 83.90 | 71.15 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၆၀၀ ကျော်ဝင်

ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၅၅၁၃ တန်ဖိုးရှိ ဘိလပ်မြေ ၆၇၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၂၅ တန်နဲ့ တရုတ်နိုင်ငံမှ ၄၄၈ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၁၀ တန်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၅ ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၁၀၉၉၀တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၂၂၅၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၇၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်က သွက်တယ်လို့ သိရပါတယ်။ ပြည်တွင်းထုတ် ဘိလပ်မြေတွေလည်းရှိတယ်။ ပြည်ပကလည်းသွင်းတယ်။ ဘိလပ်မြေအဝင်လည်းကောင်းနေတာကြောင့် ဒီနှစ်တွေမှာ ဈေးအပြောင်းအလဲအရမ်းမဖြစ်ဘူးလို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင် (အနီ) ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်က ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဈေးအပြောင်းအလဲမရှိဘဲ ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ရာသီဥတုသာယာလာတာကြောင့် အရောင်းအဝယ်က ကောင်းလာတယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း ကြံ့နှစ်ကောင် ဘိလပ်မြေက အဝယ်ပိုလိုက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်းကျပ်၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ကမ္ဘောဇ ဘိလပ်မြေက အသုံးပိုများတာကြောင့် အဝယ်ပိုလိုက်တယ်လို့ သိရပါတယ်။ ဈေးနှုန်းတွေက ငြိမ်နေတာကြာနေပြီ။ဒီတစ်ပတ်လည်း မပြောင်းသေးဘူးလို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇကျပ် ၃၉၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၁၀၀၀၀ ကျော်ဝင်

ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၃၃၄၀၈ တန်ဖိုးရှိမြေဩဇာ ၁၁၂၇၉ ဒသမ ၅၆၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဩစတြေးလျနိုင်ငံမှ သုညဒသမ ၂၃၈ တန်၊ ဘီလာရုစ်နိုင်ငံမှ ၁၀၁၇ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၃၈၇၃ ဒသမ ၇၅ တန်၊ ဂျာမနီနိုင်ငံမှ ၉၇၂ တန်၊ အီရန်နိုင်ငံမှ ၁၀၆၆ တန်၊ ဂျပန်နိုင်ငံမှ ၁၄ ဒသမ ၄၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၂၈၇ ဒသမ ၆၀ တန်၊ မလေးရှားနိုင်ငံမှ ၅၇၅ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၁၈ ဒသမ ၆၂ တန်၊ တိုင်ဝမ်နိုင်ငံမှ ၂ ဒသမ ၄၀ တန်၊ ထိုင်းနိုင်ငံမှ ၂၄၂ ဒသမ ၀၆ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဆိုင်ကလုန်း၊ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ဖလော်ရာ၊ ယူရီးယား(၄၆%)၊ ကောမတ်(၁၅း၂၅း၂၅)၊ ကွန်ပေါင်း၊ အမိုးနီးယမ်းကလိုရိုဒ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ရွှေတောင်သူကွန်ပေါင်း (၁၆း၄း၂၄)တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၃၈၃၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၇၄၄၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာဈေးကွက်အရောင်းပုံမှန်

ဇန်နဝါရီလ ၅ ရက်မှ ၁၁ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၂၄၆၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၃၃၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၁၃၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့ မကွေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၁၀၀၀၊ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)ကျပ် ၃၂၀၀၀၊ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (မြန်မာ့ဩဘာ) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ပိုတက် (မြန်မာဩဘာ) ကျပ် ၃၅၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်)ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ပန်းဖူး-တရုတ်)က ကျပ် ၂၀၀၀ ဈေးကျပြီး မြားကမ္ဘာက ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၇၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၈၇၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး၊ရွှေတောင်-တရုတ်)ကျပ် ၂၀၀၊ သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၇၀၀၊ မြားကမ္ဘာကကျပ် ၁၂၀၀ ဈေးကျပြီး ကျန်မြေဩဇာများက ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ်၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၈၈၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၈၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမကျပ်၁၈၈၀၀၊ တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# ဒီတစ်ပတ် နှံ့ဆီရော နှံ့မှုန့်ပါ အဝင်လျော့

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၇၅၁၅ တန်ဖိုးရှိ နှံ့ဆီ ၃၁၀ ဒသမ ၈၉၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၄၃ ဒသမ ၇၇၆ တန်နဲ့ မလေးရှားနိုင်ငံမှ ၂၆၇ ဒသမ ၁၁၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ တီးပေါ့၊ ပက်နဲ့ ဒွန်းနှံ့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၅၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၂၉၂၁၂၅ တန်ဖိုးရှိ နှံ့မှုန့် ၁၂၆ ဒသမ ၀၁ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများမှာ နယူးဇီလန်နိုင်ငံနဲ့ အာရပ်နိုင်ငံတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၁၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၆၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နှံ့ဆီရောနှံ့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁ မှ ၁၁/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၂ မှ ၄/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၁.၀၀ | ၅၃.၅၀ | (-) | ၁၂.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၉၁၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၈၁၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၁၈၀၀.၀၀ | ၁၂၀၀.၀၀ | (+) | ၆၀၀.၀၀ |
| | စုစုပေါင်း | ၁၀၉၉၁.၀၀ | ၂၂၅၃.၅၀ | (+) | ၈၇၃၇.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁ မှ ၁၁/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၂ မှ ၄/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၅၃၈.၁၃ | ၇၁၇၄.၁၀ | (+) | ၅၃၆၄.၀၃ |
| ၂။ | လွယ်ဂျယ် | ၁၆၃.၀၀ | ၁၇၃.၀၀ | (-) | ၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၀၆၂.၅၀ | ၂၂၅၉.၁၀ | (+) | ၁၈၀၃.၄၀ |
| ၄။ | ကန်ပိုက်တီ | ၄၁၇.၀၀ | ၆၃၆. ၀၀ | (-) | ၂၁၉.၀၀ |
| ၅။ | မြဝတီ | ၂၉၀၉.၇၅ | ၁၇၅၅.၉၉ | (+) | ၁၁၅၃.၇၆ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၁၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၈။ | ရိုဒ် | ၄၅၇၅.၀၀ | ၁၂၂၅.၇၄ | (+) | ၃၃၄၉.၂၆ |
| ၉။ | တမူး | - | ၄၀.၀၀ | (-) | ၄၀.၀၀ |
| | စုစုပေါင်း | ၂၄၆၆၅.၃၈ | ၁၃၃၆၃.၉၃ | (+) | ၁၁၃၀၁.၄၅ |

ခင်မိုးသူ

# မန္တလေးမြို့တွင် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းပြပွဲကျင်းပ




၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာ ပုံစူပါစင်တာ၌ International Gems & Jewellery Fair-2019ဖွင့်ပွဲအခမ်းအနားကိုရတနာပုံစူပါစင်တာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအား နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာလှမိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော်ဝန်ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ကြီး ဦးမျိုးသစ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ညွန့်သိန်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၊ မန္တလေးYatanar Mall ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးပြပွဲမုခ်ဦးရှေ့တွင် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ထို့နောက် ရတနာပုံစူပါစင်တာတတိယထပ် ITC Park ခန်းမတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာ စကားပြောကြားရာ၌ နိုင်ငံတကာတွင်လည်းယခုကဲ့သို့ ကျောက်မျက်ရတနာပြပွဲများဖြင့် မိမိနိုင်ငံ၏ချမ်းသာကြွယ်ဝမှုအဆင့်အတန်းကိုဖိတ်ခေါ်ပြသကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရတနာမျိုးစုံထွက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၊မိုးကုတ်မြို့၌ အရည်အသွေးပြည့်မီသည့် ကျောက်မျက်ရတနာများထွက်ရှိကြောင်း၊ ယခုပြပွဲတွင် အရည်အသွေးမြင့် ကျောက်မျက်များအပြင် အရည်အသွေးနိမ့်ကျောက်မျက်များကိုလည်းပြသခြင်းဖြင့် ပြပွဲသို့လာရောက်သည့် လူတန်းစားအလွှာအသီးသီးက ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာဧည့်သည်များလာရောက်သည့် အပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာပြပွဲကို ကျင်းပပေးခြင်းဖြင့် ခရီးသွားကဏ္ဍကိုလည်း မြှင့်တင်ပေးရာရောက်ကြောင်း၊ သို့ဖြစ်၍ ပထမအကြိမ်မှသည် ရေရှည်တည်တံ့သောပြပွဲများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်အဖြစ် ရတနာပုံစူပါစင်တာ ဒုတိယထပ်၊ မန္တလေးYatarnar Mall ဝင်ပေါက်ရှိ ဖန်ဘောလုံးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများမှ စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်မှ ရတနာပြပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းတွင် လက်မှတ်ရေးထိုးပြီး ဝန်ကြီးချုပ်ဦးဆောင်သည့် ဧည့်သည်တော်များသည် ပြပွဲအတွင်းရှိ ကျောက်မျက်ရတနာအရောင်းပြခန်းများနှင့် ဒီဇိုင်းပြိုင်ပွဲဆုရသည့် လက်ဝတ်ရတနာများ ပြသထားသော Gems Museum တို့ကိုလှည့်လည်ကြည့်ရှုခဲ့သည်။

International Gems & Jewellery Fair- 2019 ပြပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မှ ၁၉ ရက်ထိ နေ့စဉ်နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သက်သက်နိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းစုံမှ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၈ ဒသမ ၉၉၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၄၅၄၁၁ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၄၂၃၉ တန်၊ လွယ်ဂျယ်မှ ၁၆၁၆ တန်၊ ချင်းရွှေဟော်မှ ၉၄၃၆တန်နဲ့ ကန်ပိုက်တီမှ တန် ၁၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ပြောင်းတန်ချိန် ၄၀၄၄၅တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ၄၉၆၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကပြောင်းတစ်တန်လျှင် ၃၀၅၁၀၇ ကျပ်ရှိရာမှ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အတွင်း ၃၀၃၂၉၇ ကျပ်သို့ ဈေး အနည်းငယ်ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၄၁၃ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၀၁ တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၁-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၅၀၀ | ၇၀၀၀ | ▽ | ၁၆၅၀ | ၁၈၀၀ | △ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၃၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၁-၂၀၁၉ US$/Ton

| အမျိုးအစား | ဇန်နဝါရီပထမပတ် | ဇန်နဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၀၂.၅၀ | ၅၂၄.၅၀ | △ |
| RBD P.Olein | ၅၁၂.၅၀ | ၅၂၅.၀၀ | △ |
| RBD P.Stearin | ၄၉၄.၅၀ | ၅၂၅.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈-၁-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၇.၅၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၆၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၀၆.၄၆၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 580 ဒေါ်လာနှင့် USD ဈေး ၁၅၃၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၈-၁-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 19, No.3 Monday January 21 2019

# မြန်မာ ကမ္ဘောဒီးယား ဆန် ဥရောပတင်ပို့မှု EU အခွန်ကောက်ဖို့ပြင်ဆင်

[ ခင်မြနွယ် MYANTRADE (TIR) ]

ဥရောပကို တင်ပို့နေတဲ့ မြန်မာနဲ့ ကမ္ဘောဒီးယား နှစ်နိုင်ငံရဲ့ ဆန်တင်သွင်းမှုအပေါ် စတင်ပြီး အခွန်ကောက်ဖို့ ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မရှင်က စျေးနှုန်းချိုသာတဲ့ အာရှဆန်စျေးကွက်ကြောင့် ဥရောပက စပါးစိုက်ပျိုးရေးစျေးကွက် ထိခိုက်လာတာကို ကာကွယ်ဖို့ဖြစ်တယ်လို့ ဥရောပကော်မရှင်က ဆိုပါတယ်။ ဥရောပမှာ တစ်ရှိန်ထိုးမြင့်တက်လာတဲ့ အာရှဆန်တင်ပို့မှုကိုထိန်းချုပ်နိုင်ဖို့ မြန်မာနဲ့ကမ္ဘောဒီးယားနိုင်ငံတွေက တင်ပို့နေတဲ့ ဆန်တင်သွင်းမှုအပေါ် သုံးနှစ်ကြာ အခွန်ကောက်ခံမယ့် အစီအစဉ်ကို ဒီသတင်းပတ်အတွင်း ဥရောပသမဂ္ဂဘက်က ချမှတ်ခဲ့ပါတယ်။ အာရှက ဆန်တင်ပို့မှုအခြေအနေကို စုံစမ်းကိုင်တွယ်ဖို့ အဖွဲ့ဝင် အီတလီနိုင်ငံက ပြီးခဲ့တဲ့နှစ်မတ်လမှာ အဆိုပြုခဲ့တာဖြစ်ပါတယ်။ မြန်မာနဲ့ ကမ္ဘောဒီးယားဟာ အရင်က EBA ခေါ် လက်နက်ကလွဲလို့ အားလုံးဆိုတဲ့ ဥရောပသမဂ္ဂကနေ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကိုပေးထားတဲ့ ကုန်သွယ်မှု အထူးအခွင့်အရေးကနေ အကျိုးအမြတ်တွေရခဲ့ကြပါတယ်။ ဒါပေမဲ့ နှစ်နိုင်ငံလုံးမှာ ပြင်းထန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေပြီး ဒီအပေါ်မှာ သက်ဆိုင်ရာ အစိုးရတွေက တာဝန်ခံမှု၊ တာဝန်ယူမှုမရှိတဲ့အတွက် ကမ္ဘောဒီးယားကို EBA အခွင့်အရေးပေးထားတာကို ဥရောပသမဂ္ဂက ပြန်ရုပ်သိမ်းလိုက်ပေမယ့် မြန်မာနိုင်ငံကိုတော့ ပြန်ရုပ်သိမ်းသင့်၊ မသင့်စဉ်းစားနေဆဲဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဥရောပသမဂ္ဂအနေနဲ့ ဆန်သွင်းကုန် အခွန်ကောက်ခံမယ့်ကိစ္စဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့မဆိုင်ဘဲ ဥရောပက လယ်သမားတွေရဲ့အကျိုး ကာကွယ်ဖို့အတွက်ပဲဖြစ်တယ်လို့ ဗြိတိန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေတဲ့ Burma Campaign UK ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Mark Farmaner က ပြောပါတယ်။ Everything But Arms ဆိုတဲ့ EBA ကုန်သွယ်မှု အထူးအခွင့်အရေးသဘောတူညီမှုအရ မြန်မာနိုင်ငံကနေ ဥရောပကိုတင်ပို့လာတဲ့ သွင်းကုန်မှန်သမျှ ဥရောပသမဂ္ဂက အခွန်မကောက်ပါဘူးဆိုတဲ့ အချက်တော့ရှိနေဆဲပါ။ ဒါပေမယ့် အခုလက်ရှိမှာ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ဥရောပစျေးကွက်နဲ့ ပတ်သက်ထိခိုက်မှု ရှိ၊ မရှိဆိုတာကို ဥရောပသမဂ္ဂက ပြန်ပြီးသုံးသပ်စဉ်းစားနေပါတယ်။ အခုဆန်သွင်းကုန် အခွန်ကောက်ခံတာကတော့ ဒါနဲ့မဆိုင်ပါဘူး။ သက်သက်ဖြစ်ပါတယ်။ ဥရောပကို ဆန်တင်ပို့မှု သိသိသာသာ များလာနေတဲ့အတွက် စပါးစိုက်တဲ့ ဥရောပတောင်ပိုင်းနိုင်ငံတွေက လယ်သမားတွေဟာ အာရှကလာတဲ့စျေးနှုန်းချိုသာတဲ့ ဆန်ကို ယှဉ်ပြီးမရောင်းနိုင်ဘဲ ဖြစ်နေပါတယ်။ သူတို့အကျိုးကို ကာကွယ်ဖို့အတွက် အခုလို မြန်မာနိုင်ငံကတင်ပို့တဲ့ ဆန်တွေအပေါ် သွင်းကုန်ခွန်ကောက်ဖို့ ဥရောပကော်မရှင်ဘက်က ဆုံးဖြတ်ဖို့ဖြစ်လာတာလို့သိရပါတယ်။

ဥရောပတောင်ပိုင်းနိုင်ငံတွေဖြစ်တဲ့ ပေါ်တူဂီကနေ ဘူလ်ဂေးရီးယားထိ နိုင်ငံပေါင်းရှစ်နိုင်ငံမှာ စပါးစိုက်ပျိုးကြပါတယ်။ ဥရောပလယ်ယာစိုက်ပျိုးရေးအဖွဲ့ဖြစ်တဲ့ Copa-Cogeca ရဲ့ အဆိုအရမြန်မာနဲ့ ကမ္ဘောဒီးယားနှစ်နိုင်ငံကနေ ၂၀၁၂ ခုနှစ်မှာ Indica ဆန်တန်ချိန် ၉၀၀၀ ပို့နေရာကနေ ၂၀၁၇ မှာ ဆန်တန်ချိန် ၃၆၀၀၀၀ အထိပို့လာတာကြောင့် ဥရောပဆန်စျေးတွေ ကမောက်ကမဖြစ်လာတယ်လို့ ပြောပါတယ်။ သုံးနှစ်ကြာ သွင်းကုန်ခွန်ကောက်ခံမယ့် အစီအစဉ်မှာ ပထမနှစ်အတွက် ဆန်တန်ချိန်တစ်တန်ကို ယူရိုငွေ ၁၇၅ ဒေါ်လာနှုန်းနဲ့ကောက်ခံမှာဖြစ်ပြီး ဒုတိယနှစ်အတွက် ဒေါ်လာ ၁၅၀ လျှော့ကောက်သွားမှာဖြစ်သလို တတိယနှစ်မှာတော့ ၁၂၅ ဒေါ်လာနှုန်းလျှော့ပြီးကောက်ခံဖို့ ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မရှင်က အဆိုပြုထားပါတယ်။ ဆန်တင်ပို့မှုကို အားထားနေရတဲ့ မြန်မာနိုင်ငံအတွက် အခုလိုဥရောပကိုတင်သွင်းမယ့် ဆန်ပို့မှုမှာ အခွန်ပေးဆောင်ရတော့မှာဖြစ်တဲ့အတွက် နိုင်ငံရဲ့ ကုန်သွယ်ရေးလိုငွေပြမှု ကြီးလာပြီး ထိခိုက်မှုရှိလာမှာဖြစ်တယ်လို့ အမေရိကန်အခြေစိုက် မြန်မာစီးပွားရေးပညာရှင် ဦးကံထွန်းက သုံးသပ်ထားပါတယ်။ အခုလို အထူးအခွင့်အရေးရထားတဲ့ အခြေအနေကနေ သူတို့ အခွန်ကောက်တော့မယ်ဆိုရင် စျေးတွေတက်သွားမှာဖြစ်ပြီး မြန်မာဆန်စျေးက စျေးတွေတက်သွားမယ်။ တက်သွားရင် ပြည်ပကို ဆန်ပို့တဲ့ အခြေအနေမှာ ဝင်ငွေကိုသွားပြီးတော့ ထိခိုက်မယ်။ ခါတိုင်းက အခွန်မပေးရဘူး အခုက အခွန်ပေးရမယ်ဆိုရင် ဝင်ငွေပေါ်မှာ အခွန်ကို နုတ်ရမယ်။ နုတ်ပြီးတော့ လက်ကျန်က နိုင်ငံအတွက် အသားတင်ကျန်တာနည်းသွားမယ်ဆိုတော့ ချက်ချင်းလိုငွေပြမှုမှာ ထိခိုက်မှုတော့ရှိမယ်လို့ သိရပါတယ်။

ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မရှင်ကနေ မြန်မာနဲ့ကမ္ဘောဒီးယားနိုင်ငံတွေက ဆန်တင်ပို့မှုကို သွင်းကုန်ခွန်ကောက်ခံမယ့်ကိစ္စကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ဆုံးဖြတ်ဖို့ရှိပေမယ့် အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်တဲ့ ဥရောပသမဂ္ဂမှာ အများစုက ဒီအစီအစဉ်ကို ထောက်ခံမှုရှိသလား၊ မရှိဘူးလားဆိုတာ သဲသဲကွဲကွဲမဖြစ်ခဲ့ပါဘူး၊

ဥရောပသမဂ္ဂ EU နိုင်ငံတွေကို မြန်မာ့ဆန်တင်ပို့မှုအတွက် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP အခွန်ကင်းလွတ်ခွင့်ကို EU ကသုံးနှစ်ရပ်ဆိုင်းလိုက်ပြီး ဇန်နဝါရီလ ၁၈ ရက်နေ့ကစပြီး အခွန်စတင်ကောက်ခံသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနိမ့်ကျနေသေးတဲ့ မြန်မာနဲ့ ကမ္ဘောဒီးယားနှစ်နိုင်ငံလုံးကို EU က အထူးအခွင့်အရေးအနေနဲ့ လက်နက်ပစ္စည်းကလွဲလို့ တင်သွင်းကုန်မှန်သမျှကို အခွန်ကင်းလွတ်ခွင့်ပေးထားတာဖြစ်လို့ ဆန်တွေကို အခွန်လွတ်တင်ပို့ခွင့်ရနေတာဖြစ်ပါတယ်။ အဲဒီလို အခွန်ကင်းလွတ်ခွင့်ပေးထားတဲ့ မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံက ဆန်တွေဟာ တခြား EU အဖွဲ့ဝင်နိုင်ငံတွေထက် စျေးနှုန်းလျှော့နည်းပြီး EU ကိုအများအပြားဝင်နေတဲ့အတွက် တခြား EU အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဆန်တင်ပို့ရာမှာ နစ်နာမှုတွေရှိနေတာကြောင့် ကန့်ကွက်မှုတွေရှိလို့ အခွန်ကင်းလွတ်ခွင့်ကို ရုပ်သိမ်းပြီး သုံးနှစ်ကြာ အခွန်ပြန်ကောက်ခံဖို့ EU က ဇန်နဝါရီလ ၁၆ ရက်က ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံကနေ EU ကို တင်ပို့ရောင်းချနေတဲ့ ဧည့်မထအုပ်စု ဆန်လုံးရှည် အမျိုးအစားတွေကို အခွန်စတင်ကောက်ခံမှာဖြစ်ပြီး အခွန်ကောက်ခံမယ့်ထဲမှာ ဆန်ကွဲမပါဝင်ဘူးလို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရပါတယ်။ EU အနေနဲ့ မြန်မာပြည်က တင်ပို့တဲ့ ဆန်တစ်တန်ကို ပထမနှစ်မှာ ၁၇၅ ယူရို၊ ဒုတိယနှစ်မှာ ၁၅၀ ယူရို၊ တတိယနှစ်မှာ ၁၂၅ ယူရို အခွန်ကောက်ခံသွားမယ်လို့ သိရပါတယ်။ အခွန်ကင်းလွတ်ခွင့်ရတဲ့အတွက် တခြားနိုင်ငံတွေထက် စျေးပိုရကြောင်း အခုလို အခွန်ကောက်မယ်ဆိုရင်တော့ ဒီဆန်အမျိုးအစားကို EU စျေးကွက်ကို တင်ပို့နိုင်မှုနည်းသွားပြီး စျေးကွက်ပျောက်သွားနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောပါတယ်။ မြန်မာနိုင်ငံကနေ EU စျေးကွက်ကို တစ်နှစ်လျှင် ဆန်နဲ့ ဆန်ကွဲတန်ချိန် လေးသိန်းနီးပါး နှစ်စဉ်တင်ပို့မှုရှိနေတာဖြစ်ပြီး EU ကအခွန်စတင်ကောက်မယ့် ဆန်လုံးရှည်အမျိုးအစားဟာ မနှစ်က တန်ချိန် ၆၀၀၀၀ သာ တင်ပို့မှုရှိခဲ့တယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရပါတယ်။

## ၆၇ နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်အတွင်းရှိ ကလေးကစားစရာပစ္စည်း အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ၌ ကွင်းဆင်းစစ်ဆေး

(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်အား ဇန်နဝါရီ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပွဲတော်အတွင်း၌ ဌာနဆိုင်ရာပညာပေးပြခန်းများ၊ ထိုင်းကုန်စည်ပြပွဲများ၊ ကလေးကစားစရာပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ရိုးရာခေါင်ရည်ဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။



ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပွဲသို့လာရောက်လည်ပတ်ကြသော စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ကုန်စည်(သို့)ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲသည့်အခါ လိမ်လည်လှည့်ဖြားမှုမခံရစေရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြခန်းတွင် စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်(သို့)ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)တွင် တိုင်ကြားနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များထုတ်လုပ်ရောင်းခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် အမိန့်ကြော်ငြာစာများ စသည့် အသိပညာပေးဗီနိုင်းများ၊ လက်ကမ်းစာစောင်များဖြင့် စားသုံးသူများနှင့် လုပ်ငန်းရှင်များသိရှိနိုင်ရန် ပြသထားကြောင်း သိရပါတယ်။

ဆက်လက်၍ ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးဆောင်သော အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပူးပေါင်း၍ ပွဲတော်အတွင်းရှိ စားသောက်ဆိုင်များနှင့် ရိုးရာခေါင်ရည်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဇန်နဝါရီ ၁၄ ရက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဖြင့် ပွဲတော်အတွင်းရှိ ကလေးကစားစရာပစ္စည်း အရောင်းဆိုင်များ၌လည်းကောင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွဲတော်အတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိသည့် ကုန်ပစ္စည်းများ ရောင်းချနိုင်ရေးနှင့် ဝယ်ယူသုံးစွဲသူများအား မိမိရောင်းချသည့် ကုန်ပစ္စည်းနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကြိုတင်ရှင်းလင်းအသိပေးပြောကြားသည့် ဝန်ဆောင်မှုများပေးစေလိုကြောင်း အသိပညာပေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး(စားသုံးသူ၊ကယား)**

# မြန်မာနိုင်ငံထုတ် ဘိလပ်မြေ တိုးချဲ့တင်ပို့လာသည့် တမူးကုန်သွယ်ရေးစခန်း

တမူးကုန်သွယ်ရေးစခန်းသည် စက်မှုကုန်ချောပစ္စည်းဖြစ်သည့် မြန်မာနိုင်ငံထုတ် ဘိလပ်မြေကို အိန္ဒိယနိုင်ငံသို့တင်ပို့နေသည့် စခန်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံထုတ် ဘိလပ်မြေအား အိန္ဒိယနိုင်ငံသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်၍ တင်ပို့ခဲ့ရာမှ ထိုက်သင့်သည့်အရည်အသွေး ကောင်းမွန်ခြင်း၊ ဈေးနှုန်းချိုသာခြင်းများကြောင့် အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်အတွင်း တစ်စထက်တစ်စ ပိုမိုလူသိများလာသော ကုန်ပစ္စည်း တစ်ခုဖြစ်လာကြောင်း တွေ့ရှိလာရပါသည်။

မြန်မာနိုင်ငံထုတ် ဘိလပ်မြေများအနက် "AAA" အမှတ်တံဆိပ်၊ "CROWN" အမှတ်တံဆိပ်များအား တက်ထွန်းခိုင်ကုမ္ပဏီလိမိတက်၊ ATZ Service & Entertainment Trading Co.,Ltd.၊ ဥက္ကာသစ် ကုမ္ပဏီလိမိတက် များမှ တမူးကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့နေကြခြင်းဖြစ်ပါသည်။ ဘိလပ်မြေထုတ်လုပ်ရာဒေသ ကျောက်ဆည်မှ တမူးသို့ မော်တော်ယာဉ်ဖြင့် တိုက်ရိုက်သယ်ယူ၍ လည်းကောင်း၊ မန္တလေး-ကလေးဝ ရေလမ်းကြောင်းမှတစ်ဆင့် သယ်ယူ၍လည်းကောင်း တမူး-မိုးရေးမြို့နယ် နယ်စပ်ဂိတ်အမှတ် (၁)ထိ အရောက်တင်ပို့ကြခြင်းဖြစ်ပါသည်။ အိန္ဒိယကုန်သည်များမှ နယ်စပ်ဂိတ်အမှတ် (၁)တွင် ယာဉ်ပြောင်း၍ အိန္ဒိယနိုင်ငံအတွင်း သယ်ဆောင်ဖြန့်ဖြူးရောင်းချကြခြင်းဖြစ်ပါသည်။

တမူးကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံထုတ် ဘိလပ်မြေအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလမှ မတ်လထိ တန်ချိန် ၁၇၅၀၊တန်ဖိုး သုည ဒသမ ၁၁၇ ဒေါ်လာသန်း၊ ၂၀၁၈ ခုနှစ် Mini budget ကာလ ဧပြီမှ စက်တင်ဘာလထိ တန်ချိန် ၁၇၀၀၊ တန်ဖိုး သုည ဒသမ ၁၁၀ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့၍ ယခင်ကတစ်လ ပျမ်းမျှ တန် ၃၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခုဘဏ္ဍာနှစ်ကာလ အောက်တိုဘာလတွင် တန် ၆၀၀၊ တန်ဖိုး သုည ဒသမ ၀၃၅ ဒေါ်လာသန်း၊ နိုဝင်ဘာတွင် တန် ၆၀၀၊ တန်ဖိုး သုည ဒသမ ၀၃၅ ဒေါ်လာသန်း၊ ဒီဇင်ဘာလတွင် တန်ချိန် ၉၀၀၊ တန်ဖိုး သုည ဒသမ ၀၅၃ ဒေါ်လာသန်း စုစုပေါင်း တန် ၂၁၀၀၊ တန်ဖိုး သုည ဒသမ ၁၂၃ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပါသည်။

အထက်ပါကိန်းဂဏန်းများအရ တမူးကုန်သွယ်ရေးစခန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တစ်လပျမ်းမျှ တန် ၇၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပြီး ဆက်လက်၍လည်း ဘိလပ်မြေ တန် ၈၀၀ ခန့် တိုးချဲ့တင်ပို့နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအတွင်း မဏိပူရ်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော အာသံပြည်နယ်၊ နာဂလန်းပြည်နယ်နှင့် မီဇိုရမ်ပြည်နယ်များတွင် ဈေးကွက်ရှာဖွေနိုင်ရေး စီမံချက်ချ ဆောင်ရွက်လျက်ရှိပါသည်။အိန္ဒိယနိုင်ငံ အာသံပြည်နယ်၊ နာဂလန်းပြည်နယ်နှင့် မီဇိုရမ်ပြည်နယ်များတွင် သုံးစွဲလျက်ရှိသော အိန္ဒိယနိုင်ငံထုတ် ULTRATECH CEMENT၊ SHREE၊ AMBUJA၊ VALLEY STRONG CEMENT အမှတ်တံဆိပ်များ၏နေရာတွင် မြန်မာနိုင်ငံထုတ် ဘိလပ်မြေများအား အစားထိုးသုံးစွဲလာနိုင်စေရန်၊ ငွေကြေးလည်ပတ်မှု (TURNOVER) သွက်လက်မြန်ဆန်စေရန်၊ တမူးမြို့ခံ ကုန်သည်များနှင့် မဏိပူရ်ပြည်နယ်ရှိ ကုန်သည်များ ချိတ်ဆက်ညှိနှိုင်းခြင်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ OSS ဌာနများနှင့် တင်ပို့သည့်ကုမ္ပဏီများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများ၊ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိရေး ထုတ်လုပ်ရာ စက်ရုံနှင့်တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြပါသည်။

တမူးကုန်သွယ်ရေးစခန်းသည် မြန်မာနိုင်ငံထုတ် ဘိလပ်မြေအား အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိသည့် အဓိကစခန်းတစ်ခုဖြစ်သည်နှင့်အညီ တစ်ဖက်နိုင်ငံ၌ ဈေးကွက်ရှာဖွေဆောင်ရွက်ရန် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ OSS ဌာနများ၊ သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ ကလေး-တမူး-ကလေးဝ နယ်စပ်ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဈေးကွက်ခိုင်မာမှုရရှိရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊တိုးချဲ့တင်ပို့ရေးများအတွက်လည်း ဘိလပ်မြေတင်ပို့မှုအခြေအနေအား အစဉ်တစိုက် စောင့်ကြည့်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

**တမူးကုန်သွယ်ရေးစခန်း**

# ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်၏ ရော်ဘာတင်ပို့မှုပမာဏ မြင့်တက်ခဲ့သော်လည်း တန်ဖိုးကျဆင်း

ဗီယက်နမ်နိုင်ငံတွင် သဘာဝရော်ဘာ တင်ပို့သည့် ဈေးနှုန်းများမှာ ၂၀၁၇ ခုနှစ် ဒုတိယခြောက်လကတည်းက ကျဆင်းခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ရော်ဘာတင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၅၈ သန်းနှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိ ခဲ့ပြီး၊ ၂၀၁၇ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပမာဏ ၁၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာပြီး၊ တန်ဖိုးမှာ ၆ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားပါကြောင်း သိရှိရပါတယ်။

ယခုအခါ ရော်ဘာဈေးနှုန်းများသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၃၅ခန့်တွင်ရှိနေပြီး ၂၀၁၇ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ချက်အရ ၁၈ ရာခိုင်နှုန်း ကျဆင်းနေပါကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံသည် ဗီယက်နမ်၏ သဘာဝရော်ဘာကို အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ ရော်ဘာထုတ်ကုန်များကို အဓိက တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်းနှင့် တင်သွင်းသည့် ပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်ကို တာယာထုတ်လုပ်ရန်အတွက် အသုံးပြုပါကြောင်း သိရှိရပါတယ်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဗီယက်နမ်နိုင်ငံမှ အများဆုံး ထိခိုက်သည့် တင်ပို့မှုကဏ္ဍများမှာ ကွန်ပျူတာများ၊ ပရိဘောဂများ၊ မော်တော်ကားများနှင့် မော်တော်ကား တာယာများဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စုသို့တင်ပို့ခဲ့သည့် တရုတ်နိုင်ငံ၏ ထုတ်ကုန်များသည် ထိခိုက်ဖို့လည်း အလားအလာရှိသော ဗီယက်နမ် ရော်ဘာလုပ်ငန်းနှင့် ဆက်နွှယ်နေပါကြောင်းနှင့် တရုတ်နိုင်ငံ၏ ဈေးကွက်အရှိန် လျော့ကျသွားသောကြောင့် ယခုနှစ်၏ ပထမသုံးလအတွင်း ရော်ဘာတင်ပို့မှုများ ကျဆင်းလိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း သိရပါတယ်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံသည် ရော်ဘာကုန်ကြမ်းများကို တန်ဖိုးနည်းဖြင့်တင်ပို့ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်သူများ၏ လိုအပ်ချက်နှင့် မကိုက်ညီသော ပြည်တွင်းရော်ဘာထုတ်လုပ်ခြင်းများကြောင့် အခြားသော လုပ်ငန်းစဉ်များအတွက် ရော်ဘာထွက်ကုန် အရေအတွက်များစွာကို တင်သွင်းခဲ့ရပါကြောင်း၊ ရော်ဘာတင်သွင်းမှုနှင့် တင်ပို့မှုအတွင်း ကုန်သွယ်မှုဟန်ချက်ညီအောင် ဖြေရှင်းရန်နှင့် ပြည်တွင်းထုတ်လုပ်မှုအတွက် ရော်ဘာပစ္စည်းများပေါ်များစွာ ထောက်ပံ့မှုကိုဖန်တီးရန် ၎င်းတို့၏ ထုတ်ကုန်များကို ပို၍တန်ဖိုးမြင့်သော ထုတ်ကုန်ဖန်တီးရန်အတွက် ရော်ဘာလုပ်ငန်းကို ပြောင်းလဲဖို့အကြံပြုခဲ့ပါကြောင်းသိရပါတယ်။

ရော်ဘာကဏ္ဍကလည်း ကုန်သွယ်မှုတိုးမြှင့်ခြင်းများကို မြှင့်တင်ပြီး တင်ပို့မှုဈေးကွက်များကို တိုးချဲ့နေစဉ်အတွင်း ထုတ်လုပ်မှုတွင် အဆင့်မြင့်နည်းပညာကို အသုံးပြုမှုမှတစ်ဆင့် ၎င်းတို့ထုတ်ကုန်များ၏ ပမာဏနှင့် တန်ဖိုးတို့ တိုးတက်ဖို့လိုအပ်ပါကြောင်းကို ပညာရှင်များကပြောကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံပေါင်း ၁၂၈ နိုင်ငံသို့ ရော်ဘာထုတ်ကုန်များတင်ပို့ခဲ့ခြင်းဖြင့် ကမ္ဘာပေါ်တွင် ရော်ဘာအများဆုံးတင်ပို့သော နိုင်ငံများအနက်မှ နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်နှစ်ကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံတွင် ရော်ဘာပင်များ စိုက်ပျိုးထားသည့် မြေဧရိယာ ၉၇၁၆၀၀ ဟတ်တာရှိပါကြောင်း ဗီယက်နမ်ရော်ဘာအသင်း၏ အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

**Source:vietnamnews.vn**

**ချိုချိုမာ(ပို့ကုန်)**

# မြဝတီကုန်သွယ်ရေးဇုန်သို့ လေ့လာရေးခရီးသွားရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၈)ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ ၁၄ ပတ်ကြာ ဖွင့်လှစ်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင် ၄၅ ဦး တက်ရောက်လျက်ရှိပါသည်။ သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချလျက်ရှိပြီး ကုန်သွယ်မှုလုပ်ငန်းများအား လက်တွေ့သိရှိ၍ မိမိတို့စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိရန်ရည်ရွယ်၍ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် သင်တန်းသား/သူ ၃၇ ဦး၊ ဌာနမှ အရာထမ်း၊ အမှုထမ်း ၂ ဦး စုစုပေါင်း ၃၉ ဦးဖြင့် လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးစိုးလွင်က မြဝတီကုန်သွယ်ရေးဇုန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကုန်သွယ်ရေးဇုန်သည် မြဝတီမြို့နယ် ရွာသစ်ကျေးရွာနှင့် မဲကနယ်ကျေးရွာကြားတည်ရှိပြီး မြဝတီမြို့မှ ၆ ဒသမ ၅ မိုင်ကွာဝေး၍ ကားလမ်းတောင်ဘက် ၂၂၆ ဧကနှင့် ကားလမ်းမြောက်ဘက် ၂၀၀ ဧကရှိပြီး လမ်းဘေးဝဲ/ယာ စုစုပေါင်း ၄၆၆ ဧကရှိကြောင်း၊ မြဝတီကုန်သွယ်ရေးဇုန်သည် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ပါဝင်သည့် ဌာနပေါင်းစုံ (OSS) ဖွဲ့စည်းထားကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်ရေးဇုန် အုပ်ချုပ်မှုဆိုင်ရာကိစ္စများအား အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခြင်း ၊ ပို့ကုန် / သွင်းကုန် လိုင်စင်ထုတ်ပေးခြင်း ၊ ကုန်သွယ်မှုလျင်မြန်ရေး၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးခြင်း၊ ကုန်သွယ်မှုအခက်အခဲများကို စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ကိစ္စများ ဆောင်ရွက်လျက်ရှိကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာနမှ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အတွင်းသို့ တင်သွင်းလာသော (သို့) နိုင်ငံတော် ပြင်ပသို့ တင်ပို့သောပစ္စည်းများအား သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စစ်ဆေးသတ်မှတ်ခြင်း၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ/မရှိ စစ်ဆေးသတ်မှတ်ခြင်း ၊ အမှန်တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ ကုန်သွယ်မှု ကိန်းဂဏန်းများပြုစုခြင်း ၊ တရားမဝင်ကုန်သွယ်မှုအား တားဆီးဆောင်ရွက်ခြင်း ၊ အခွန်အရပ်ရပ် ကောက်ခံခြင်းနှင့် ကုန်သွယ်မှုဆက်စပ်ဌာနများ၏ လုပ်ငန်းတာဝန်များကိုလည်း ရှင်းလင်းခြင်း၊ ဆက်စပ်ရာဌာနများမှ တင်ပို့/တင်သွင်းခွင့်ရယူပြီးမှ တင်ပို့/တင်သွင်းရမည့် ကုန်ပစ္စည်းများရှင်းလင်းခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အများဆုံး ပို့ကုန် ၁၀ မျိုးနှင့် သွင်းကုန်အများဆုံး ၁၀ မျိုးစာရင်းကို လည်းရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြဝတီကုန်သွယ်ရေးဇုန်အတွင်း လက်တွေ့လုပ်ဆောင်မှုများကို လှည့်လည်ရှင်းလင်းပြသခဲ့ပါသည်။

ထို့နောက် မြဝတီကုန်သွယ်ရေးဇုန်ထဲသို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းပပသူက လိုက်လံရှင်းလင်းပြသခဲ့ရာတွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းဌာနများကို လိုက်လံပြသပြီး လိုင်စင်လျှောက်ထားပုံအဆင့်ဆင့်နှင့် မြဝတီကုန်သွယ်ရေးဇုန်အတွင်းမှ ယာဉ်စစ်ဆေးခြင်းကိုလည်း လိုက်လံရှင်းလင်းပြောကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာနတွင် MACCS System နှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း လေ့လာခဲ့ရပါသည်။

နေ့လယ်ပိုင်းတွင် လစဉ်ပုံမှန်ပြုလုပ်သော ကုန်သွယ်မှုမြှင့်တင်အစည်းအဝေးသို့လည်း တက်ရောက်ခဲ့ပါသည်။ ကုန်သွယ်ရေးဦးစီးဌာနမှ ဦးဆောင်သော ကုန်သွယ်မှုမြှင့်တင်အစည်းအဝေးကို ကုန်သွယ်မှုဆက်စပ်ဌာနများ၏ လုပ်ငန်းတာဝန်များကို သိရှိခဲ့ရပြီး ဗဟုသုတရများရရှိခဲ့ပါသည်။

ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)အနေဖြင့် ယခုဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၈) သို့ တက်ရောက်ခဲ့သည့် သင်တန်းသား/သူများသည် သင်တန်း၌ပို့ချသည့် စာတွေ့ဘာသာရပ်များအား ယခုလေ့လာရေးခရီးစဉ်တွင်တွေ့ရှိရသည့် မြေပြင်လက်တွေ့အခြေအနေများနှင့်ဆက်စပ်ပြီး သင်တန်းသား/သူများမှ သိရှိလိုသည်များမေးမြန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

**MTD(MDY)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၁၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ကူဝိတ်၊ တောင်အာဖရိက၊ ပါကစ္စတန်၊ နီပေါ၊ ကင်ညာ၊ ဟန်ဂေရီနှင့် အီဂျစ် စသည့်နိုင်ငံများအပါအဝင် ၅၀ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ဘရာဇီး၊ ဂျာမနီ၊ သီရိလင်္ကာ၊ Malawi၊ အီတလီနှင့် ယူကရိန်းစသည့်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၇ ဒသမ ၅၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၃ ဒသမ ၀၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ကာ မလေးရှားနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်ရှိသောအာဆီယံနိုင်ငံတို့တွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ တွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ တောင်အာဖရိက၊ ရုရှား၊ ပါကစ္စတန်၊ နီပေါ၊ ကူဝိတ်၊ ကင်ညာနှင့် အီဂျစ်စသည့်နိုင်ငံများ အပါအဝင် ၅၁ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ မက္ကဆီကို၊ ဘရာဇီး၊ ဟန်ဂေရီ၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ အမေရိကန်၊ အီတလီနှင့် သီရိလင်္ကာ စသည့်နိုင်ငံတို့အပါအဝင် ၃၃ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၀၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ် ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများတွင် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓါတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၄၉ ဒေါ်လာနှုန်းဖြင့် ၁၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင်

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၄ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ပေါင်းဆန်၊ ဧည့်မထ ၅ မှတ်ဆန်နှင့် ၂၅ မှတ်ဆန် အမျိုးအစား များမှာ ဈေးနှုန်းအနည်းငယ် မြင့်တက်သွားပြီး ပါကစ္စတန်နိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ်နှင့် ၅ မှတ်ဆန်တို့မှာ ဈေးအနည်း ငယ်မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ဧည့်မထ ၂၅ မှတ်နှင့် ၅ မှတ်ဆန်ဈေးနှုန်းများ ဈေးအနည်းငယ် ကျဆင်းသွားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဥရောပသမဂ္ဂ (အီးယူ) သည် လာမည့်သုံးနှစ်အတွင်း မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းသည့်ဆန်များကို အကောက်ခွန်လျှော့ချသည့် အခွင့်အရေးကိုရုပ်သိမ်း၍ တစ်ဖြည်းဖြည်း ဖြေလျော့သည့်စနစ်ဖြင့် သွင်းကုန်အကောက်ခွန်ကို ပြန်လည်စတင်မည်ဖြစ်ကြောင်း အီးယူကော်မရှင် ဝက်ဘ်ဆိုဒ်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ ဥရောပကော်မရှင်၏ အဆိုပြုချက်တွင် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှတင်သွင်းလာသော အင်ဒီကာဆန်အပေါ် အကောက်ခွန်ကောက်ခံမှုအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှစတင်၍ လာမည့်သုံးနှစ်အတွက် ပုံမှန်အကောက်ခွန် (Normal Duty) ကိုပြန်လည်အသက်သွင်း စတင်မည်ဖြစ်ကြောင်း၊ အကောက်ခွန်ကောက်ခံမှုအနေဖြင့် အင်ဒီကာဆန်အပေါ် ပထမနှစ်အတွင်း တင်သွင်းသည့် ဆန်တစ်တန်လျှင်၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ဆန်တစ်တန်လျှင်၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ဆန်တစ်တန်လျှင်၁၂၅ ယူရိုနှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်များအရ သိရှိပါသည်။

EU ကော်မရှင်မှ ၂၀၁၈ ခုနှစ် မတ်လအတွင်းက ပြုလုပ်ခဲ့သော စုံစမ်းစစ်ဆေးမှုအရ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းလာသော အင်ဒီကာဆန်သည် ပြီးခဲ့သည့် စိုက်ပျိုးကာလငါးခုအတွင်း ၈၉ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း၊ ထို့အတူ တစ်ချိန်တည်းတွင်လည်း ဈေးနှုန်းများမှာ အီးယူဈေးကွက်အတွင်းရှိ ဆန်များအောက်လျော့နည်းပြီး အဆိုပါကာလအတွင်း ဆန်ဈေးများဆက်တိုက်ကျဆင်းခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်ကိုသိရှိရပါသည်။

ထိုသို့ ဈေးနည်းသောဆန်များ ဝင်ရောက်မှု မြင့်မားလာသောကြောင့် ဥရောပဆန်ထုတ်လုပ်သူများ၏ ဥရောပအတွင်းဈေးကွက်ဝေစုသည် ၆၁ ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းအထိ လျော့ကျစေခဲ့သည်အထိ အခက်အခဲများ ဖြစ်စေခဲ့ကြောင်းပါရှိပြီး ဆန်တင်သွင်းမှုနှင့်ပတ်သက်၍ ကုန်သွယ်ရေး အကာအကွယ်များ ပြုလုပ်ရန် အီတလီအစိုးရက ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပြုဆွေးနွေးလာခြင်းဖြစ်ပြီး အီးယူအဖွဲ့ဝင် ဆန်ထုတ်လုပ်သည့်နိုင်ငံများဖြစ်သည့် စပိန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဂရိ၊ ဟန်ဂေရီ၊ ရိုမေးနီးယားနှင့် ဘူဂေးရီးယားနိုင်ငံတို့ကလည်း ထောက်ခံခဲ့ကြကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကော်မရှင်သည် ၂၀၁၈ ခုနှစ် မတ်လ ၁၆ ရက်တွင် တရားဝင် စုံစမ်းစစ်ဆေးရေးများ လုပ်ဆောင်ခဲ့ပြီးနောက် ယခုကဲ့သို့ ကုန်သွယ်ရေးအစီအမံများကို သုံးနှစ်တာချမှတ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ စည်းကြပ်ခွန်ကောက်ခြင်းအားဖြင့် သုံးနှစ်အတွင်း တင်ပို့မှုများ လျော့ကျသွားနိုင်ကြောင်း ဥရောပကော်မရှင်၏ ထုတ်ပြန်ချက်တွင် ပါရှိပါသည်။ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ အီးယူဈေးကွက်သို့ တင်သွင်းလျက်ရှိသည့် ဆန်များမှာ တန်ချိန်ပမာဏများပြားပြီး ဈေးနှုန်းချိုသာသည့်အတွက် အီးယူဆန်ထုတ်လုပ်သူများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့်အပေါ် အကာအကွယ်ပေးရေးဆိုင်ရာ စုံစမ်းစစ်ဆေးခဲ့သည့် ကုန်စည်များမှာ GSP(EBA) အစီအစဉ်တွင် အကျုံးဝင်သည့် ဆန်တို့ဖြစ်ပြီး ကုန်စည်စည်းဝါးညီစနစ်အရ CN Code 1006 30 27၊ 1006 30 48၊ 1006 30 67၊ 1006 30 98 တို့အရ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥရောသမဂ္ဂက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအပေါ် လက်နက်မှလွဲ၍ အခွန်ကင်းလွတ်ခွင့် ပေးအပ်သည့်အတွက်ကြောင့် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အကျိုးအမြတ် ပိုမိုခံစားခွင့်ရရှိကြပြီး နိုင်ငံအတွင်း လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းများကြောင့် ရရှိထားကြသည့် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးနိုင်သည့်အရေးနှင့် ရင်ဆိုင်နေကြရခြင်းဖြစ်ပါသည်။ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဥရောပသမဂ္ဂသို့ ဆန်တင်ပို့မှုသည် ၂၀၁၂ ခုနှစ်တွင် မက်ထရစ်တန် ၉၀၀၀ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၃၆၀၀၀၀ ထိ တိုးလာခဲ့သည်ဟု EU ၏ လယ်ယာလုပ်ငန်းစုဖြစ်သည့် Copa-Cogeca က ထုတ်ပြန်ထားသည်ကို လေ့လာသိရှိရပါသည်။

ဥရောပသမဂ္ဂနိုင်ငံများသို့ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ကိုးသောင်းခန့်နှင့် ဆန်ကွဲတန်ချိန် သုံးသိန်းကျော်နှင့် စုစုပေါင်း လေးသိန်းကျော်တင်ပို့နိုင်ခဲ့ပြီး ယင်းပမာဏတွင် (အင်ဒီကာဆန်) ဆန်လုံးရှည်တင်ပို့မှုမှာ ၃ ရာခိုင်နှုန်းနှင့် ဆန်ကွဲ တင်ပို့မှု တစ်ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရှိရပါသည်။ အီးယူသို့ ပုံမှန်တင်ပို့နေသည့် ကုန်သည်များတွင် ထိခိုက်မှုအခက်အခဲများ အနည်းငယ်ကြုံတွေ့ရနိုင်သော်လည်း အီးယူသို့တင်ပို့သည့် အင်ဒီကာဆန် ပမာဏနည်းသည့် အတွက်ကြောင့် ပြည်တွင်းဆန်ဈေးအပေါ် တွင် ရိုက်ခတ်မှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း အတွင်းရေးမှူးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံ၊ ဘိုင်ကိုးလ်နှင့် မြောက်ပိုင်း စမာဒေသတို့တွင် အပူပိုင်းမုန်တိုင်းငယ်ဖြစ်သည့် အူစမန်မုန်တိုင်း တိုက်ခတ်မှုကြောင့် လယ်ယာလုပ်ငန်းတွင် စုစုပေါင်းတန်ဖိုးငွေ ပီဆိုသန်း ၃၀၀ ခန့်ဆုံးရှုံးခဲ့ရကြောင်း ဖိလစ်ပိုင်၊ စိုက်ပျိုးရေးအတွင်းဝန် Emmanuel Piñol က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ နှစ်သစ်ကူးမတိုင်မီက ဖိလစ်ပိုင်အလယ်ပိုင်း၌ အူစမန်မုန်တိုင်းတိုက်ခတ်ခဲ့ပြီး ကွီဇွန်၊ အရှေ့ပိုင်း မင်ဒိုရိုဒေသ၊ အယ်လ်ဘေး၊ ကာမာရီးနက်စ်၊ ကာတန်ဂျူနက်၊ မက်စ်ဘိတ်နှင့် ဆော်ဆိုဂွန်ဒေသတို့မှ တောင်သူ ၁၁၂၀၀ ခန့်ဆုံးရှုံးထိခိုက်မှု ကြုံတွေ့ကြရပြီး ၂၀၁၈ ခုနှစ်၏

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၉ | ၀.၅၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၄ | ၀.၇၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၃ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၈၈ | ၀.၆၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၈ | ၀.၇၈ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၀.၉၆ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၀၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၉၀ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၁ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၀ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၁.၇၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၀ | ၀.၈၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၃ | ၀.၉၃ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း Crude Oil နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြ

ကြယ်စင်(တန့်ဆည်မြေ)


အပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၁.၁.၂၀၁၉ | စည် | ၅၂.၅၉ |
| ၂ | ၁၄.၁.၂၀၁၉ | စည် | ၅၀.၅၁ |
| ၃ | ၁၅.၁.၂၀၁၉ | စည် | ၅၂.၁၁ |
| ၄ | ၁၆.၁.၂၀၁၉ | စည် | ၅၂.၃၁ |
| ၅ | ၁၇.၁.၂၀၁၉ | စည် | ၅၂.၀၇ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၃၁ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဇန်နဝါရီလဆန်းပိုင်းတွင် ကမ္ဘာ့ရွှေဈေးသည် အမြင့်ဆုံးဈေးဖြစ်သည့် ရွှေတစ်အောင်စလျှင် ၁၂၉၅ ဒေါ်လာထိ မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။ ပြည်တွင်းဈေးကွက်တွင်လည်း ရွှေဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့၍ အခေါက်ရွှေ တစ်ကျပ်သားလျှင်ကျပ် ၁၀၅၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဈေးအနည်းငယ် ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး ယခုအခါ အတက်ဘက်သို့ ပြန်လည်ဦးမော့လာခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးကွက်တွင် အချိန်နှင့်အမျှ ဈေးနှုန်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပြီး ဇန်နဝါရီလ ၁၇ ရက် ညနေပိုင်းတွင် ကမ္ဘာ့ရွှေတစ်အောင်စလျှင် ၁၂၉၄ ဒေါ်လာ ပေါက်ဈေးဖြစ်ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၅၀၀၀ အထိ မြင့်တက်လာခဲ့သည်ကို လေ့လာသိရှိရပါသည်။

မြန်မာ့ရွှေဈေးသည် တစ်နှစ်ပြီးတစ်နှစ် စံချိန်တင်မြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်သည် ရွှေဈေးသမိုင်းတစ်လျှောက် စံချိန်သစ်တင်နိုင်သည့် နောက်ထပ်နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းအထက်သို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်တွင် တစ်ကျပ်သားလျှင် ကျပ်ကိုးသိန်းခွဲကျော်အထိ အမြင့်ဆုံးစံချိန်တင်ခဲ့ပြီး မြန်မာ့ရွှေ၏ ထူးခြားချက်မှာ ဈေးတက်ပြီး ပြန်ကျနိုင်ခြင်းမရှိဘဲ တောက်လျှောက်ဆက်တက်သွားခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် စံချိန်သစ်တင်နေခြင်းဖြစ်သည်ကို လေ့လာသိရှိရပါသည်။ ရွှေဈေးသည်ပြည်တွင်းဒေါ်လာငွေလဲနှုန်း၊ ကမ္ဘာ့ရွှေဈေး၊ နိုင်ငံတကာ ဒေါ်လာငွေကြေးဈေးကွက်များအပေါ် တည်မှီနေသည့်အတွက် မြန်မာ့ရွှေဈေးမှာ အတက်ဘက်သို့ ဆက်သွားနေဦးမည်ဖြစ်သည်ကို လေ့လာသိရှိရပါသည်။


၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဇန်နဝါရီလ ၁၇ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့်

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂-၁-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၈၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၆-၁-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၄၀ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 16-Jan-19 | 13.30 cts/lb | 12.60 cts/lb | 358.40 $/T | 16.26 cts/lb |
| 15-Jan-19 | 13.25 cts/lb | 12.55 cts/lb | 359.00 $/T | 16.28 cts/lb |
| 14-Jan-19 | 12.88 cts/lb | 12.49 cts/lb | 348.80 $/T | 15.82 cts/lb |
| 11-Jan-19 | 12.89 cts/lb | 12.47 cts/lb | 349.65 $/T | 15.86 cts/lb |
| 10-Jan-19 | 12.80 cts/lb | 12.45 cts/lb | 348.65 $/T | 15.81 cts/lb |
| 9-Jan-19 | 13.01 cts/lb | 12.42 cts/lb | 351.65 $/T | 15.95 cts/lb |
| 8-Jan-19 | 12.90 cts/lb | 12.40 cts/lb | 349.00 $/T | 15.83 cts/lb |
| 7-Jan-19 | 12.74 cts/lb | 12.39 cts/lb | 347.15 $/T | 15.75 cts/lb |
| 4-Jan-19 | 12.04 cts/lb | 12.39 cts/lb | 333.15 $/T | 15.11 cts/lb |
| 3-Jan-19 | 11.83 cts/lb | 12.44 cts/lb | 329.60 $/T | 14.81 cts/lb |
| 2-Jan-19 | 12.04 cts/lb | 12.52 cts/lb | 330.85 $/T | 15.01 cts/lb |




Source: www.isosugar.org

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၅၈ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၆၃၊ ပါကစ္စတန်နိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၅-၃၉၄၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၃၉-၅၆၈ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယ၏ သကြားဈေးမှာ အနည်းငယ်ကျဆင်းခဲ့ပြီး တရုတ်နှင့် ပါကစ္စတန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ် အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၀ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၅၈ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၈ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

နောက်ဆုံးမုန်တိုင်းဖြစ်သော အူစမန်ကြောင့် စပါးပျက်စီးမှု တန်ဖိုး ပီဆို ၂၆၆ သန်း၊ ပြောင်းပျက်စီးမှုတန်ဖိုးပီဆို ၁ သန်းခန့်နှင့် အခြားသီးနှံနှင့် သစ်သီးဝလံပျက်စီးမှုတန်ဖိုးပီဆို ၃၁ ဒသမ ၄၈ သန်းခန့်ရှိခဲ့ကြောင်း ဖိလစ်ပိုင်၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက် စာရင်းများအရ သိရှိရပါသည်။

အူစမန်မုန်တိုင်းကြောင့် စိုက်ပျိုးပြီးကာစ စပါးဧရိယာများတွင် ပျက်စီးမှုပိုမိုဖြစ်ပေါ်ခဲ့ပြီး တောင်သူများ စပါးပြန်လည်စိုက်ပျိုးနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် မျိုးစေ့နှင့် အာမခံလျော်ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် အူစမန်မုန်တိုင်းသည် ၂၀၁၈ ခုနှစ်တွင် လူအသေအပျောက် အများဆုံးဖြစ်စေခဲ့သည့် မုန်တိုင်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မိုးသည်းထန်ခြင်း၊ မြေပြိုခြင်းတို့ဖြစ်ပေါ်ကာ လူ ၈၅ ဦးထက်မနည်း သေဆုံး၍ လူပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်ကို လေ့လာသိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက် အခြေအနေဖြင့် မန္တလေးဈေးကွက်တွင် လူကြိုက်များ အရောင်းသွက်နေသည့် အရွေ့တော မဂျမ်း ဆန် (အသစ်) စပေါ်ချိန်မှာပင် စံချိန်တင်ဈေးမြင့်နေပြီး ရောင်းလိုအားထက် ဝယ်လိုအားပိုမိုများပြားသည့်အတွက်ကြောင့် ဈေးမြင့်တက်သွားကြောင်း နယ်ခံဆန်ကုန်သည်များထံမှ သိရှိရပါ သည်။ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၂ သိန်းခန့်အထိ ပေါက်ဈေးဖြစ်နေပြီး မဂျမ်းဆန်သစ်ဈေးသည် ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် အဆမတန်မြင့်တက်နေပြီး အရွေ့တောမဂျမ်းစပါး(အဟောင်း) အထိုင်လက်ကားဈေးသည်လည်း အမြင့်ဆုံးဈေးတွင်ရှိနေသည်ကို လေ့လာသိရှိရပါသည်။ ယခုအချိန်သည် ဆန်ဟောင်းလက်ကျန် နည်းပါးနေပြီဖြစ်သဖြင့် ဈေးကွက်အတွင်း စားသုံးသူအကြိုက် ဝယ်လိုအားများပြားသည့် ဆန်အမျိုးအစားဖြစ်ခြင်းကြောင့် ယခုလို ဈေးမြင့်လာကြောင်း၊ မဂျမ်းဆန် (အဟောင်း) ဈေးသည်လည်း လက်လီဈေးကွက်တွင် မြင့်မားနေပြီး ဆန်တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၃၈၀၀၀ မှ ၄၀၀၀၀ ခန့်နှင့် ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၀၀၀ အထိ ဈေးပေးဝယ်ရသည်ဟု အရွေ့တောမဂျမ်းဆန်ထွက်ရှိရာ ပုသိမ်ကြီးမြို့နယ် ဆန်ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ပြည်ပသို့ ဆန်တင်ပို့မှုအခြေအနေတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ၂၀၁၉ မတ်လအထိ ပြည်ပဆန်တင်ပို့မှု တန်ချိန် ၂ ဒသမ ၅ သန်းခန့် ခန့်မှန်းထားသော် လည်း ပြည့်မီနိုင်မည်မဟုတ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ၂၀၁၇ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် မတ်လအထိတွင် ပြည်ပသို့ဆန်တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၆ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလအတွင်း တန်ချိန် ၁ ဒသမ ၇ သန်းကျော်သာ တင်ပို့နိုင်သေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရ သိရှိရပါသည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင်လည်း မူဆယ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံဘက်ခြမ်း၌ အဖမ်းအဆီးများရှိခြင်း၊ မိမိဘက်မှ တရားဝင်တင်ပို့ခွင့်ပြုသော်လည်း တရုတ်နိုင်ငံဘက်မှ တရားမဝင်သတ်မှတ်ထားခြင်းတို့ကြောင့် အခက်အခဲများစွာနှင့်ကြုံတွေ့နေကြရပြီး ကုန်သည်များ ဆုံးရှုံးနစ်နာလျက်ရှိပြီး နေ့စဉ်ဆန်တင်ပို့မှု ထက်ဝက်ခန့်ကျဆင်းသွားကြောင်း၊ တရုတ်နိုင်ငံနှင့် တရားဝင်တင်ပို့ခွင့် ရရှိနိုင်စေရန် နှစ်ဖက်ညှိနှိုင်းမှုများ အဆင်ပြေအောင်မြင်မှု ရရှိနိုင်စေရန် ဆွေးနွေးပေးနိုင်ရေး အရေးတကြီး လိုအပ်ပါကြောင်း မူဆယ်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဆန်တင်ပို့မှုအခက်အခဲများကြောင့် ပုံမှန်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့ရန်ပြင်ဆင်သော်လည်း ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းတွင် ငွေဈေးမတည်ငြိမ်သည့် အချက်အပါအဝင် သိုလှောင်ရုံအခက်အခဲများ၊ ပို့ဆောင်မှုအခက်အခဲများ၊ ဆိပ်ကမ်း ကုန်တင်/ကုန်ချ အခက်အခဲများရှိခြင်းနှင့်အခြားသော အခက်အခဲများနှင့်လည်း ရင်ဆိုင်ကြရပြီး တင်ပို့နိုင်သည့်စွမ်းအားထက်ပို၍ မပို့နိုင်ခြင်းများ ကြုံတွေ့ရလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် ယခုအခါတွင် ဥရောပသမဂ္ဂ(အီးယူ)သည် လာမည့်သုံးနှစ်အတွင်း မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်ပို့သည့်ဆန်များကို အခွန်ကောက်ခံရန် စတင်တော့မည်ဖြစ်သည့်အတွက် မြန်မာ့ဆန်အတွက် ပြည်ပသို့တင်ပို့မှုများတွင် ပို၍အခက်အခဲများနှင့် ကြုံတွေ့ရန်းကန်ကြရမည်ဖြစ်ပါသည်။ နယ်စပ်လမ်းကြောင်းတွင် လည်း ပုံမှန်တင်ပို့နိုင်မှုမရှိခြင်းကြောင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုသည် မျှော်မှန်းထားခဲ့သည်ထက် များစွာလျော့နည်းနိုင်ကြောင်း၊ မြန်မာ့ဆန်အတွက် ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ် နှုန်းရှိပြီး၊ ဧည့်မထဆန်တစ်အိတ်လျှင် ၂၅၂၀၀ ကျပ်ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ် ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၄ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် ၂၅မှတ် တစ်အိတ်လျှင် ၂၂၈၄၈ ကျပ် မှ ၂၃၀၇၂ ကျပ်ထိပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းခဲ့ကြောင်းလေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၀၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ ဒသမ ၀၀၀ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၃ ဒသမ ၀၀၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း ၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၀၀၀ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇန်နဝါရီ ၁၁ မှ ၁၇ ရက် အတွင်းဖြစ်ပေါ်နေသောဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များ ရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ်၂၄၃၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန်သစ် တစ်ပြည်လျှင် ၉၅၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁၁.၁.၂၀၁၉ | ၁၄.၁.၂၀၁၉ | ၁၅.၁.၂၀၁၉ | ၁၆.၁.၂၀၁၉ | ၁၇.၁.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၅ | လွိုင်ကော် | ၁၆၀၀(သစ်) | ၁၇၀၀(သစ်) | ၁၇၀၀(သစ်) | ၁၇၀၀(သစ်) | ၁၇၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၈ | ထားဝယ် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၉ | မြိတ် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၁ | ပုသိမ် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၄၃၀ |
| ၁၄ | မုံရွာ | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) |
| ၁၅ | မန္တလေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၆ | ပခုက္ကူ | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) |
| ၁၇ | မကွေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |

Source-DOCA-Domestic

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။

မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | |
|---|---|---|---|---|---|
| | | | ၁၄.၁.၂၀၁၉ | ၁၅.၁.၂၀၁၉ | ၁၇.၁.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၀၅၀၀ | ၂၀၃၀၀ | ၂၀၅၀၀ |
| ၂ | ဧယာ | ၁၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၂၀၀ |
| ၃ | ဧယာ | ၂၅ | ၁၈၇၀၀ | ၂၈၇၀၀ | ၁၈၇၀၀ |
| ၄ | ဧယာ | ၃၅ | ၁၈၄၀၀ | ၁၈၃၀၀ | ၁၈၃၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၂၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၄၀၀ | ၁၈၃၀၀ | ၁၈၃၀၀ |

# ပုံမှန်အရောင်းအဝယ်ဖြစ်နေတဲ့ ရှမ်းချင်း

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို)က ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဝယ်လက်မရှိဘဲ ပြည်တွင်းသုံးတွေသာ အဝယ်ရှိတယ်လို့လည်းသိရပါတယ်။ ဒီနှစ်က ချင်းဈေးကောင်းတဲ့ နှစ်ဖြစ်တာကြောင့် ချင်း(စို)အတိုင်းပဲ အရောင်းအဝယ်ပြုလုပ်ကြတာ များပါတယ်။ မနှစ်ကတည်းကစပြီး ဈေးကောင်းလာတဲ့ ချင်းက ဒီနှစ်နှစ်အစမှာလည်း ဈေးကောင်းနေဆဲပါပဲ။

ရှမ်းပြည်မှာ ပြီးခဲ့တဲ့တစ်ပတ်က မိုးကောင်းခဲ့တာကြောင့် ဈေးကွက်မှာအဝင်နည်းခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ပြည်တွင်းသုံး ဝယ်လက်တွေသာ အများဆုံး ဝယ်ယူကြပါတယ်။ ချင်း(စို)က တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ၁၀၅၀ ဈေးရှိပါတယ်၊ ချင်း(ခြောက်)ကိုတော့ လှောင်လက်တွေက မရောင်းသေးဘူးလို့ သိရပါတယ်။ လက်ကျန်တွေအတော် များများရှိနေပြီး ချင်း(စို)ဈေးနဲ့ သိပ်ပြီးမကွာလို့ မရောင်းဖြစ်ဘူးလို့ သိရပါတယ်။ ချင်း(ခြောက်)ကတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ မှ ၁၃၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ဒီတစ်ပတ် ချင်း(စို) ဝင်ရောက်မှု များနေပါတယ်။ ရာသီဥတုကခြောက်သွေ့လာပြီဖြစ်လို့ ချင်းဖော်သမားများလာတာကြောင့် ဈေးကွက်မှာ ပစ္စည်းများလာပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း ပြည်တွင်းသုံးအတွက်သာ ဝယ်ယူမှုရှိနေပါတယ်။ ရန်ကုန်ဝယ်လက်တွေက အများဆုံးဝယ်ယူနေပြီး ထိုးချင်းပြုလုပ်ဖို့အတွက် ဘုရင့်နောင်ဈေးကွက်ကနေ ဖြန့်ဖြူးကြတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာ ချင်းတစ်ပိဿာ ပေါက်ဈေးတွေက ချင်း(စို)က ကျပ် ၉၅၀ မှ ၁၀၀၀ ဈေးရှိပါတယ်။ ဒီထက်ပိုကောင်းတဲ့ ချင်း(တက်)ကြီးက ကျပ် ၁၁၀၀ ဈေးပေါက်နေပါတယ်။ ချင်း(ခြောက်)ကတော့ လက်ကျန်နည်းနေပြီး ပေါက်ဈေးကတော့ ကျပ် ၁၃၀၀ မှ ကျပ် ၁၄၀၀ ဈေးရှိတယ်လို့ ချင်းပွဲရုံတွေထံမှ သိရှိရပါတယ်။

**ဧခိုင်(တောင်ကြီး)**



# တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အလေးထား တွန်းအားပေးသင့်သော ရော်ဘာကဏ္ဍ

**ခင်လေးယု**

ရော်ဘာလုပ်ငန်းဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တာနှင့်အညီ လွန်စွာလည်း ကြီးမားကျယ်ပြန့်လှပါတယ်။ ဒါကြောင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ကြတဲ့ နိုင်ငံတွေအနေနဲ့ နိုင်ငံတကာ လိုအပ်ချက်ကြီးမားလှတဲ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို အလေးထားဆောင်ရွက်လျက်လည်းရှိပါတယ်။ မိမိတို့ မြန်မာနိုင်ငံသည်လည်း ရော်ဘာစိုက်ပျိုးထုတ်လုပ်တဲ့နိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ကာ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ ကမ္ဘာ့စီးပွားရေးမငြိမ်သက်မှုများဖြစ်ပွားလာမှုနဲ့အတူ ကမ္ဘာ့ရော်ဘာကဏ္ဍဟာ ရုန်းကန်လှုပ်ရှားနေရတဲ့ အနေအထားမှာ ဖြစ်လာသလို မြန်မာ့ရော်ဘာလုပ်ငန်းရှင်များဟာလည်း လတ်တလောမှာ အခက်အခဲများနဲ့ ရုန်းကန်လျက် ရှိနေပါတယ်လို့ ရော်ဘာအသိုင်းအဝိုင်းထံမှ သိရပါတယ်။


သဘာဝရော်ဘာနဲ့ ရော်ဘာအခြေပြုပစ္စည်းများဟာ ကမ္ဘာ့စက်မှုလုပ်ငန်းများအတွက် မရှိမဖြစ် ပစ္စည်းများဖြစ်ပါတယ်။ သဘာဝရော်ဘာကို သီရိလင်္ကာ၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့မှ အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ထို့ပြင် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း အမြောက်အမြား စိုက်ပျိုးထုတ်လုပ်ကာ စက်ရုံများတိုးချဲ့တည်ဆောက်ပြီး နိုင်ငံစီးပွားရေးတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်းရှိပါတယ်။ အဆိုပါနိုင်ငံများသို့ ကမ္ဘာ့နိုင်ငံ အများအပြားမှ ရော်ဘာနှင့် သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုများကို လာရောက်လုပ်ကိုင်လျက်လည်းရှိနေတာကြောင့် ယင်းနိုင်ငံများရဲ့ GDP များကိုလည်း နှစ်စဉ်မြင့်တက်နေစေဖို့ အထောက်အပံ့တစ်ခုဖြစ်နေတာကို တွေ့ရပါတယ်။ ကမ္ဘာ့ရော်ဘာသုံးစွဲမှုဟာ နှစ်စဉ်မြင့်တက်လျက်ရှိနေသလို စုစုပေါင်းထုတ်လုပ်မှုရဲ့ ၂၅ ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းခန့်အထိဟာ တာယာမဟုတ်တဲ့ အခြားပစ္စည်းများအဖြစ် အသုံးပြုနေတယ်လို့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။ အဆိုပါ တာယာမဟုတ်တဲ့ ပစ္စည်းများထဲမှာ ထိုင်ခုံခါးပတ်များ အပါအဝင် ဘီးတပ်ယာဉ်များတွင် အသုံးပြုသော ပစ္စည်းများစွာပါဝင်သလို စက်ရုံသုံးပစ္စည်းများစွာလည်း ပါဝင်ပါတယ်။ အရုပ်များနဲ့ ပုံစံခွက်များပြုလုပ်တဲ့အခါ ရော်ဘာကို အဓိကအားထားဆောင်ရွက်ရသလို ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများမှာလည်း အများအပြား အသုံးပြုနေရတာကြောင့် ရော်ဘာကိုအခြေပြုရတဲ့ လုပ်ငန်းများ၊ စက်ရုံများဟာ ကုန်ကြမ်းများကို နှစ်စဉ်တိုးတက်လိုအပ်လျက်လည်းရှိပါတယ်။


ရော်ဘာစိုက်ပျိုးမှုဟာ မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြားမှာ တည်ရှိကာ စုစုပေါင်းစိုက်ပျိုးမှုရဲ့ ၅၀ ရာခိုင် နှုန်းဟာ မွန်ပြည်နယ်မှာ တည်ရှိပါတယ်။ မွန်ပြည်နယ်အပြင် တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှာလည်း အများအပြား စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ ဒါပေမယ့် စိုက်ပျိုးထုတ်လုပ်မှုအများစုဟာ အသေးစားလုပ်ငန်းများအဖြစ်သာ တည်ရှိနေသေးပါတယ်။ အဆိုပါလုပ်ငန်းငယ်များအနေဖြင့် အရည်အသွေးမီရော်ဘာ ထုတ်လုပ်ရန်အတွက် လိုအပ်ချက်များစွာကိုဖြည့်ဆည်းဆောင်ရွက်ရန် ရုန်းကန်နေရသလို ဝင်ငွေတိုးတက်ရရှိမှု အရေးမှာလည်း ကြိုးစားဆောင်ရွက်နေရတာကို တွေ့ရှိနေရပါတယ်။ မိမိတို့နိုင်ငံ၏ ရော်ဘာစိုက်ပျိုးသူအများစုဟာ အသေးစား စိုက်ပျိုးထုတ်လုပ်သူများဖြစ်နေသော်လည်း မြန်မာ့ရော်ဘာ စုစုပေါင်းထုတ်လုပ်မှုရဲ့ ၉၀ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးထားသူများ ဖြစ်ပါတယ်။


**စာမျက်နှာ ၂၇ သို့**

DN Group
ယိုးဒယား ကျား / မ
ဖိနပ်လက်ကား
ရောင်းဝယ်ရေး
အမှတ် ၂၁၈၊ ၂၉ လမ်း အထက်ဘလောက်
Ph. ၀၉၉၉၇၀၄၁၃၁၃၃၊ ၀၉၇၉၉၀၁၅၂၈၀

မြင့်မြတ်တော်ဝင်
ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ
ဆေးရုံ
(၂၄) နာရီဖွင့်လှစ်သည်။
G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350


STANDARD
GlucoNavii GDH
Blood Glucose(GDH-FAD) Monitoring System
SHWIN CHAN TRADING
Exclusive Distributor
Unit 306 Myaynu Condo, 99B Myaynu Street, Sanchaung TS, Yangon.
Ph: +95-1-515297, 525467; Website: www.shwinchan.com
GDH-FAD enzyme
minimizing risk of interferences
Wide HCT test range
0%~70%
No-Coding
Easy and accurate
Accuracy
99.99% Pure Gold
Smart Meal Mark Technology
Convenient management of pre/post meal results
5 YEAR WARRANTY
ဆီးချိုရောဂါ
စမ်းသပ်ကိရိယာ


MSP CAT
C4.4 Diesel Generator
100kVA
1 Year Warranty (Unlimited Hour)
Hire Purchase Availability
American Technology
Genuine Products & Solution
Scalable Capacity
09 960 200 783
09 9755 436 04
09 422 89 5544


Since 1994
K.T.Z Company Limited
Providing Better Life for the People
We distribute
Pharmaceuticals
&
Consumer Products
throughout
the whole country.
Myitkyina
Monywa
Lashio
Mandalay
Sittwe
Magwe
Taunggyi
Kyaing Tong
Pyay
Nay Pyi Taw
Pathein
Yangon
Mawlamyine
Dawei
Myeik
Well Established,
Systematic & 80% coverage of
Potential Area in Myanmar
Head Office : No.32, Manawhari Road, Dagon Tsp., Yangon
Tel : (95-1) 221 259, 538 946, 223 753, 230 0768, (95-9) 4430 49702 - 4
Fax : (95-1) 221 259, 538 946, 223 753, 230 0768 Ext : 102
Email : info@ktzcompany.com
Website : www.ktzcompany.com
Mandalay Office : No.6, Mya Nanda St., Bet (24th x25th) (62nd x 63rd) St., Mahar Zayar Bon Qtr,
Tel : (02) 61355, 61325, 09-680 1132, 680 7132
Nay Pyi Taw Office: No. 912, 22nd st., Aung Thayar Qtr., Pobba Thiri Tsp.,
Tel : 067 - 25585, 25586
Lashio Office : No-6(A), Butar Street, Part No.(4), 10 Wards, Lashio.
09-760944499, 09-760955599
Mawlamyine Office : No.(11) U Zi Na Pagoda Road, Pabedan Qtr,
09-783 868 835, 09 783

# စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာ၏ အစွမ်း

အောင်ဆန်း (စိုက်ပျိုးရေး)

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက (၁၅) သန်းကျော် စိုက်ပျိုးလျက်ရှိသည်။ စိုက်ဧကများအနက် ၇၅ ရာခိုင်နှုန်းကျော်သည် ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးကြသည်ကို တွေ့ရသည်။ တောင်သူလယ်သမားများသည် လယ်ယာလုပ်သားရှားပါးမှု လုပ်ခဈေးနှုန်းကြီးမြင့်မှု တစ်ဧကထုတ်လုပ်မှုစရိတ် မြင့်မားမှုတို့ကြောင့် စပါးကို ပျိုးထောင် ကောက်စိုက်စနစ်မှသည် ကြဲခင်းစနစ်သို့ ကူးပြောင်းခဲ့ကြခြင်း ဖြစ်သည်။

မလွဲသာ၍ ကြဲခင်းစနစ်သို့ဖက်တွယ်လာကြသော်လည်း စပါး ကြဲခင်းကို ကြဲခင်းအထွက်တိုးနည်းပညာအတိုင်း မကျင့်သုံးကြသဖြင့် စပါးအထွက်နှုန်းများကျဆင်းလာကာ တွက်ခြေမကိုက်ဖြစ်ကြရသည်ကို တွေ့ကြရသည်။ သို့အတွက် တောင်သူလယ်သမားများသည် မိမိစပါးကို ဈေးနှုန်းအနိမ့်နှင့် မရောင်းနိုင်တော့ဘဲ ဈေးနှုန်းအမြင့်ဖြင့်သာ ရောင်းနိုင်တော့သည်။ ဤသို့ဖြင့် စပါးဈေးမြင့်တက်နေသည် ။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အစီရင်ခံစာအရ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် စပါးတစ်ဧကေ ထုတ်လုပ်မှုကုန်ကျစရိတ် အများဆုံးနိုင်ငံဟု ဆိုထားသည်။

စပါးဈေးနှုန်းကြီးမြင့်ခြင်း၏ နောက်ဆက်တွဲကွင်းဆက်အဖြစ် စားသုံးသူပြည်သူများက ဆန်ကို ဈေးကြီးကြီးဝယ်စားနေရသည်။ ပြည်ပဆန်တင်ပို့နေသည့် Exporter ကြီးများသည် ပြည်ပရောင်းရသော ဈေးကနိမ့်နေသဖြင့် စပါးကို ဈေးကြီးပေး၍ ဝယ်ပြီး မကြိတ်ခွဲနိုင် ဖြစ်ကြရသည်။

စပါးတစ်ဧကေ ထုတ်လုပ်မှု၊ ကုန်ကျစရိတ်မြင့်နေခြင်းသည် စိုက်ပျိုးရေးနည်းစနစ်၊ လုပ်အားခကြီးမြင့်မှု၊ လယ်ယာလုပ်သား ရှားပါးမှု၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများ အဆမတန်မြင့်တက်နေမှုကြောင့် ဖြစ်ပေါ်ရသည်ဟု သုံးသပ်ပါသည်။ သို့ပါ၍ စိုက်ပျိုးရေးနည်းစနစ်ကြောင့် စပါးတစ်ဧကေ ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်မားမှုကို လျှော့ချရန် နည်းလမ်းကို ဆွေးနွေးပါမည်။ စပါး တစ်ဧကေ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချရန်မှာ စိုက်ပျိုးရေး နည်းစနစ် ရွေးချယ်မှုမှန်ရမည်။ တစ်ဧကေ တင်းရာကျော် ထွက်နိုင်ရမည်ဖြစ်သည်။

စပါးတစ်ဧကေအထွက် တင်းရာကျော် ထွက်ရှိရန်မှာ တစ်မီတာ ပတ်လည်အတွင်းတွင် စပါးအောင်နှံ ၃၇၅-၄၀၀ နှံ ပျမ်းမျှရှိရမည် ဖြစ်သည်။ တစ်နှံပါအောင်စေ့ ၁၀၀ ကျော်ရှိရမည်ဖြစ်သည်။ သို့အတွက် တစ်ဧကေ ရှိရမည့် ကောက်ပင် အရေအတွက်နှင့် တစ်ဧကေရှိရမည့် အနှံအရေအတွက် အောင်စေ့ အရေအတွက်တို့သည် စပါးအထွက်တိုးရန် အဓိကသော့ချက်ဖြစ်သည်။

တစ်ဧကေ စပါးထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချပြီး စပါးတင်း ရာကျော်ထွက်ရှိရန် ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းမှာ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း နည်းစနစ်ကို ရွေးချယ်ခြင်းပင်ဖြစ်သည်။ စပါးအတန်းလိုက်မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးခြင်းနည်းပညာသည် ဗီယက်နမ်နိုင်ငံတွင် ‘ဗီယက်နမ် စပါးမျိုးစေ့ချကိရိယာ’ ဟု အမည်တွင်၍ ၎င်းကိရိယာဖြင့် စိုက်ပျိုးသောဧကများစွာရှိသည်ကို တွေ့ရသည်။ ဤစိုက်ပျိုးနည်းစနစ်ဖြင့် တစ်ဧကေ တင်းရာကျော်ထွက်လျက်ရှိသည်။ သို့အတွက် ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဆန်တန်ချိန် (၆) သန်းတင်ပို့မည်ဟု ကြေညာထားခြင်းဖြစ်သည်။

စပါးမျိုးစေ့ချကိရိယာဖြင့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိသည်ကိုတွေ့ရသည်။ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံများတွင် စပါးကို ပျိုးထောင် စိုက်ပျိုးခြင်းနှင့် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းစနစ်နှစ်ခုတွင် အထွက်နှုန်း သိသိသာသာကွာခြားမှုမရှိကြောင်း သုတေသန စာတမ်းများအရ သိရှိရသည်။

မြန်မာနိုင်ငံတွင် နေပြည်တော်မပေါ်မီက ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ ကြိုးပမ်းမှုကြောင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း မြို့နယ်များတွင် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့သော ဧက အတော်များများရှိခဲ့ပါသည်။ ၁၉၈၀-၂၀၀၈ ခုနှစ်ထိ ရပ်တည်ခဲ့သည့် နည်းပညာဖြစ်သည်။ တစ်ဧကေ တင်းရာကျော်လည်း မလွတ်တမ်းထွက်ရှိသည်ကို တွေ့ရသည်။ ၎င်းနည်းပညာသည် ယခုထိတိုင် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း မြို့နယ်များတွင် ကြိုကြားကြိုကြား တည်ရှိနေသေးသည်ကို တွေ့ရသည်။

စာရေးသူ ရန်ကုန်တိုင်းတွင် တာဝန်ကျခဲ့စဉ်က သန်လျင်မြို့နယ်စစ်ပင်ကွင်း ကျေးရွာတွင် မိုးရာသီ၌ ရွှေမြန်မာစပါးမျိုးကို ပျိုးထောင်ကောက်စိုက်စနစ်နှင့် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသောစနစ်နှစ်ခုကို ယှဉ်ပြိုင်စမ်းသပ်ပြီး ရိတ်သိမ်းခဲ့ရာ ပျိုးထောင်ကောက်စိုက်စနစ်မှ တစ် ဧက ကျပ် ၃၀၀၀၀၀ ကျော်ကုန်ကျပြီး ၁၂၅ တင်း ထွက်ရှိခဲ့ပါသည်။ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်စနစ်မှ တစ်ဧကေ ကုန်ကျစရိတ်ကျပ် ၂၀၀၀၀၀ ခန့်သာ ကုန်ကျပြီး ၁၂၀ တင်း ထွက်ရှိခဲ့သည်ကို တွေ့ရပါသည်။ တစ်ဖန် လှည်းကူးမြို့နယ်၊ မလစ်ကျေးရွာတွင် မိုးရာသီ၌ ဆင်းသွယ်လတ်စပါးမျိုး ၃ ဧက ကို ပျိုးထောင် ကောက်စိုက်စနစ်နှင့် ဗီယက်နမ်စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသော စနစ်နှစ်ခုကို ယှဉ်ပြိုင်စမ်းသပ်ပြီး ရိတ်သိမ်းခဲ့ပါသည်။ ပျိုးထောင်ကောက်စိုက်စနစ်မှ တစ်ဧကေ ကုန်ကျစရိတ် ကျပ် ၃၁၀၀၀၀ ခန့် ကုန်ကျခဲ့ပြီး အစို ၁၃၂ တင်း ထွက်ရှိခဲ့ပါသည်။ ဗီယက်နမ်မျိုးစေ့ချကိရိယာဖြင့် စိုက်စနစ်မှ တစ်ဧကေ ကုန်ကျစရိတ် ကျပ် ၂၁၀၀၀၀ သာ ကုန်ကျခဲ့ပြီး တစ်ဧကေ စပါးအစို ၁၂၈ တင်း ထွက်ရှိခဲ့သည့်သာဓကေ ရှိခဲ့ပါသည်။

သို့သော် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမည်ဆိုပါက အထူးသတိပြုရမည့် အချက်များ ရှိပါသည်။ မြန်မာနိုင်ငံနှင့် သင့်လျော် ကောင်းမွန်သော စပါးမျိုးစေ့ချကိရိယာမှာ ဗီယက်နမ်စပါးမျိုးစေ့ချကိရိယာပင်ဖြစ်ပါသည်။ ကိရိယာ၏ ဘေးဘီးချောင်း၊ မချောင်၊ မျိုးစေ့ထည့်ဘူး Seed drum များရှိ မျိုးစေ့ထည့်အပေါက်ရှိ ထိန်းကလစ်ကို မြဲမြန်မှုရှိမရှိ၊ Seed drum ရှိ မျိုးစေ့ချအပေါက်များ မိမိလိုချင်သည့် အတန်းအကွာအဝေးရှိမရှိစစ်ဆေးပြုပြင်ရန်လိုအပ်ပါသည်။

မျိုးစေ့ချကိရိယာအား စစ်ဆေးပြီးလျှင် မျိုးညှောက်ဖောက်ရန် ၈၅ ရာခိုင်နှုန်းအပင်ပေါက်ရှိသည့်မျိုးကို အသုံးပြုရမည်။ မျိုးစေ့ကို ဆားရေစိမ်ပြီးမှ အညှောင့်ဖောက်ရန်လိုပါသည်။ အထူးသတိပြုရန် မှာ မျိုးစေ့ကို စာပါးစပ်ဖြူအဆင့်ရရှိအောင် သတိပြုရမည်ဖြစ်သည်။ မျိုးညှောင့်များရှည်ပါက လုံးထွေးနေပြီး Seed drum မှ မကျဘဲတစ်နေတတ်ပါသည်။ စာပါးစပ်ဖြူအဆင့်ရရှိသော စပါးစေ့များကို ရေအစိုများ ခမ်းသွားစေရန် ၄ နာရီခန့်ဖြန့်၍ လေသလပ်ခံထားရမည်ဖြစ်သည်။ စပါးစေ့များစိုပါက Seed drum တွင် ကပ်နေပြီး အပေါက်မှ အလွယ်တကူမကျဘဲ ဖြစ်နေတတ်ပါသည်။

ဒုတိယ သတိပြုရမည့်အချက်မှာ တမန်းကို ညက်အောင်ထွန်ပြီး ညီနေအောင် ကြမ်းတုံးဆွဲပေးရမည်ဖြစ်သည်။ ပေါင်းမြက် ပြောင်စင်အောင်ကောက်၍ ရေကို ပြောင်စင်အောင်ထုတ်ပြီး တမ်းအိပ်ရန် တစ်ညသိပ်ထားရန် လိုပါသည်။ ရေကိုလွယ်ကူစွာ ထုတ်နိုင်ရန်အတွက် ကန်သင်းပတ်လည်တွင် ပတ်မြောင်းထားရှိရန် လိုပါသည်။ တမန်းပျော့လွန်းပါက ကိရိယာ၏ ဘီးသည် တမန်းတွင်းနစ်နေခြင်း၊ Seed drum များ တမန်းဖြင့် ထိ၍ အပေါက်များရွှံ့ပိတ်ခြင်း ကြုံတွေ့ရတတ်ပါသည်။

စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမည်ဆိုပါက ပေါင်းသတ်ဆေး မဖြစ်မနေ အသုံးပြုရန် လိုအပ်ပါသည်။ သို့မဟုတ် စပါးကို ပေါင်းက နိုင်သွားပါက စပါးအထွက်ကျရန် သေချာပါသည်။ စပါးပင်သက်တမ်းနှစ်ပတ်သားအရွယ်မှစ၍ ကြားပေါင်းလိုက်ကိရိယာဖြင့် ပေါင်းလိုက်တမန်းနှိုးခြင်း (၃) ကြိမ်ခန့် ပြုလုပ်ပေးရန်လိုအပ်ပါသည်။ ပေါင်းလိုက်တမန်းနှိုးချိန်တွင် အသုံးပြုရမည့် ဓာတ်မြေဩဇာကို အလီလီခွဲ၍ တစ်ပါတည်းထည့်ပေးရန် ဖြစ်ပါသည်။ စပါးပင် တစ်ပတ်သားမှ နှစ်ပတ်သားအတွင်း ပင်ပွားကောင်းစေရန်အတွက် ရေကို ၁ လက်မမှ ၁ ဒသမ ၅ လက်မသာ ထိန်းညှိသိုလှောင်ထားရန် လိုပါသည်။ ရေများလျှင် ပင်ပွားနည်း၍ အထွက်ကျနိုင်ပါသည်။

စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် မြေချဉ်ငန်ကိန်းနိမ့်သော ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ မွန်၊ ကရင် ဒေသများတွင် စပါးမစိုက်ပျိုးမီ တစ်လအလိုတွင် တစ်ဧကေလျှင် မဖောက်ထုံး ပေါင် ၃၀၀ ကိုကြိုတင်ထည့်ပေးခြင်းဖြင့် သက်လျင်၊ သက်လတ် စပါးမျိုးများ၌ အထွက်နှုန်း ၈ ရာခိုင်နှုန်း ပိုမိုထွက်ရှိကြောင်း ရေဆင်းစိုက်ပျိုးရေး သုတေသနရလဒ်က ဆိုထားပါသည်။ ကန့်ဓာတ်ချို့တဲ့သော လယ်မြေ များတွင် တစ်ဧကေ ဂျစ်ပဆန် ပေါင် ၁၀၀ ထည့်ပေးခြင်းဖြင့် ၇-၂၆ ရာခိုင်နှုန်းထိ အထွက်တိုးကြောင်း သုတေသနရလဒ်က ထပ်မံဆိုထားပါသည်။ မြေချဉ်ငန်ကိန်း (၇) အထက်ရှိသော စစ်ကိုင်း၊ မန္တလေး၊ မကွေးဒေသများတွင် သွပ်ဓာတ်ချို့တဲ့တတ်သဖြင့် တစ်ဧကေ ဇီယာ ဓာတ်မြေဩဇာသုံးပေါင်နှုန်းအသုံးပြုခြင်းဖြင့် တစ်ဧကေ စပါးအထွက် ၅-၂၅ ရာခိုင်နှုန်း ပိုမိုထွက်ရှိကြောင်း သုတေသနရလဒ်က ထပ်မံ ဆိုထားပါသည်။

စပါးမျိုးစေ့ချကိရိယာသည် သက်လျင်သက်လတ် စပါးမျိုးများအတွက်သာ သုံးသင့်ပါသည်။ သက်ကြီးစပါးများအတွက် မသုံးသင့်ပါ။ ရေမြေအခြေအနေတွင်လည်း ရေတော်မိုးတော်ဒေသများတွင် ပိုမိုအသုံးပြုသင့်ပါသည်။ မိုးရာသီတွင် စိုက်ပျိုးမည်ဆိုပါက မြန်မာပြည်အောက်ပိုင်းဒေသ၊ မိုးများလွန်းပါက မျိုးစေ့များရေမျော၍ အတန်းပျောက်ပြီးကစဉ်ကလျား ဖြစ်နိုင်သဖြင့် မိုးလေဝသ အခြေအနေကို နားစွင့်၍ ချိန်ဆစိုက်ပျိုးရန် သတိပြုသင့်ပါသည်။ မြန်မာပြည်အထက်ပိုင်းဒေသများအတွက် ပြဿနာမရှိပါ။ မျိုးစေ့အပင်ပေါက်လာပြီး အပင်ကြဲသော နေရာများတွင် ကောက်ပင် ပြန်ဖာရန်လိုအပ်ပါသည်။ အခြားလုပ်ငန်းစဉ်များကို ပုံမှန်လုပ်ဆောင်ရန်ဖြစ်ပါသည်။

ဗီယက်နမ်မျိုးစေ့ချကိရိယာသည် ပေ့ါပါးပြီးဘီးသည် ၁၂ ပေ ရှိသဖြင့် တမန်းနှင့်လွတ်ပြီး လွယ်လွယ်ကူကူဆွဲ၍ အသုံးပြုနိုင်သော ကိရိယာဖြစ်ပါသည်။ Seed drum ၆ ခုပါရှိပြီး Seed drum တစ်ခုစီတွင် အပေါက်နှစ်ပေါက် (တန်း) ပါသဖြင့် တစ်ကြိမ်ဆွဲလျှင် ကောက်ငန်း ၁၂ တန်းရရှိပါသည်။ ကောက်ငန်းအကျယ် ၁. ၅ ပေ ရှိသဖြင့် ပြီးစီးမှု မြန်ဆန်ပါသည်။ စပါးကိုလူဖြင့် ပျိုးထောင်ကောက်စိုက် စိုက်ပျိုးပါက ကောက်စိုက်လုံမေ ၂၀ ဦး၊ ပျိုးနုတ်လုပ်သား ၅ ဦး လိုအပ်ပါသည်။ လုပ်သားတစ်ဦးကျပ် ၅၅၀၀ ဖြင့်ဆိုလျှင် ပျိုးနုတ် ကောက်စိုက်ရုံပင် ကုန်ကျစရိတ် ကျပ် ၁၂၀၀၀၀ ခန့် ကုန်ကျပါသည်။ ပြီးစီးမှုမှာ တစ်နေ့ တစ်ဧကေသာ ပြီးစီးနိုင်ပါသည်။ စပါးမျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးပါက လုပ်သားသုံးဦး လိုအပ်ပါသည်။ လုပ်သားတစ်ဦး ကျပ် ၆၀၀၀ ဖြင့် ကျပ် ၁၈၀၀၀ သာ ကုန်ကျပါသည်။ ပြီးစီးမှုမှာ ကျွမ်းကျင်ပါက တစ်နေ့ ၄-၅ ဧကေထိ ပြီးစီးနိုင်ပါသည်။ ကုန်ကျစရိတ်သက်သာသဖြင့် အလွန်တွက်ခြေကိုက်သော လုပ်ငန်းဖြစ်ပါသည်။

စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသဖြင့် စပါးအထွက်ကျပြီး အရှုံးပေါ်ရသည်ဆိုသည့် ဆောင်းပါးများလည်း များစွာဖတ်ခဲ့ရဖူးပါသည်။ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြီး အခြားနိုင်ငံများတွင် အောင်မြင်မှုရရှိနေပြီး မြန်မာနိုင်ငံတွင်လည်း အောင်မြင်သည့် သာဓကေများကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးလျှင် ဂရုတစိုက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာလုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျမဆောင်ရွက်ဘဲ လျစ်လျူရှုထားမည်ဆိုပါက အထက်ပါဆောင်းပါးရှင်များဆိုသကဲ့သို့ အရှုံးပေါ်ရန် မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။

သို့ပါ၍ တစ်ဧကေ ထုတ်လုပ်မှု ကုန်ကျစရိတ်လည်းသက်သာ၊ အထွက်နှုန်းလည်းရာကျော်ရန် သေချာသည့် စပါးမျိုးစေ့ချကိရိယာကို အခြေအနေပေးသော ဒေသများတွင် မဖြစ်မနေ အသုံးပြု စိုက်ပျိုးကြဖို့ တိုက်တွန်းလိုက်ရပါသည်။

■

# ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းများ အသွင်ပြောင်းရေး

## [illegible]

[ မောင်လွင်ပြင် ]

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီး စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်နေ၏။ ထို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာရပ်များကို စီးပွားရေးလုပ်ငန်းများတွင် ပေါင်းစပ် လုပ်ကိုင်ရန် နိုင်ငံတော်ကတွန်းအားပေးရန် လိုသည်။ ဒစ်ဂျစ်တယ် နည်းပညာရပ်များကို စီးပွား ရေးလုပ်ငန်းများနှင့် ပေါင်းစပ်အသုံးချရေး တွန်းအားပေးမည်ဆိုလျှင် နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ် လိုသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုး ရသည် 'ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ'ကို ဖွဲ့စည်းထားသည်။ ယင်းဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ နာယကသည် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖြစ်သည်။ ဥက္ကဋ္ဌကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းဖြစ်၏။ ယင်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို နေပြည်တော်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။ အစည်းအဝေးအကြောင်း မပြောခင်ကော်မတီအကြောင်း ဦးစွာတင်ပြလိုသည်။

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကို ဖွဲ့စည်းရခြင်းရည်ရွယ်ချက်မှာ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ထူထောင်ပြီး တိုင်းပြည်၏ ဝင်ငွေရှာဖွေရန်၊ လက်ရှိစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည်၊ ထုတ်လုပ်မှု စွမ်းရည်များမြှင့်တင်ရန်နှင့် တိုင်းပြည်ဝင်ငွေပိုမိုရှာဖွေနိုင်ရန် ကျေးလက်ဒေသနေပြည်သူများအပါအဝင် ပြည်သူအားလုံး ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုပြီး လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရန် စသည့်ရည်ရွယ်ချက်များ အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရ၏။

ယခုအခါ အာဆီယံနိုင်ငံအများစုသည် ဒစ်ဂျစ်တယ် နည်းပညာအသုံးချပြီး စီးပွားရေးလုပ် ငန်းများလုပ်ကိုင်နေပြီး တိုင်းပြည် စီးပွားရေးကောင်းနေကြသည်ကို တွေ့မြင်နေရသည်။ အာဆီယံနိုင်ငံအားလုံးလိုလို စီးပွားရေးလုပ်ငန်း မှန်သမျှကို ဒစ်ဂျစ်တယ်နည်းပညာများပေါင်းစပ် ချဲ့ထွင်လုပ်ကိုင်နေကြသည်။ မြန်မာနိုင်ငံသည် ဒစ်ဂျစ်တယ်နည်းပညာစီးပွားရေးလုပ်ငန်းများ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာရပ်များ အသုံးချပြီး စီးပွားရေးလုပ်ကိုင်ရာတွင် နောက်ကျကျန်ရစ် မနေဖို့လိုသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံ များ၏ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများက ရရှိသော ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံအထိရှိသည်။ ၂၀၂၅ ခုနှစ် ဝင်ငွေဒေါ်လာ တစ်ထရီလီယံအထိ တိုးမြှင့်ရရှိလာနိုင်ခြေရှိသည် ဟုခန့်မှန်းကြသည်။ ဒစ်ဂျစ်တယ်စီးပွားရေးလုပ် ငန်းဝင်ငွေသည် တစ်ကမ္ဘာလုံးတွင်လည်း တိုးနေ၏။ ၂၀၁၆ ခုနှစ်ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများက ရရှိသော ဝင်ငွေသည် တစ်ကမ္ဘာလုံးထုတ်လုပ်မှုဂျီဒီပီတန်ဖိုး၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားကြ၏။ ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်နည်းပညာသုံး စီးပွားရေးလုပ်ငန်းများ တိုးတက်မှုနှုန်းသည် အခြားသမားရိုးကျစီးပွားရေးလုပ်ငန်းများထက် တိုးတက်မှု ၂ ဒသမ ၅ ဆပိုမြင့် နေသည်ဟုလည်း သိရသည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် ပို၍ ရင်းနှီးမြှုပ်နှံ လာနေကြသည်။ ရင်းနှီးမြှုပ်နှံမှု အချိုးအဆသည်လည်း အခြားသမားရိုးကျစီးပွားရေးလုပ်ငန်းများထက် ရင်းနှီးမြှုပ်နှံမှု ၆ ဒသမ ၇ ဆရှိပြီး အကျိုးအမြတ်လည်း ပိုမိုရရှိနေသည်ဟု စစ်တမ်းများက ဆိုသည်။

ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)ကို အချို့က ဒစ်ဂျစ်တယ် ကုန်သွယ်ရေး (Digital Trade) ဟုခေါ်သည်။ အချို့ကလည်း အီလက် ထရွန်းနစ်ကူးသန်းရောင်းဝယ်ရေး (e-Commerce) ဟုလည်း ခေါ်ကြသည်။ ဆိုလိုရင်းကတော့ စီးပွား ရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုလျှင် ဒစ်ဂျစ်တယ် နည်းပညာများ ထည့်သွင်းပေါင်းစပ်လုပ်ကိုင်ခြင်းသာ ဖြစ်သည်။ မိမိ၏စီးပွားရေးလုပ်ငန်းကို အင်တာနက် အွန်လိုင်းချိတ်ဆက်ပြီး ကြော်ငြာမည်။ အသိပေးမည်။ ဖြန့်ချိရောင်းချမည်။ မိမိ၏ စီးပွားရေးလုပ်ငန်းအကြောင်း ဝက်ဘ်ဆိုက်ထောင်ထားမည်။ စားသုံးသူဝန်ဆောင်မှုပေးခြင်းအတွက် လူမှုကွန်ရက်စာမျက်နှာများ အသုံးချမည်။ ဈေးကွက်ရှာဖွေချဲ့ထွင်ခြင်း၊ အစိုးရဌာနဆိုင်ရာနှင့် ဆက်ဆံခြင်းကိစ္စများကိုလည်း အင်တာနက် အွန်လိုင်းဖြင့်သာ ချိတ်ဆက်အလုပ်လုပ်မည်။ စီးပွားရေးလုပ်ငန်းကို ဒစ်ဂျစ်တယ်နည်းပညာ ပေါင်းစပ်လုပ်ကိုင်သောအခါ လျင်မြန်သွက်လက်လာမည်။ ဆန်းသစ်တီထွင်မှုလည်း ရှိလာ၍ ဒေသတွင်းသာမက နိုင်ငံတကာကိုပါ ထိုးဖောက်နိုင်မည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းအဖြစ် စီးပွားရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ် နည်းပညာများ ထည့်သွင်းပေါင်းစပ်လုပ်ကိုင်တော့မည်ဆိုလျှင် e-Government၊ e-Community စသည်တို့လည်း ပါဝင်လာပေတော့မည်။ မြန်မာနိုင်ငံကို e-Government အဖြစ်၊ e-Community အဖြစ် အသွင်ပြောင်းပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင်လည်း ဒစ်ဂျစ်တယ်စီးပွားရေး အသွင် ဖန်တီးယူပြီဆိုလျှင် မြန်မာနိုင်ငံသည် စတုတ္ထမြောက် စက်မှုတော်လှန်ရေးရေစီးထဲ ခုန်ပျံကျော်လွှားဝင်ရောက်လိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ စတုတ္ထမြောက် စက်မှုတော်လှန်ရေးဟူသည် ဒစ်ဂျစ်တယ်နည်းပညာကို အခြေခံသည်။

လက်ရှိအနေအထားသည် မြန်မာနိုင်ငံအဖို့ ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းများအဖြစ် အသွင်ပြောင်းနိုင်ရန် လွယ်ကူသည့် အချိန်ကာလကောင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှု သိပ်သည်းဆ ရာခိုင်နှုန်း ၁၁၀ အထိ ရှိလာနေသည်။ မိုဘိုင်းဖုန်းအသုံးပြုသူများ၏ ၈၀ ရာခိုင်နှုန်းသည်လည်း စမတ်ဖုန်းများ အသုံးပြုနေကြ၏။ စမတ်ဖုန်းသုံးနိုင်ပြီဆိုလျှင် အင်တာနက် ချိတ်ဆက်အသုံးပြုမှု အားကောင်းနေမည်။ အင်တာနက် ဝက်ဘ်ဆိုက်များနှင့် အွန်လိုင်းဝန်ဆောင်မှုများ အသုံးပြုလာနိုင်ပြီဆိုလျှင် ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒစ်ဂျစ်တယ်ပညာရေး၊ ဒစ်ဂျစ်တယ်ကျန်းမာရေး၊ ဒစ်ဂျစ်တယ်လူမှုရေးများက အစ ဒစ်ဂျစ်တယ် ဈေးရောင်းဈေးဝယ်မှုများ၊ အွန်လိုင်းရှော့ပင်းကိစ္စများ၊ ဒစ်ဂျစ်တယ် ဖျော်ဖြေရေးကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တစ်ခုတော့ရှိသည်။ အစိုးရက ဒစ်ဂျစ်တယ် နည်းပညာနှင့် ပိုမိုရင်းနှီးအောင် ပြည်သူလူထုအား အသိပညာပေးမှုများ များများပြုလုပ်ပေးဖို့တော့ လိုမည်။

ကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးတွင် ကော်မတီနာယက ဒုတိယသမ္မတက ဒစ်ဂျစ်တယ် နည်းပညာသုံးပြီး ဒစ်ဂျစ်တယ်စီးပွားရေး လုပ်ငန်းများထူထောင်ကာ တိုင်းပြည်ဝင်ငွေတိုးအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ခရီးသွားလုပ်ငန်းများနှင့် SME စက်မှုလက်မှုလုပ်ငန်းများ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဒစ်ဂျစ်တယ်နည်းပညာသုံးပြီး မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ e-Commerce နှင့် Digital Payment၊ Digital Market များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် အားပေးသွားရန်လိုကြောင်း၊ ထို့ပြင် အစိုးရဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုများ၊ ငွေပေးချေမှုများကို ဒစ်ဂျစ်တယ် ကွန်ရက်ပေါ်က အသုံးပြုနိုင်အောင် အားပေးသွားရန် လိုကြောင်းများကို ပြောကြားသွားသည်။

ကော်မတီသည် နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်စွဲဖြင့်ဖွဲ့စည်းခဲ့သည့် e-Government ဦးဆောင်ကော်မတီ၊ e-Government အကောင်အထည်ဖော်ရေးလုပ် ငန်းကော်မတီနှင့် ချိတ်ဆက်ထားပြီး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေသည်။ ပုဂ္ဂလိကကဏ္ဍနှင့်လည်း ချိတ်ဆက်ထားပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီအဖွဲ့ဝင်များကိုလည်း ထပ်မံဖြည့်စွက်ဖွဲ့စည်းထားသည်။ ထို့ပြင် အစိုးရဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ် ကျောင်းသားများအတွက် Capacity Development ဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မြန်နှုန်းမြင့် ဖိုင်ဘာကွန်ရက် ချိတ်ဆက်ခြင်းနှင့် စာသင်ကျောင်းများတွင် အင်တာနက် အသုံးပြုနိုင်ရန်လည်း နိုင်ငံတကာနည်းပညာကုမ္ပဏီများနှင့် ချိတ်ဆက်ထားပြီးဖြစ်သည်စသည်ဖြင့်လည်း ပြောကြားခဲ့ပါသေးသည်။ ကော်မတီ၏ လမ်းပြမြေပုံအရ မဟာဗျူဟာအခြေခံမူဘောင် ခြောက်ရပ်ရှိသည်။ ဦးစားပေးနယ်ပယ်ကိုးခုရှိ၏။ မဟာဗျူဟာအလိုက် ရေတိုရေရှည်ဆောင်ရွက်သွားမည့် လက်တွေ့လုပ်ငန်းစဉ်များလည်း ချမှတ် ရေးဆွဲပြီးဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**စာရေးသူအာဘော်သာဖြစ်သည်။**



# ဟသ်ာတခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၆) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်တွင် ဟသ်ာတခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်နှင့် ဖိတ်ကြားသူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ဟသ်ာတခရိုင် ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အချိန်အဟုန်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့ကို ပြောကြားခဲ့ပြီး၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က ဌာန လမ်းညွှန်ချက်များ၊ ဆွေးနွေးဆုံးဖြတ်ရမည့် အမှာစာများ၊ သိမ်းဆည်းထားသော စားသုံးရန်မသင့် ကုန်စည်များအား အဖွဲ့ဖြင့် ဖျက်ဆီးနိုင်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများမှ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဆက်လက်၍ သိမ်းဆည်းထားသော ခွင့်မပြုဆိုးဆေး သုံးစွဲထားသည့် Miki-Ko အမှတ်တံဆိပ် ချယ်ရီသီးဗူးများ (ကာလတန်ဖိုး ၈၅၅၀၀ ကျပ်) ခန့်ကို အဖွဲ့ဖြင့် ဟသ်ာတမြို့ ပဒေသာဈေးအမှိုက်ကန်းတွင် မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။**မောင်မောင်မြတ်ခိုင်**

# ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုပိုမို

ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းတစ်ပတ် အတွင်း မြန်မာ-တရုတ် နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၀၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ် ရေးဇုန်မှ RSS- 3 အမျိုးအစား ၈၉၉ တန်နဲ့ MSR-20 အမျိုးအစားတန်ချိန် ၁၂၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS- 3 အမျိုးအစား ၈၄၆ တန်ကျော် တင်ပို့ခဲ့ကြောင်းနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ Synthetic Rubber တန်ချိန် ၂၁၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၈၇၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၉၆ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS- 3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၇ ဒသမ ၀၉၈ သိန်းရှိကြောင်း ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၁၀၂၀၇ ကျပ်ဈေးကျကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

# ပုသိမ်မြို့ မြကျွန်းသာအိမ်ရာဝင်းတွင် ဆိုင်ခန်းများ အရောင်းပြပွဲ ကျင်းပပြုလုပ်

ပုသိမ်မြို့၊ မြကျွန်းသာအိမ်ရာဝင်း စီမံကိန်းမြေ (၉) ဧကပေါ်တွင် လက်ရှိဆောက်လုပ်ပြီး/ဆောက်လုပ်ဆဲ အိမ်ရာများ၊ မကြာမီဆောက်လုပ်မည့် Junction Square ကပ်လျက် ဂရန်အမည်ပေါက် ဆိုင်ခန်းများ အရောင်းပြပွဲကို ဇန်နဝါရီလ ၁၂ နှင့် ၁၃ ရက်နေ့များတွင် နံနက် (၀၉း၀၀) နာရီမှ ညနေ (၁၇း၀၀)နာရီအထိ မြကျွန်းသာအိမ်ရာဝန်း DIG ရုံးခန်းနှင့် Junction Square မြေညီထပ်၊ ကျွန်းတောလမ်း၊ ရန်ကုန်မြို့တို့တွင် တစ်ပြိုင်နက်တည်း ရောင်းချပေးခဲ့ပြီး အနာဂတ်တွင် တိုင်းအတွင်း ဖွံ့ဖြိုးလာမည့် မြို့ပြအိမ်ရာစနစ်ကို အကောင်အထည်ဖော်လျက်ရှိသော မြကျွန်းသာအိမ်ရာ စီမံကိန်းမှာ ပြပွဲ(၂)ရက်အတွင်း ဝယ်ယူသူများကို လက်ငင်းစနစ်ဖြင့်လည်းကောင်း၊ (၂)နှစ် အတိုးမဲ့ အရစ်ကျစနစ်ဖြင့်လည်းကောင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပုသိမ်မြို့ ရာပြည့် ရာထူးအလုပ်ခွင် ဝင်ခွင့် သင်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများသည် စကားဝါလမ်း၊ ရာပြည့်ရာထူး အလုပ်ခွင်ဝင်ခွင့်သင်တန်းကျောင်း၌ ဇန်နဝါရီ ၁၁ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရာ တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာ ဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဌာန၏ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦးက ထုတ်ပြန်ကြော်ငြာထားသော စားသောက်ကုန်များအကြောင်း စားသုံးသူရေးရာ ဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ တိုင်ကြားမှုများ လက်ခံဆောင်ရွက်ပေးနေခြင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ နစ်နာမှုများရှိလာပါက တိုင်ကြားဖြေရှင်းခြင်းဖြင့် ရသင့်ရထိုက်သော အခွင့်အရေးရရှိမှု၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူအသိပညာ ဗဟုသုတများကို ဟောပြောဆွေးနွေးခဲ့ပြီး သင်တန်း ဆရာ/ဆရာမများနှင့် ကျောင်းသား/သူ ၁၅၀ ဦး တက်ရောက်၍ ဟောပြောပွဲပြီးဆုံးချိန်တွင် စားသုံးသူရေးရာ လက်ကမ်းစာစောင်များ၊ ဥပဒေဆိုင်ရာ စာစောင်များနှင့် စားသုံးသူ အကာအကွယ်ပေးရေး သတင်းများပါဝင်သော သတင်းစာ၊ ဂျာနယ်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမိုက်ကယ် (ပုသိမ်)**

# မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ ဝါးလုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၆၉ တန်ဖိုးရှိ ဝါးလုံးအကြီးတန် ၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဝါးတင်ပို့မှုမရှိဘဲ ဒီဇင်ဘာနောက်ဆုံးပတ်က ဝါးလုံးအကြီး ၇၄ တန်နဲ့ ဝါးလုံးအသေးတစ်တန်တင်ပို့ခဲ့ကြောင်း၊ မောင်တောမှာ ဝါးလုံးအကြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀ ရှိပြီး ဝါးလုံးအသေးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပိုလို (၂၀၁၀) | စတိ | ၂၃၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဝှရှ် (၂၀၀၃) | I | ၂၄၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၃။ | ဟွန်ဒါ/ရှပ်တဲလ်(၂၀၁၂) | M | ၂၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | အာလ်ဖတ် | G | ၃၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၅။ | ကယ်လ်ဒီးနား (၂၀၀၃) | H | ၁၈၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဟွန်ဒါ/အင်ဆိုက် (၂၀၀၉) | P | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ကလူဂျာ (၂၀၀၃) | I | ၃၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၂၅ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (1), ခန်း SB (1) ခန်း | ၈.၅ သိန်း | ပစ္စည်းစုံပါဝင် (၁) လငှားခနှုန်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၂။ | ကွန်ဒို | အလုံမြို့နယ်၊ အောကစ်ကွန်ဒို | ၂၀၀၀ စ/ပေ | MB (2), ခန်း BR (2) ခန်း | ၂၅၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၃။ | အိမ်/မြေ | တ/ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းသွယ် | (၄၀ x ၆၀ )ပေ | RC (2) ထပ် | ၂၀၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ကံ့ကော်ကွန်ဒို | ၁၆၅၀ စ/ပေ | MB (2), BR (1) | ၂၅၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၅။ | လုံးချင်း | သယ်န်းကျွန်း(သုဝဏ္ဏ)၊ ဗီအိုင်ပီရပ်ကွက် | ၆၄၀၀ စ/ပေ | RC (2) ထပ်ခွဲ | ၈၅၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၆။ | မြေ | ရန်ကင်း၊ (၁၃) ရပ်ကွက် | (၃၅ x ၈၀)ပေ | မြေသီးသန့် ခြံခတ် | ၃၈၀၀ သိန်း | | ၀၁/၅၆၃၀၇၀ |
| ၇။ | လုံးချင်း | ရန်ကင်း၊ ပြည်သာယာ၊ ဘောက်ထော် | ၇၀၀၀ စ/ပေ | RC (2) ထပ် | ၁၃၀၀ သိန်း | | ၀၁/၅၆၃၀၇၀ |
| ၈။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၃ x ၄၅)ပေ | (ပ) ထပ်၊ လှေကားထိုးခင်း | ၆၅၀ သိန်း | ပြင်ဆင်/အသင့်နေ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ(၄) လမ်း | (၃၀ x ၅၀)ပေ | RC (1) ထပ် | ၁၃၅၀ သိန်း | ထောင့်ကွက်၊ နေရာကောင်း | ၀၉/၄၀၂၀၇၁၉၂၂ |

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကားမောင်းပွဲ၊ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကျင်းပပြုလုပ်သည့် ရက်သတ္တပတ်ခရီးသွားပွဲ "Journey to the Naga Land" Rally Sagaing/ MHTTR-7 2019 ကားမောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၁ ရက်က မုံရွာမြို့မြို့တော်ခန်းမရှေ့၌ ကျင်းပပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ MHTTR ကားမောင်းခရီးသွားအဖွဲ့သားများ တက်ရောက်ဖွင့်လှစ်ခဲ့ပါသည်။ အခမ်းအနားတွင် မြန်မာ့ရိုးရာဒေသထွက်ပြခန်း(၇)ခန်း ပါဝင်ပြသရာ ကျောက်တ္တာယွန်းထည်၊ ရက်ကန်းကျောင်းမှ ချည်ထည်များ၊ လျှော်ဖြူထွက်ကုန်ပစ္စည်းများ၊ မုံရွာစက်မှုဇုန်ထုတ်ကြာဆန်၊ ငြိမ်းချမ်းရေးပဲခွဲစက် ပဲခြမ်း၊ ပဲမှုန့်၊ ပဲမျိုးစုံ၊ ကွမ်းသီး၊ သနပ်ခါးနှင့် ဒေသထွက်ကုန် ဇေယျာကုန်သွယ်မှုဗဟိုဌာနမှ ပြခန်းများ ပြသထားရာ တက်ရောက်လာသူများက စိတ်ဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြပါသည်။

“ဒီလို ခရီးသွားဈေးကွက်မြှင့်တင်မှုများကြောင့် တိုင်းဒေသကြီးအတွင်း သွားလာနေထိုင်မှု အဆင်ပြေ စိတ်ချမ်းသာ ပျော်ရွှင်စေမယ်ဆိုရင် များများလာမယ်။ ကြာကြာနေမယ်။ များများ သုံးသွားကြမယ်ဆိုရင် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် လူမှု နယ်ပယ်အသီးသီးကို ဝင်ငွေတွေ ပျံ့နှံ့စီးဝင်သွားပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်တယ်” ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်ကိုင်းခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယကောင်စစ်ဝန်ရုံး(မန္တလေး)တို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၁ ရက်/၁၂ ရက်များတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် မြန်မာ-အိန္ဒိယ စီးပွားရေး ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အသင်းအဖွဲ့များ၊ အိန္ဒိယကုန်သည်အသင်းမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ဌာနစသည့် ဌာန ဆိုင်ရာများ၊ စစ်ကိုင်းတက္ကသိုလ်မှ ပညာရှင်များနှင့် လုပ်ငန်း ရှင်များ တက်ရောက်ဆွေးနွေးကြပြီး၊ ချစ်ကြည်ရေးဖျော်ဖြေပွဲများ၊ ပြည်ပဧည့်သည်များအတွက် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ **ရီလင်းထွဋ်(မုံရွာ)**

# မြန်မာ့လက်ဖက် ယဉ်ကျေးမှုပြခန်း တရုတ်နိုင်ငံတွင် ဖွင့်လှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတွင် မြန်မာ့လက်ဖက် ယဉ်ကျေးမှုပြခန်းဖွင့်ပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ တွင် ကျင်းပပြုလုပ်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်၊ ကုန်သွယ်ရေးကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦး၊ Myanmar Tea Garden Group၊ အာဆီယံကောင်စစ်ဝန်ချုပ်ရုံးများ၊ ကွမ်ရှီးပြည်နယ် အစိုးရဌာနတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး Myanmar Tea Garden Group မှ ဦးမောင်လွင်က မြန်မာ့လက်ဖက်ယဉ်ကျေးမှုနှင့် ထူးခြားချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Myanmar Tea Garden Group နှင့် Shenzhen Commercial and Trade City တို့၏ မြန်မာ့လက်ဖက်တရုတ်နိုင်ငံဈေးကွက်သို့ ပုံမှန်တင်သွင်းဖြန့်ဖြူးရေး သဘောတူညီချက်ကို နှစ်ဖက်တာဝန်ခံများက လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ ထို့နောက် မြန်မာကောင်စစ်ဝန်ချုပ်၊ ကုန်သွယ်ရေးကိုယ်စားလှယ်နှင့် Myanmar Tea Garden Group Managing Director ဦးမျိုးဝင်းအောင်တို့က မြန်မာ့လက်ဖက် ယဉ်ကျေးမှုပြခန်းကို ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာ့လက်ဖက်ယဉ်ကျေးမှုပြခန်းကို မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံး မြေညီထပ်တွင် Myanmar Tea Garden Group မှ ဖွင့်လှစ်ခြင်းဖြစ်သည်။ ဖွင့်ပွဲ အခမ်းအနားသို့ တရုတ်နိုင်ငံ ပေကျင်း၊ ရှမ်းရှီး၊ ကွမ်ရှီး၊ ကွမ်တုံ၊ ဟိုင်နန်၊ ဟောင်ကောင်တို့မှ ကုန်သည်လုပ်ငန်းရှင် ၇၀ ခန့်တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်များအား မြန်မာ့လက်ဖက်သုတ်၊ လက်ဖက်ရည်ချို၊ ရေနွေးကြမ်းများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိပါသည်။ **TLO(Myantrade)**

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေး လုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ပတ်သက်၍ စာတွေ့/ လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၁၂) ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေး ပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာန အသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင် ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့လည်း သင်တန်းတွင် ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် (၃) ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) ဖြင့် (၃) လခွဲကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းသားများ လက်ခံနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **TTI**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၂၁-၁-၂၀၁၉ မှ ၂၇-၁-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ဘဝတိုက်ပွဲတွင်မိမိကိုယ်ကို ကြိုးစားနေရတတ်သည်။ စီးပွားရေးလုပ်ငန်းတို့တွင် ဓာတ်သတ္တုတူးဖော်ရှာဖွေရေးလုပ်ငန်း အကျိုးပေးပါသည်။ ပညာရေးတွင်ဥပဒေပညာရပ်တွင်ထူးချွန်မှု ရှိလိမ့်မည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးကို တည်ဆောက်ရန် ဆန္ဒရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ပေါင်တွင် အကြိတ်အဖုဖြစ်ခြင်း၊ သက်တန့်ဖြစ်ခြင်း ခွဲစိတ်ခံရတတ်သည်။

**ယတြာ။ ။သစ်တော်သီးကို ခွဲစိတ်၍လှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့်လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရတတ်သည်။ အကျိုးဆောင်လုပ်ငန်း၊ လေလံဆွဲသောလုပ်ငန်း၊ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများအကျိုးပြုပါသည်။ ပညာရေးတွင် အတွေးအခေါ် ဉာဏ်ထက်မြက်နေမည်။ အချစ်ရေးကိစ္စများတွင် အေးဆေးတည်ငြိမ်မှုရှိနေမည်။ အိမ်ထောင်ရေးတွင် ချစ်ခင်ကြင်နာမှု တာဝန်ကျေပွန်မှုများ ရှိနေမည်။ ကျန်းမာရေးတွင် ရင်ဘတ်အောင့်ခြင်း၊ အရိုးအဆစ်နာကျင်ခြင်းသတိထားရတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပြီး လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** အပြိုင်အဆိုင်အတိုက်အခံများကြောင့် စီးပွားရေးလုပ်ငန်းများအရှုံးဖြစ်ပေါ်နေတတ်ပါသည်။ ရေလုပ်ငန်းတွင်ကျယ်မှုရှိတတ်သည်။ စက်တပ်ယာဉ်၊ သင်္ဘောသမ္ဘာန်၊ လှေစသည်တို့နှင့်စီးပွားရေးလုပ်လျှင် အကျိုးဖြစ်ထွန်းလိမ့်မည်။ ဉာဏ်ရည်ဉာဏ်သွေးကောင်းနေမည်။ ပညာရေးအောင်မြင်မှုရရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေသည်။ ကျန်းမာရေးကောင်းနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ကြီး ၉ ကြီး အဓိဋ္ဌာန်ဝင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အပေါင်းအသင်း၏အကူအညီရမှု အကျိုးသက်ရောက်မှုရှိနေမည်။ စီးပွားရေးလုပ်ငန်းများတွင်ဖုန်းများနှင့် လျှပ်စစ်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ကွန်ပျူတာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာပညာရပ်များ အကျိုးပေးမည်။ အချစ်ရေးတွင် စိတ်တိုင်းကျသူကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အသက်ရှူပြွန်ရောင်သောဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ဘုရား၊ ကျောင်း၊ ဇရပ်တို့တွင် သန့်ရှင်းရေးလုပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ထင်ပေါ်ကျော်စောမှုလည်းရှိနေမည်။ စီးပွားရေးလုပ်ငန်းတို့တွင် အလှကုန်ပစ္စည်းများ၊ ယာဉ်ကားနှင့်စက်ကိရိယာပစ္စည်းများအကျိုးပေးလိမ့်မည်။ ပညာရေးကြိုးစားနေရတတ်သည်။ ချစ်သူ၏အလိုကိုလိုက်လျောမှုပြုရလိမ့်မည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအဖျားကြီးခြင်း၊ တိုက်ဖွိုက်ဖြစ်ခြင်းရှိတတ်သည်။

**ယတြာ။ ။ဆေးဝါးလှူပါ။ လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** အေးဆေးတည်ငြိမ်စွာရှိနေမည်။ ခရီးသွားလာမှုများနေမည်။ စီးပွားရေးတွင် ဖိမ်ခံပစ္စည်း၊ အိမ်အသုံးအဆောင်၊ အိပ်ခန်း၊ ကုတင်မွေ့ယာ စက်တီခုံများရောင်းဝယ်ပါက အဆင်ပြေမှုဝင်ငွေအားကောင်းမှုများရှိနေမည်။ ပညာရေးသင့်တင့်မှုရှိနေမည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ဖက်၏ ဂရုစိုက်မှုခံရတတ်သည်။ ကျန်းမာရေးအနေဖြင့်သွေးတိုး၊ ဆီးချိုရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ဂန္ဓမာပန်းအဖြူဘုရားတွင် သက်စေ့လှူပါ။**



**စနေသားသမီးများအတွက်** ယခုကာလအတွင်း စီးပွားရေး၊ လူမှုရေးကိစ္စများနှင့်ပတ်သက်၍ စိတ်ပင်ပန်းမှုများနေတတ်သည်။ မျှော်လင့်သလိုစီးပွားဖြစ်ထွန်းမှုအားနည်းနေတတ်သည်။ ကြိုးစားအားထုတ်မှုပြုရလိမ့်မည်။ ပညာရေးတိုးတက်မှုရှိသည်။ အချစ်ရေးတွင်နှစ်ခါပြန်ချစ်သူကို ကြိုးစားရလိမ့်မည်။ အိမ်ထောင်ဖက်နှင့်တစ်နယ်ခြားဖြစ်နေရတတ်သည်။ ကျန်းမာရေး လေနာရောဂါ ဂရုစိုက်သင့်ပါသည်။

**ယတြာ။ ။မိမိမွေးနံထောင့်ရှိ ဗုဒ္ဓမြတ်စွာဘုရားအား ရေသပ္ပါယ်ပြီးလိုရာ ဆုတောင်းပါ။**

# ကချင်ပြည်နယ် ၊ စားသုံးသူရေးရာဦးစီးဌာန ၊ပြည်နယ်ဦးစီးမှူးရုံးနှင့် ခရိုင်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ အခြေခံပညာ အထက်တန်းစာသင်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်ရှိအ. ထ. က (ခွဲ) စာသင်ကျောင်း တွင် ဇန်နဝါရီ ၁၄ ရက်က စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးရုံးနှင့် ခရိုင်ဦးစီးမှူးရုံး ဝန်ထမ်းများပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ခဲ့ပါသည် ။

ပထမဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ငွေးက နေ့စဉ်နေ့တိုင်း လူသားတို့သည် အစားအသောက်များကို ရွေးချယ်စားသုံးနေကြရပြီး အနာဂတ်တွင် ကျန်းမာလှပပြီး ထူးချွန်ထက်မြက်သော ကျောင်းသူကျောင်းသားများဖြင့် တွေ့မြင်လိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်ခြင်းသည် ပြည်သူလူထုအတွက် အလိုအပ်ဆုံးသော လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး ဒု-ဦးစီးမှူး ဒေါ်အေးအေးထွန်းက စားသုံးသူရေးရာ ဦးစီးဌာနပေါ်ပေါက်လာပုံနှင့် စားသုံးသူအကာအကွယ်ပေးရေး၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပါသည်။ဆက်လက်၍ အကြီးတန်းစာရေး ဒေါ်ခွာညိုဦးက စားသုံးသူ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ၊ စားသုံးသူအကာအကွယ်ပေးရေး၏ ရည်မှန်းချက်များ၊ စားသုံးသူတိုင်းရရှိသည့်အခွင့်အရေးများအကြောင်း၊ စားသုံးရန်မသင့်အစားအစာများအကြောင်း၊ အန္တရာယ်ရှိဆိုးဆေးများအကြောင်းနှင့် အစားအသောက်များကို မည်ကဲ့သို့ ရွေးချယ် စားသောက်ရမည့် အကြောင်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပါသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲသို့ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းကော်မတီအဖွဲ့ဝင်များနှင့် ကျောင်းမုန့်ဈေး ရောင်းချသူများ စုစုပေါင်း ၁၄၄၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခွာညို (မနောမြေ)**

# ရေနံချောင်းမြို့နယ်တွင် လျှော်ဖြူစိုက်ပျိုးမှုများလာ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် လျှော်ဖြူပင်အား ကျေးရွာနေသူများအပြင် မြို့ပေါ်မှပါ စိုက်ပျိုးနေကြကာ အချို့တောင်သူများ ဝင်ငွေရနေကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက “ရေနံချောင်းမြို့နယ်မှာ စိုက်ဧကရာကျော်ရှိတယ်။ ဒီဇင်ဘာနောက်ပိုင်း စိုက်တာတွေရှိတယ် ကြားတယ်။ လျှော်ဖြူပင်ကို ကျေးရွာနေတောင်သူရယ် မဟုတ်ပါဘူး။ မြို့နေပြည်သူတွေလည်း စိုက်တာပဲ။ ရေနံချောင်းမှာ လျှော်ဖြူကနေ ဝင်ငွေရနေသူတွေရှိတယ်”ဟု ပြောသည်။

ရေနံချောင်းမြို့နယ်မှ လျှော်ဖြူစိုက်သည့် တောင်သူတစ်ဦးကတော့ “မြေရှိရင် အရင်းအနှီး နည်းနည်းနှင့် စိုက်ရတာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုရင် အစေးထုတ်ရောင်းနေပြီ။ ဝင်ငွေရနေပြီပြောတယ်။ တောင်သူတွေရယ်မဟုတ်ပါဘူး စိုက်လာကြတာပါ”ဟု ပြောသည်။

လက်ရှိလျှော်ဖြူပင်သည် နေအိမ်ခြံဝင်းများတွင် တစ်ပိုင်တစ်နိုင်အဖြစ် စိုက်ကြသလို မြေကွက်ကျယ်ကျယ်တွင် အဓိကထားစိုက်လာကြကာ ရင်းနှီးမြှုပ်နှံလာကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ မြို့ပေါ်ရှိ အလှကုန်ဆိုင်များနှင့် တိုင်းရင်း ဆေးဆိုင်များသို့ ရှောင်တခင်ကွင်းဆင်း

ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် ခရိုင်ရဲတပ်ဖွဲ့၊ FDA ၊ ကျန်းမာရေး၊ စည်ပင်၊ တိုင်းရင်းဆေး၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များလိုက်ပါ၍ ဇန်နဝါရီ ၁၄ ရက်တွင် မြို့ပေါ်ရှိ အလှကုန်ဆိုင်/တိုင်းရင်းဆေးဝါးများ ရောင်းချသော ဆိုင် (၅)ဆိုင်သို့ သွားရောက်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော သက်တမ်းလွန်ဆေးဝါးများ၊ မှတ်ပုံတင်မထားသော ဆေးများ၊ တားမြစ်ထားသော အလှကုန်များ ရောင်းချခြင်းရှိ/မရှိ၊ ရှောင်တခင်သွားရောက် ကွင်းဆင်းစိစစ်ခဲ့ပါသည်။

ထိုသို့သွားရောက်ခဲ့ရာ ဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံလျှက် ဝယ်ယူသုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ကျန်းမာရေးနှင့်ညီညွတ်သော ဆေးဝါး၊ အလှကုန်များရောင်းချနိုင်ရေး ရောင်းချသူများမှာလည်း စားသုံးသူ အသိပညာ ဗဟုသုတများရှိဖို့ လိုအပ်ကြောင်း ဆွေးနွေး၍ သက်တမ်းလွန်နှင့် မှတ်ပုံတင်မထားသော တိုင်းရင်းဆေးများအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဇေရာမြေ (ပုသိမ်)**

# စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ကျေးရွာ ဖရဲစိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းမြို့နယ် တာဝန်ခံနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ကျေးရွာရှိ ဖရဲစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ လုပ်ငန်းရှင် ဦးသန့်ဇင်နှင့် ဦးချစ်ဆွေတို့အား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖရဲစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ရာ ဖရဲ တစ်ဧကလျှင် ကျပ် ၁၅ ဒသမ ၂၀ သိန်း ထိ ကုန်ကျစရိတ်ရှိကြောင်း၊ မြေတစ်ဧကငှားရမ်းခမှာ ကျပ်လေးသိန်းရှိပြီး၊ တစ်ဧကအပင်ရေ ၁၅၀၀ မှ ၁၆၀၀ ပင်၊ အထွက်နှုန်းမှာ တစ်ဧကလျှင် တန်ချိန် ၁၁ တန်မှ ၁၅ တန်ခန့်၊ အလုံးရေအားဖြင့် ၇၀၀ မှ ၁၅၀၀ လုံး ထွက်ရှိကြောင်း၊ မူဆယ် (၁၀၅)မိုင်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် တရုတ်ငွေဈေး အတက်အကျအပေါ် မူတည်၍ အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

**သင်းယုနွယ်(စစ်ကိုင်း)**

# မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ အ·မ·က (၃၈)မူလွန်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ အ·မ·က (၇) မူလွန်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ အ. မ. က (၃၈)မူလွန်နှင့် ဇန်နဝါရီ ၁၇ ရက်တွင် ချမ်းအေး သာစံမြို့နယ်ရှိ အ. မ. က(၇) မူလွန်ကျောင်းများ၌ မိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်း စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါတယ်။

ရှေးဦးစွာ အောင်မြေသာစံ မြို့နယ် အ. မ. က(၃၈)မူလွန်ကျောင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဇင်မာဦးက ပြောကြားရာတွင် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲနိုင်ရေး၊ နိုင်ငံတကာ စံနှုန်း သတ်မှတ်ချက်နှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ စားသုံးသူ၏ တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်းအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်ပြီး ၆ လ ပြည့်မြောက်သည့်နေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်း၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူများအနေဖြင့်လည်း သိရှိထားရန် လိုအပ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

အလားတူ ဇန်နဝါရီ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိအ. မ. က (၇)မူလွန်ကျောင်းတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးကိုကိုဝင်းတို့က အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပြီး ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူ ၃၀၀ ဦးခန့်နှင့် အ. မ. က(၃၈)မူလွန်တွင် ၃၅၀ ဦးတို့အား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း (မန္တလေး)**

# အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်ရှိ အ-ထ-က(၁)၊ အ-ထ-က(၂) နှင့် အ-ထ-က(၃) တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သော ဝန်ထမ်းအဖွဲ့သည် တာမွေမြို့နယ်ရှိ အ-ထ-က(၁)၊ အ-ထ-က(၂)၊ အ-ထ-က(၃) မှဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပဆောင် ရွက်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် အကြောင်းအရာများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စားသုံးသူများမှ တိုင်ကြားလာသည့် နစ်နာဆုံးရှုံးမှုများအပေါ် ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်ကြားမှုများကို စားသုံးသူရေးရာ ဦးစီးဌာန၏ website ဖြစ်သော www.doca.gov.mm မှလည်း တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှထုတ်ပြန်သည့် ကုန်စည်များထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်တွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖော်ပြခြင်း၊ ဖော်ပြရန်ထုတ်ပြန်ကြေညာခြင်းနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များပေါ်တွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်အပြင် လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဌာနခွဲစာရေး ဒေါ်မိုးမိုးကြည်က ဆိုးဆေးများအန္တရာယ်အကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အစားအသောက်တွင် သုံးစွဲရန်တားမြစ်ထားသည့် ဆိုးဆေးများအကြောင်း ဟောပြောဆွေးနွေးပြီး တက်ရောက်သူ ဆရာ/ဆရာမများ၏ မေးမြန်းမှုပေါ် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုး**

# ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးခြင်း၊ ကျောင်းစားသုံးသူ အဖွဲ့ငယ် ဖွဲ့စည်းခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစိစစ်ပညာပေး

စားသုံးသူရေးရာဦးစီးဌာနရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် တာဝန်ခံ ဦးမျိုးအောင်နှင့် အငယ်တန်း စာရေးဒေါ်နီနီမြင့်တို့သည် ဇန်နဝါရီ ၈ ရက်တွင် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ဆရာ/ဆရာမ ၄၃ ဦး၊ ကျောင်းသား/သူ ၉၂၈ ဦး၊ ဈေးသည် ၇ ဦး စုစုပေါင်း ၉၇၈ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်ပေးပြီး အဆိုပါအဖွဲ့ဖြင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းအား အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်း စိစစ်ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်တာဝန်ခံဦးမျိုးအောင်က စားသုံးသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ရှင်းလင်းခြင်း၊ စားသုံးသူပြည်သူများ ရရှိခံစားနိုင်ခွင့်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ လမ်းညွှန်ချက်အရ စားသုံးသူအခွင့်အရေး (၈) ချက်အား ရှင်းလင်းခြင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများရယူသုံးစွဲနိုင်ရေး၊ နိုင်ငံတကာ စံနှုန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသောကုန်ပစ္စည်းများ ရယူသုံးစွဲနိုင်ရေးတို့အား ဟောပြောဆွေးနွေးခဲ့ပြီး ရွှေဘိုခရိုင် ဦးစီးမှူးရုံးမှ အငယ်တန်း စာရေးဒေါ်နီနီမြင့်က စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်/ ရည်မှန်းချက်များ၊ စားသုံးသူ၏ တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင်စားသုံးသူ ဘေးကင်းလုံခြုံစေရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် အမိန့်ကြော်ငြာစာထုတ်ပြန်ထားပြီးဖြစ်ကြောင်း စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC)သို့ လာရောက်တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မျိုးအောင် (ဝက်လက်)**

# မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၁/၂၀၁၉)လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီ(၂)ရပ်တို့၏ (၁/၂၀၁၉)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၁၁ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီ (၂)ရပ်မှ အဖွဲ့ဝင်များ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြပါသည်။



အဆိုပါအစည်းဝေးတွင် ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အတွင်းရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခေတ္တပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ယခင်(၅/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဇန်နဝါရီလ အတွင်း တိုင်ကြားမှုကိစ္စများ၊ စိုက်ပျိုးရေး သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများနှင့်ပတ်သက်၍ ညွှန်ကြားချက်များနှင့် မကိုက်ညီသဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စိစစ် ကြပ်မတ်ကွင်းဆင်း ဆောင်ရွက်နိုင်ရေးကိစ္စရပ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**ဝါဝါမြိုင် (မွန်- DOCA)**

# YBS ယာဉ်စီးခအား ကတ်စနစ်ဖြင့် အသုံးပြုခြင်းကို ယာဉ်အစီးရေ နှစ်ထောင်တွင် တပ်ဆင်၍ ၆ လအတွင်း အသုံးပြုသွားမည်




ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် YBS ယာဉ်လိုင်းများတွင် အသုံးပြုမည့် ကတ်စနစ်အတွက် စက်များကို ၆ လအတွင်း ယာဉ်အစီးရေ ၂၀၀၀ တွင် တပ်ဆင်၍ အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူ ပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့မှ သိရသည်။

ထိုကဲ့သို့ ကနဦး စတင်တပ်ဆင်အသုံးပြုရာတွင် ကတ်ပေါင်း တစ်သိန်းကို စတင်ထုတ်လုပ်သွားမည်ဖြစ်ပြီး ယာဉ်စီးခငွေ ၁၀၀၀ ကျပ် ဖြည့်သွင်းပါက ကတ်အတွက် အခမဲ့အသုံးခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

“ကတ်စနစ်နဲ့ ယာဉ်စီးခပေးချေတာကို လုပ်ဆောင်ဖို့အတွက် ၆ လအတွင်းမှာ ယာဉ်အစီးရေ ၂၀၀၀ ကို စပြီး စက်တွေတပ်သွားမယ်။ အခု MIC ခွင့်ပြုချက်နဲ့ စက်တွေ တင်သွင်းထားပြီးပြီ။ ကတ်ပေါင်းတစ်သိန်းကို ပထမဆုံး စထုတ်သွားမယ်။ တစ်ထောင်ဖိုးငွေဖြည့်ရင် ကတ်ဖိုးပေးစရာ မလိုပါဘူး”ဟု ကရင်တိုင်းရင်းသားဝန်ကြီး နော်ပန်းသဥ္စာမျိုးက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု အာဏာပိုင်အဖွဲ့၊ ရန်ကုန်ဘတ်စ်ကား YBS 2 နှစ်ပြည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ ကတ်စနစ်ကို ခရီးသွားပြည်သူများ မည်သည့်နေရာတွင်ဆင်းမည်၊ တက်မည်ဆိုသည်များကို အရင်ဆုံး သိရှိအောင် လုပ်ပြီးမှသာ မည်သည့်ယာဉ်လိုင်းကို တိုးမည်၊ မည်ကဲ့သို့ လုပ်ဆောင်သွားမည်စသည်တို့ကို YRTA ကို တင်ပြမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အချက်အလက်များပေါ် မူတည်၍ ယာဉ်လိုင်းတိုးချဲ့ခြင်း၊ လျှော့ချခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကတ်စနစ်ကို ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးတွင် YBS ယာဉ်များသာမက Water Bus များမှာပါ အသုံးပြုသွားမည်ဖြစ်ပြီး ယာဉ်စီးခငွေဖြတ်တောက်ရန်အတွက် ယာဉ်တစ်စီးလျှင် စက်နှစ်လုံး (အတက်၊ အဆင်း)အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# အာမခံပစ္စည်း မပါဝင်သည့် ချေးငွေများအတွက် အတိုးနှုန်းများ တိုးမြှင့်ကောက်ခံသွားမည်

အာမခံပစ္စည်းမပါဝင်သည့် ချေးငွေများအတွက် အတိုးနှုန်းများကို ဗဟိုဘဏ်အတိုးနှုန်းအထက် ၆ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုကဲ့သို့ တိုးမြှင့်ကောက်ခံခြင်းကို ဖေဖော်ဝါရီလ ၁ ရက်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခင်က အပေါင်ပစ္စည်းမပါဝင်သည့် ချေးငွေများကို ၁၃ ရာခိုင်နှုန်းအထိ ကောက်ခံနိုင်ရန် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

“အရင်တုန်းကတော့ အတိုးနှုန်းက ၁၃ ရာခိုင်နှုန်း သတ်မှတ်ပေးထားတယ်။ အခုတော့ ဖေဖော်ဝါရီ ၁ ရက်က စပြီး အပေါင်ပစ္စည်းမပါတာတွေကို အတိုးနှုန်း ၁၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးလိုက်ပါပြီ”ဟု အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဥပဒေပုဒ်မ ၄၈ အရဘဏ်များမှ ထုတ်ချေးသည့် ချေးငွေများအပေါ် (မြေနှင့်အဆောက်အဦ၊ ရွှေ၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက် စာချုပ်၊ စာရင်းသေအပ်ငွေ၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက် မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသော ချေးငွေ များ) ဗဟိုဘဏ်အတိုးနှုန်းထက် ၃ ရာခိုင်နှုန်း ကျော်လွန်ကောက်ခံခြင်းမပြု ရန် သတ်မှတ်ထားသလို အဆိုပါ အာမခံပစ္စည်းများရယူ၍ဖြစ်စေ၊ မယူဘဲဖြစ်စေ ထုတ်ချေးသည့် ချေးငွေများအပေါ် ဗဟိုဘဏ်အတိုးနှုန်းအထက် အမြင့်ဆုံး ၆ ရာခိုင်နှုန်းထိ ကောက်ခံနိုင်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ငွေစုဘဏ်အပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှ ပေးရသည့် အပ်ငွေများအပေါ် ပေးရသော အတိုးနှုန်းများကို ဗဟိုဘဏ်အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်း ကောက်ခံနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**ချောစု**

# MyCO စနစ်ဖြင့် ကုမ္ပဏီသစ် ရှစ်ထောင်ကျော် တည်ထောင်ခဲ့ပြီး ယခင် နှစ်ကာလတူထက် နှစ်ဆကျော်များပြား

အွန်လိုင်းကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCO)ကို စတင်ခဲ့သည့် အချိန်မှ စ၍ ၂၀၁၈ ခုနှစ်ကုန်အထိ ကုမ္ပဏီသစ်တည် ထောင်မှုရှစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ကုမ္ပဏီသစ်တည်ထောင်မှု နှစ်ဆကျော်များပြားလာခဲ့ကြောင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။

ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် စီးပွားရေး လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ဒုတိယသမ္မတမှ ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

“ကုမ္ပဏီ စတင်တည်ထောင်သည်နှင့် ကုမ္ပဏီပြန်လည်မှတ်ပုံတင်သည့် အခြေအနေကိုကြည့်မည်ဆိုလျှင် ဩဂုတ် ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ ကုမ္ပဏီ ပေါင်း ၃၂၉၁၇ ခု ပြန်လည်မှတ်ပုံတင်နိုင်ခဲ့၍ ကုမ္ပဏီပေါင်း ၈၅၁၄ ခု အသစ် မှတ်ပုံတင်နိုင်ခဲ့ကြောင်း၊ ထူးခြားမှုအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအထိ ကုမ္ပဏီပေါင်း ၃၇၅၈ ခုသာ အသစ်မှတ်ပုံတင်ပေးခဲ့ပြီး Online မှတ်ပုံတင်စနစ်စတင်ခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအထိ ကုမ္ပဏီပေါင်း ၈၅၁၄ ခု အသစ်မှတ်ပုံတင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အရင်လကာလတူထက် နှစ်ဆကျော် အသစ်မှတ်ပုံတင်နိုင်ခဲ့ခြင်းသည် လုပ်ငန်း စတင်ခြင်းအပိုင်းတွင် ပိုမိုလွယ်ကူချောမွေ့မှုကိုပြသရာရောက်ပါကြောင်း”ဟု ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။

Online ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ကုမ္ပဏီမှတ်ပုံတင်ကြေးကို Online Payment စနစ်ဖြင့်ဆောင်ရွက်ရသည်ဖြစ်ရာ လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တည်ဆဲကုမ္ပဏီများနှင့် အဖွဲ့အစည်းများကိုလည်း ဇန်နဝါရီ ၃၁ရက်အမီပြန်လည်မှတ်ပုံတင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက တိုက်တွန်းထားပြီး အီလက်ထရော နစ်မှတ်ပုံတင်စနစ်တွင် ကုမ္ပဏီ ပြန်လည်မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေပေးသွင်းရန်မလိုအပ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရန်ကုန်မြို့ပတ်ရထားလမ်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်း ၂၀၁၉ ခုနှစ် နှောင်းပိုင်းကာလတွင် ပြီးစီးရန် ဆောင်ရွက်

ရန်ကုန်မြို့အများပြည်သူသယ်ယူ ပို့ဆောင်ရေးအတွက် ပြေးဆွဲနေသော မြို့ပတ်ရထားလမ်းများအဆင့်မြှင့်တင်ခြင်း စီမံကိန်းမှာ ၂၀၁၉ ခုနှစ် နှောင်းပိုင်းကာလတွင် ပြီးစီးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၁၆ ရက်တွင်ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ၂ နှစ်ပြည့် အခမ်းအနားတွင် ပြောကြားသည်။

“ရထားလမ်းအဆင့်မြှင့်တင်မှုစီမံကိန်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အကုန်မှာ တစ်ပိုင်း၊ ၂၀၂၀ ခုနှစ်ရဲ့ နှစ်ဆန်းပိုင်းမှာ တစ်ပိုင်း ပြီးစီးသွားမှာ ဖြစ်ပါတယ်။ အခုရထားက အများပြည်သူသယ်ယူပို့ဆောင်ရေးမှာ အများကြီး အထောက်အကူမပေးနိုင်သေးပါဘူး။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲမှုပြီးရင်တော့ ပြန်လည်တိုးပွားတဲ့ လူဦးရေကို အထောက်အကူများစွာ ပေးလာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာမှာဆိုရင်လည်း ရထားဟာ လမ်းပိတ်ဆို့မှု ပြဿနာအနည်းဆုံးဖြစ်ပါတယ်။ ရထားလမ်းဟာ သံလမ်းပေါ်မှာ တစ်ပြေးညီပြေးရတာဖြစ်တဲ့အတွက် သီးခြားလမ်းကြောင်းတစ်ခုအပေါ်မှာ ပြေးရတာဖြစ်ပါတယ်”ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

မြို့ပြအင်ဂျင်နီယာဆိုင်ရာ ရထားလမ်းနှင့် ဘူတာရုံများအဆင့်မြှင့်တင်တည်ဆောက်ခြင်းကို အပိုင်းနှစ်ပိုင်းခွဲ ကာဆောင်ရွက်နေပြီး Phase 1 အဖြစ် ဘုရားလမ်းဘူတာမှ တညင်းကုန်းဘူတာ (မပါ)အထိ ၁၁ ဒသမ ၈၉ မိုင်၊ Phase 2 အဖြစ် တညင်းကုန်းဘူတာမှ ပုဇွန်တောင် ဘူတာအထိ ၁၄ ဒသမ ၉၁ မိုင်အဖြစ် ဆောင်ရွက်နေကြောင်း သိရသည်။

လုပ်ငန်းများအဖြစ် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် မြေသားတာဘောင်အကြီးစားပြုပြင်ခြင်း၊ ကားလမ်းကူး (Level Crossing) များ၊ တံတားဝင်/ထွက်များနှင့် ကားလမ်းကူး ခုံးကျော်တံတားအောက်နေရာများတွင် မြေသားတာဘောင်အဆင့်မြှင့်ပြုပြင်ခြင်း၊ ဘူတာပလက်ဖောင်းများ အဆင့် မြှင့်တင်ခြင်း၊ ရထားလမ်းတစ်လျှောက် ရေမြောင်းများ အဆင့်မြှင့်တင်ခြင်း၊ အချက်ပြအဆောက်အဦများတည်ဆောက်ခြင်း၊ တံတားအသစ်တစ်စင်း တည်ဆောက်ခြင်းနှင့် တံတားများ အားဖြည့်အဆင့်မြှင့် တင်ခြင်း (Bridge Rehabilitation) နှင့် လူကူးခုံးကျော်တံတား တည်ဆောက်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးဒေသရှိပြည်သူများဆက်သွယ်သွားလာရေး လွယ်ကူစေရန် မြို့ပတ်ရထားလမ်းကို ၁၉၅၈ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် တစ်ရက်လျှင် ခရီးသည်ခုနစ်သောင်းခန့်ကို ပို့ဆောင်ပေးနေကြောင်း သိရသည်။

**သန်းထိုက်အောင်**

**စာမျက်နှာ (၁၈) တန်ဖိုးမြှင့်ထုတ်ကုန်များ . . . မှအဆက်**

သို့သော်လည်း အဆိုပါ အသေးစားစိုက်ပျိုးသူများဟာ လယ်ယာ မြေပိုင်ဆိုင်မှုဆိုင်ရာ အခက်အခဲများ၊ သတင်းအချက်အလက် လက်ခံရရှိမှုဆိုင်ရာ အခက်အခဲများ၊ နည်းပညာဆိုင်ရာ အခက်အခဲများ၊ ဈေးကွက်ဆိုင်ရာသတင်းရရှိမှု အခက်အခဲများ၊ ငွေကြေးအခက်အခဲများနဲ့ လုပ်ငန်းသုံးပစ္စည်းများ ခေတ်မီရန်လိုအပ်မှု အခက်အခဲများကို ရင်ဆိုင်နေရကာ ဈေးအတက်အကျ မငြိမ်သက်မှုကိုလည်း ရင်ဆိုင်နေရပါတယ်လို့ စိုက်ပျိုးသူများက ဆိုပါတယ်။ သို့ပေမယ့်လည်း မြန်မာနိုင်ငံဟာ အဆင့်မီရော်ဘာ စိုက်ပျိုးထုတ်လုပ်ရန် အလားအလာကောင်းတဲ့ နိုင်ငံအဖြစ် ဂျပန်နိုင်ငံရဲ့စစ်တမ်းတစ်ခုမှာ ပါရှိသလို ရော်ဘာအခြေခံတဲ့ ဆက်စပ်လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ရန်အတွက်လည်း နိုင်ငံအများအပြားမှ လေ့လာစောင့်ကြည့်လျက်ရှိနေပါတယ်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဟာ ဒေသခံများမှ အဓိကလုပ်ဆောင်နေတဲ့ လုပ်ငန်းတစ်ခုဖြစ်ကာ အသေးစားစိုက်ပျိုးထုတ်လုပ်သူများအနေနဲ့ နေလှန်းပြား (Air Dried Sheets- ADS) များကို ကုန်သည်၊ ပွဲစားများထံ သို့ရောင်းချကြပါတယ်။ ထိုသို့ရောင်းချရတဲ့အခါမှာလည်း ဈေးနှုန်းအတက်အကျအပေါ် မူတည်ပြီး ဝင်ငွေရရှိမှုဟာ မတည်မငြိမ်ဖြစ်နေတတ်တာကလည်း တွေ့ကြုံရမြဲ အခက်အခဲတစ်ခုပါလို့ ရော်ဘာအရောင်းအဝယ် လုပ်နေသူများထံမှ သိရှိရပါ တယ်။ ထိုရော်ဘာကုန်သည်များထံမှတစ်ဆင့် လုပ်ငန်းဆောင်ရွက် လုပ်ကိုင်တဲ့ လုပ်ငန်းရှင်များထံသို့ ရောက်ရှိလာတဲ့အခါ ရော်ဘာအရည်အသွေးအမျိုးမျိုးဖြစ်နေခြင်းကြောင့်သော်လည်းကောင်း၊ အရည်အသွေးမမီတဲ့ ရော်ဘာများကြောင့်သော် လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများအနေနဲ့ အခက်အခဲများကို ရင်ဆိုင်လာရသလို အဆင့်မြင့်စက်ပစ္စည်းများကို ဖြည့်တင်းပေးနိုင်ရန် အရေးဟာလည်း အရေးကြီးလိုအပ်ချက်အဖြစ် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ခေါင်းခဲစရာကိစ္စဖြစ်နေပါတယ်။ အချို့သော စက်ရုံ၊ အလုပ်ရုံများအဖို့ စိုက်ပျိုးထုတ်လုပ်သူများထံမှ ရော်ဘာစေးများကို တိုက်ရိုက်ဝယ်ယူမှုများလည်းရှိသလို ထိုမှတစ်ဆင့် Air Dried Sheets- ADS များ၊ Ribbet Smoked Sheet- RSS များ၊ Myanmar Standard Rubber- MSR များ၊ Technically Specified Rubber-TSR များကိုလည်း ထုတ်လုပ်ဆောင်ရွက်ကြပါတယ်။ ပြည်တွင်းလိုအပ်ချက်ဖြစ်တဲ့ တာရာများနဲ့ စက်ရုံသုံးအပိုပစ္စည်းများကိုလည်း ထုတ်လုပ်လျက် ရှိနေပါတယ်။ သို့ပေမယ့်လည်း ရော်ဘာရဲ့အရည်အသွေးအပိုင်းနဲ့ ခေတ်မီစက်ပစ္စည်းများလိုအပ်မှုတို့ဟာ စက်ရုံ၊ အလုပ်ရုံများအတွက် အကြီးဆုံးအခက်အခဲတွေထဲက တစ်ခုလို့ ဆိုနိုင်ပါတယ်။

မြန်မာ့ရော်ဘာတင်ပို့မှုအပိုင်းမှာတော့ တရုတ်နိုင်ငံဟာ လောလောဆယ်မှာ အကြီးဆုံးဈေးကွက်အဖြစ် တည်ရှိနေပါတယ်။ မလေးရှား၊ ကိုရီးယား၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့ကိုလည်း ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိနေတာကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ်ခန့်မှစ၍ ရော်ဘာအထွက်နှုန်း မြင့်မားလာခဲ့ကာ နိုင်ငံတော်အနေဖြင့် အထွက်နှုန်းပိုမိုတိုးတက်စေရန် တိုက်တွန်းအားပေးလျက်ရှိပါတယ်။ သို့သော်လည်း နောက်ပိုင်းကာလများမှာ ရော်ဘာအထွက်နှုန်းလျော့ကျလာကာ အရည်အသွေးပိုင်းမှာလည်း လျော့ကျလာခဲ့တဲ့အပြင် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းများထက်လည်း လျော့နည်းရောင်းချနေရတာကို တွေ့ကြုံနေကြရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုကိုလေ့လာကြည့်ပါက တရုတ်နိုင်ငံသို့ ကုန်းလမ်း၊ ရေလမ်းဖြင့်လည်းကောင်း ထိုင်းနိုင်ငံသို့ ကုန်းလမ်းမှလည်းကောင်း တင်ပို့မှုရှိခဲ့တာကိုတွေ့ရပါတယ်။ တင်ပို့ခဲ့မှုမှာ တရုတ်နိုင်ငံသို့ပင်လယ် ရေကြောင်းမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၃ သန်းကျော် တန်ဖိုးရှိ ရော်ဘာစိမ်း တန်ချိန် ၉၀၀၀ ခန့်နှင့် နယ်စပ်မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၃ သန်းတန်ဖိုးရှိ ရော်ဘာစိမ်းတန်ချိန် တစ်သိန်းကျော်ကိုတင်ပို့ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တရုတ်နိုင်ငံသို့ ရော်ဘာစိမ်း တန်ချိန် စုစုပေါင်းတန်ချိန် တစ်သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆ သန်းကျော် တင်ပို့မှုရှိခဲ့ ပါတယ်။ တင်ပို့တဲ့အခါမှာလည်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းကို အများဆုံးအားပြုတင်ပို့မှုရှိခဲ့တာကို တွေ့နိုင်ပါတယ်။ ထိုင်းနိုင်ငံသို့ တင်ပို့ရာမှာတော့ ပင်လယ်ရေကြောင်းမှ ရော်ဘာစိမ်းတင်ပို့မှုမရှိတာကိုတွေ့ရပြီး နယ်စပ်မှ ရော်ဘာစိမ်းတန်ချိန် ၂၅၀၀ ဝန်းကျင်ခန့်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၃ သန်းကျော် ခန့်ကိုသာ တင်ပို့ခဲ့တာကိုတွေ့ရပါတယ်။ ၂၀၁၈ ဘဏ္ဍာနှစ်(mini budget) (၂၀၁၈ ခုနှစ်ဧပြီမှ စက်တင်ဘာလအထိ) ကာလတွင် ရော်ဘာစိမ်းတင်ပို့မှုကိုလေ့လာကြည့်ပါက တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁ သန်းတန်ဖိုးရှိ ရော်ဘာစိမ်းတန်ချိန် ၉၀၀၀ ခန့်နှင့် နယ်စပ်မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၄ သန်းကျော်တန်ဖိုးရှိ ရော်ဘာစိမ်းတန်ချိန် ၄၀၀၀၀ ခန့်ကို တင်ပို့ခဲ့ရာ ရော်ဘာ စိမ်းတန်ချိန် စုစုပေါင်း တန်ချိန် ၄၆၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၆ သန်းကျော် တင်ပို့မှုရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံသို့ တင်ပို့ရာမှာတော့ ပင်လယ်ရေကြောင်းမှ ရော်ဘာစိမ်း တင်ပို့မှုမရှိဘဲ နယ်စပ်မှ ရော်ဘာစိမ်းတန်ချိန် ၁၄၀၀ ဝန်းကျင်ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း တစ်သန်းကျော် ခန့်ကိုသာ တင်ပို့ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီစာရင်းအရ တရုတ်နိုင်ငံသို့ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅ သန်းတန်ဖိုးရှိရော်ဘာစိမ်းတန်ချိန် ၄၅၀၀ ခန့်နှင့် နယ်စပ်မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄ သန်းတန်ဖိုးရှိ ရော်ဘာစိမ်းတန်ချိန် ၂၀၀၀၀ ခန့်ကိုတင်ပို့ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီစာရင်းအားဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာစိမ်းတန်ချိန် စုစုပေါင်း ၂၄၀၀၀ တန်ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ သန်းကျော် တင်ပို့မှုရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံသို့ တင်ပို့ရာမှာတော့ နယ်စပ်မှ ရော်ဘာစိမ်းတန်ချိန် ၃၀၀ ဝန်းကျင်ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ ၃၆၈ သန်းခန့်ကို တင်ပို့ခဲ့ပါတယ်။

အဆိုပါနှစ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတန်ချိန် စုစုပေါင်း တန်ချိန် ၁၆၀၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈ ဘဏ္ဍာနှစ် (mini budget)(၂၀၁၈ ခုနှစ်ဧပြီမှ စက်တင်ဘာလအထိ) ကာလတွင် တန်ချိန် ၃၆၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီအားဖြင့်တန်ချိန် ၅၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅၄သန်းကျော်ကို လည်းကောင်း၊ ဂျပန်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတန်ချိန် စုစုပေါင်း တန်ချိန် ၉၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈ ဘဏ္ဍာနှစ် (mini budget) (၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ) ကာလတွင် တန်ချိန် ၃၀၀၀ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ သန်းကျော်ကို လည်းကောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီအားဖြင့် တန်ချိန် ၁၅၀၀ ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ တစ်သန်းကျော်ကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတန်ချိန် စုစုပေါင်း တန်ချိန်၄၆၀၀ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈ ဘဏ္ဍာနှစ် (mini budget)(၂၀၁၈ ခုနှစ်ဧပြီမှ စက်တင်ဘာလအထိ) ကာလတွင် တန်ချိန် ၂၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ သန်းကျော်ကိုလည်းကောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီအားဖြင့် တန်ချိန် ၁၀၀၀ ခန့်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ သန်းကျော်ကိုလည်းကောင်း၊ မလေးရှားနိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်း တန်ချိန် စုစုပေါင်း တန်ချိန် ၂၀၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ သန်းကျော်ကိုလည်းကောင်း၊ ၂၀၁၈ ဘဏ္ဍာနှစ် (mini budget) (၂၀၁၈ ခုနှစ်ဧပြီမှ စက်တင်ဘာလ အထိ) ကာလတွင် တန်ချိန် ၉၀၀၀ ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီအားဖြင့် တန်ချိန် ၂၀၀၀ ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ သန်းကျော်ကိုလည်းကောင်း တင်ပို့မှုရှိခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံသို့ တင်ပို့မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်း တန်ချိန် စုစုပေါင်းတန်ချိန် ၆၀၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၃ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈ ဘဏ္ဍာနှစ် (mini budget) (၂၀၁၈ခုနှစ်ဧပြီမှ စက်တင်ဘာလအထိ) ကာလတွင် တန်ချိန် ၂၀၀၀ခန့်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ သန်း ကျော်ကို လည်းကောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီအားဖြင့် တန်ချိန် ၁၇တန် ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်း ကျော်ကိုလည်းကောင်း တင်ပို့ခဲ့ကာ အမေရိကန်နိုင်ငံသို့ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင်တင်ပို့မှုရှိခဲ့သော်လည်း နောက်ပိုင်းကာလများမှာ တင်ပို့မှုမရှိတော့တာကို တွေ့ရပါတယ်။ ထို့ပြင် ထိုင်ဝမ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပါကစ္စတန်၊ အင်ဒိုနီးရှား နိုင်ငံများ သို့လည်း တင်ပို့နေပါတယ်။ ဒါကြောင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှာ ရော်ဘာစိမ်းတင်ပို့မှု တန်ချိန် ၁၅၀၀၀၀ ခန့်၊တန်ဖိုးအမေရိကန် ဒေါ်လာ သန်းပေါင်း ၁၉၃ သန်းခန့်ကို လည်းကောင်း၊ ၂၀၁၈ဘဏ္ဍာနှစ် (mini budget) အတွင်းမှာ ရော်ဘာစိမ်းတင်ပို့မှု တန်ချိန် ၇၀၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၈၈ သန်းခန့်ကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ယာယီအားဖြင့် ရော်ဘာစိမ်းတင်ပို့မှု တန်ချိန် ၃၀၀၀၀ ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၆ သန်း ခန့်ကိုလည်းကောင်း ပြည်ပသို့ တင်ပို့နိုင်ခဲ့တာကို တွေ့နိုင်ပါတယ်။

ပြည်ပမှ ပြန်လည်တင်သွင်းလာတဲ့ရော်ဘာအခြေပြု ပစ္စည်းများထဲတွင်မှ တာယာနှင့် ကျွတ်တင်သွင်းမှုကို လေ့လာကြည့်တဲ့အခါမှာ နိုင်ငံပေါင်း ၃၄ နိုင်ငံမှ တင်ပို့မှုရှိနေတာကိုတွေ့ရပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ တန်ဖိုးအမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၆ သန်းခန့်ကို လည်းကောင်း၊ ၂၀၁၈ဘဏ္ဍာနှစ် (mini budget) အတွင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၆၉ သန်းခန့်ကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နိုဝင်ဘာလအထိ ယာယီအားဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၈ သန်းခန့်ကို လည်းကောင်း ပြည်ပမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံအများစုထဲတွင်မှ တရုတ်နိုင်ငံဟာ အများဆုံးဖြစ်ပြီး ဒုတိယ တင်သွင်းမှုအများဆုံးနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်နေတာကြောင့် မြန်မာနိုင်ငံရဲ့ ရော်ဘာစိမ်း အများဆုံးတင်ပို့နေတဲ့ နိုင်ငံနှစ်နိုင်ငံဟာ မြန်မာနိုင်ငံအတွင်းသို့ ကုန်ချောဖြစ်တဲ့ တာယာနဲ့ ကျွတ်တွေကို အများဆုံးပြန်လည် တင်သွင်းနေကြောင်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် အဆိုပါနိုင်ငံတွေဟာ ကုန်ကြမ်းဖြစ်တဲ့ ရော်ဘာကို ၎င်းတို့နိုင်ငံမှာလည်း အများအပြားစိုက်ပျိုးနေတာဖြစ်သလို ပြည်ပမှလည်း အများအပြား တင်သွင်းနေကြောင်းနဲ့ ကုန်ချောပစ္စည်းများအဖြစ် ပြန် လည်ထုတ်လုပ်ကာ ကြီးမားကျယ်ပြန့်ပြီး လူဦးရေများပြားလှတဲ့ ပြည် တွင်းသုံးစွဲမှုကိုဖူလုံရုံမက ပြည်ပသို့ပါ ကုန်ချောပို့ဝင်ငွေရှာနေတဲ့ လုပ်ငန်းကြီးများဆောင်ရွက်နေတာကို သတိပြုသင့်လှပါတယ်။

ရော်ဘာကုန်ကြမ်းပစ္စည်းများ တင်သွင်းမှုကို လေ့လာကြည့်ရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၈ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈ဘဏ္ဍာနှစ်(mini budget) အတွင်းမှာ တန်ဖိုးအမေရိကန်ဒေါ်လာသန်းပေါင်း ၄ သန်းခန့်ကို လည်းကောင်း၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိယာယီအားဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း တစ်သန်းခန့်ကို လည်းကောင်း ပြည်ပမှတင်သွင်းခဲ့ကာ တရုတ်နိုင်ငံက အများဆုံး တင်သွင်းခဲ့တာဖြစ်ပါတယ်။

ရော်ဘာအထွက်နှုန်း လျော့ကျလာမှု၊ ရော်ဘာတုများအစားထိုးသုံးစွဲလာမှု၊ ရော်ဘာဆက်စပ်ပစ္စည်းများ အများအပြားအသုံးပြုလာမှုတို့ဟာ ယခုလက်ရှိကာလမှာ တွေ့ကြုံနေရတဲ့ ကိစ္စများဖြစ်နေသလို သက်တမ်းရင့် ရော်ဘာပင်များအား အစားထိုးစိုက်ပျိုးမှု၊ ရော်ဘာဈေး ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်မှုများကို ရော်ဘာစိုက်ပျိုးထုတ်လုပ်တဲ့နိုင်ငံများမှာ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် ရော်ဘာအစားထိုး ရော်ဘာတုများ သုံးစွဲမှုများပြားလာမှုတို့ဟာလည်း ရော်ဘာကဏ္ဍအတွက် ပြောင်းလဲမှုတစ်ခုဖြစ်လာပါတယ်။ ရော်ဘာကို နေ့စဉ်အသုံးပြုနေတဲ့ တန်ဖိုးမြှင့် ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲအသုံးပြုနေမှုများ မြင့်တက်လာတာကြောင့် တန်ဖိုးမြှင့် ထုတ်ကုန် စက်ရုံ၊ အလုပ်ရုံများလည်း အများအပြား ပေါ်ပေါက်လာတာကို တွေ့မြင်နေရကာ ရော်ဘာကိုအသုံးပြုတဲ့နည်းလမ်းများဟာလည်း ပြောင်းလဲလာလျက်ရှိနေပါတယ်။

ထို့ကြောင့် အချုပ်အားဖြင့်ဆိုရလျှင် ရော်ဘာစိုက်ပျိုးမှုသည် ဒေသခံများ၏ စီးပွားရေး၊လူမှုရေး၊ ဘဝနေထိုင်မှုတို့ကို ထောက်ပံ့ပေးနိုင်သော ဝင်ငွေရရှိမှုကိုအထောက်အပံ့ဖြစ်စေသော လုပ်ငန်းဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သော လုပ်ငန်းလည်းဖြစ်ရာ တိုးတက်ထွန်းကားသင့်လှသော လုပ်ငန်းလည်းဖြစ်ကြောင်းကို သိရှိကြပြီးဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အားစိုက်ဆောင်ရွက်ရမည်ဖြစ်သလို ရော်ဘာဆက်စပ်လုပ်ငန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများ ထွန်းကားလာပါက နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာစေမည်ဖြစ်ကာ ဝင်ငွေတိုးပွားစေပြီး ဒေသစွန့်ခွာပြောင်းရွှေ့နေထိုင်မှုများကိုလည်း လျော့နည်းစေမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ မိမိတို့အနေဖြင့် ရော်ဘာကုန်ကြမ်းများကို ပြည်ပသို့ဈေးနည်းနည်းဖြင့်တင်ပို့ကာ ဈေးကြီးကုန်ချောများ ပြန်လည်တင်သွင်း သုံးစွဲနေရမှုများကို လျော့ကျစေနိုင်ရန်အတွက် ကုန်ကြမ်းပေါ်များထွက်ရှိမှုကို အသုံးချကာ ကုန်ချောများထုတ်လုပ်တင်ပို့နိုင်စေရေး နည်းပညာဆိုင်ရာ ကူညီမှုနှင့် အခြားသော လိုအပ်မှုများကို အဆင့်ဆင့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ဝင်ငွေရရှိမှု ပိုမိုများပြားသည့် ရော်ဘာကုန်ချောများကို တိုးတက်ထုတ်လုပ် တင်ပို့နိုင်စေရေးအတွက် ရော်ဘာကဏ္ဍကို ဝိုင်းဝန်းကူညီထောက်ပံ့နိုင်ကြပါစေကြောင်း ရည်သန်တိုက်တွန်း ရေးသားတင်ပြအပ်ပါ တယ်။

♦

Vol: 19, No.3 Monday January 21 2019

# ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပရာကျေးရွာနှင့် ကြခတ်ချောင်း အခြေခံပညာ အထက်တန်းကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်၌ ကြာအင်းဆိပ်ကြီး မြို့နယ်သို့ သွားရောက်၍ သံပရာကျေးရွာနှင့် ကြခတ်ချောင်းအခြေခံပညာ အထက်တန်းကျောင်းတို့၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်း၊ ဈေးစစ်ဆေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းတို့ ဆောင်ရွက် ခဲ့ကြောင်း သိရပါသည်။

အဆိုပါ ဆောင်ရွက်မှုများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် သံပရာကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာနေဒေသခံပြည်သူများကို ဟောပြောဆွေးနွေးခြင်း၊ ကြခတ်ချောင်း အခြေခံ ပညာအထက်တန်းကျောင်းတို့၌ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဌာနမှဆောင်ရွက်နေသည်များ၊ စားသုံးသူရပိုင်ခွင့်များ ရရှိစေရန်နှင့် နစ်နာမှု/ မကျေနပ်မှုရှိလျှင်(CICC) ရုံးသို့ တိုင်ကြားနိုင်သည့် အကြောင်းအရာများအား ဥပမာနှင့်တကွ ဟောပြောဆွေးနွေးခဲ့ပြီး၊ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ ကရင် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂) ရပ်တို့၏ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ၊ ဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်များ ဟောပြောဆွေးနွေးခြင်းနှင့် ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေက စားသောက်ကုန်ထုတ်လုပ်မှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကိုသုံးစွဲရာတွင် ရှောင်ရန်/ဆောင်ရန်တို့ကို သတိထားဆောင်ရွက်တတ်ရန်၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို မြန်မာဘာသာနှင့် အခြားဘာသာဖြင့်ဖော်ပြမည့်အကြောင်းအရာများ၊ စားသုံးဆီ၊ အေးခဲအသား၊ ငါးများအကြောင်းအရာတို့ကို ဟောပြော ဆွေးနွေးခဲ့ပါ သည်။ ဟောပြောပွဲအပြီးတွင် ကျောင်းမုန့်ဈေးတန်း၌ ရောင်းချနေသည့် မုန့်များအား စစ်ဆေးခြင်း၊ ဈေးသည်များအား အသိပညာပေးခြင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရပါသည်။ **ခင်ကြည်(ကရင်ပြည်နယ်)**

## ဝေါမြို့နယ် မြို့မဈေးအတွင်းနှင့် မြို့ပေါ်ကုန်စုံဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ၊ ပဲခူးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ပဲခူးခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိုက်ဦးဆောင်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဝေါမြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဝေါမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးများ၊ မြို့မမြို့ဖများနှင့်ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က ဝေါမြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရှိ လက်လီလက်ကားရောင်းချနေသောမုန့်ဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် FDA ဌာနမှ ကြော်ငြာထားသော စားသုံးရန် မသင့်သော ရွှေပြည်စိုးအမှတ်တံဆိပ်ပါ ပဲကြီးလှော်ထုပ်များ၊ သက်တမ်းလွန်သောအချိုရည်ဗူးများ၊ သုံးစွဲရန်မသင့်သော ထိုင်းနိုင်ငံထုတ် Whitening Cream နှင့် တရုတ်နိုင်ငံထုတ် Qiancl အလှကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်းတန်ဖိုး ကျပ် ၃၀၈၀၀ အား တွေ့ရှိရသဖြင့် အဖွဲ့မှသိမ်းဆည်းပြီး၊ ဈေးဆိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေးကော်မတီမှ ထုတ်ပြန်ကြော်ငြာစာအမှတ် ၁/၂၀၁၈ အား ဖြန့်ဝေခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့ဝင် များသည် သိမ်းဆည်းရမိခဲ့သော အစားအသောက်များ၊ အလှ ကုန်ပစ္စည်းများအား ဝေါမြို့နယ်ပြည်သူဆေးရုံဝင်းအတွင်း မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။ **ကျော်ဆန်းဝင်း(ပဲခူး)**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပပြီး သိမ်းဆည်းပစ္စည်းများ မီးရှို့ဖျက်ဆီး

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ဇန်နဝါရီလ ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ရာခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံများနှင့် ဌာနခွဲမှူးများ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြပါသည်။



အခမ်းအနားတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးမြင့်အောင်က ၂၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ လမ်းညွှန်ချက်အရ စားသုံးဆီ အမှတ်တံဆိပ် ၁၀ မျိုးအား နမူနာ ကောက်ယူရန်ကိစ္စနှင့် သုံးစွဲရန် မသင့်သော အစားအသောက်၇ မျိုး၊ ခွင့်မပြု ဆိုးဆေးပါဝင်သည့် Miki Koအမှတ်တံဆိပ်ပါ တရုတ်ဆီးသီးနှင့် ချယ်ရီသီးများ၊ သုံးစွဲရန်မသင့် အလှကုန် ၆ မျိုး နှင့် အိမ်သုံးဆေးဝါးတို့အားဘိုကလေး မြို့နယ်သို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပြီး အစားအသောက်များ၊ အိမ်သုံးဆေးဝါးများ၊ တိုင်းရင်းဆေးဝါးတို့ကို တားမြစ်သိမ်းဆည်းခဲ့ပါကြောင်း၊ ထို့အပြင် မြို့နယ်အလိုက် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်ဝသောကုန်စည်များကို အသုံးပြုနိုင်ရန်အတွက် ဈေးကွက်တွင် ရောင်းချလျက်ရှိသော ပြည်တွင်းဖြစ် အရက်များကို နမူနာကောက်ယူ၍ FDAမှ စစ်ဆေးနိုင်ရန် ပေးပို့ပြီးဖြစ်ကြောင်း၊ ဇန်နဝါရီလ အတွင်း ကျိုက်လတ်မြို့နယ်သို့ ရှောင်တခင် ကွင်းဆင်းစစ်ဆေးသွားရန် ရက်တစ်ရက် သတ်မှတ်ရန်ဆွေးနွေးလိုပါကြောင်း၊ ယခုအစည်းအဝေးပြီးလျှင် သိမ်းဆည်းထားသော ကုန်စည်များအား မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။ ထို့နောက် တက်ရောက်လာသူများမှ ပြန်လည်ဆွေးနွေးခဲ့ကြပြီး သိမ်းဆည်းပစ္စည်းကာလ တန်ဖိုးကျပ် နှစ်သောင်းကျော်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းဇော်မွန်(ဖျာပုံ)**

## မအူပင်ခရိုင် မအူပင်မြို့နယ် တာတပေါ် အ.ထ.က (ခွဲ) ကျောင်းတွင် စားသုံးသူရေးရာ သိကောင်းစရာ အသိပညာပေး(ဆင့်ပွား) သင်တန်းဖွင့်လှစ်

မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ တာတပေါ်(အ. ထ. က-ခွဲ)ကျောင်းနဝဒေးခန်းမတွင် ဇန်နဝါရီ ၁၁ ရက်က စားသုံးသူရေးရာ သိကောင်းစရာ အသိပညာပေး (ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ပညာရေးဌာနမှ လက်ထောက်ပညာရေးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများ၊ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများပူးပေါင်း၍ ဆင့်ပွား သင်တန်းကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးရွှေလှိုင်ဌေးက အဖွင့်အမှာစကားပြောကြား၍ သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ဆက်လက်၍ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းကကုလသမဂ္ဂ၏ စားသုံးသူအခွင့်အရေးများအကြောင်းကို ဟောပြောဆွေးနွေးပြီး ဒုတိယခရိုင်ဦးစီးမှူးဦးအောင်ဇော်ဦးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေများအကြောင်းနှင့် ကမ္ဘာ့စားသုံးသူများနေ့ ဖြစ်ပေါ်လာပုံကို အကျယ်တဝင့် ဟောပြောခဲ့ပါသည်။ မအူပင်ခရိုင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးအောင်သူက ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စားသုံးရန် မသင့်သော အစားအစာများကို သတိနှင့်ယှဉ်၍ စားသောက်တတ်ရန် ဟောပြောပို့ချခဲ့ကြောင်း သိရှိရပါသည်။

စားသုံးသူအသိပညာပေးဟောပြောပွဲ (ဆင့်ပွား)သင်တန်းသို့ ဆရာ၊ ဆရာမ ၁၄ ဦးတက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။ **Consumer MT**

# ကျိုင်းတုံမြို့ရှိ အသားကင်ဆိုင်များအား ပထမအကြိမ်အရေးယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရပ်ကွက်များအတွင်းရှိ အသားကင်ဆိုင်များအား ဇန်နဝါရီ ၁၁ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်သော ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါတယ်။ ကျိုင်းတုံခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်နှင့် စားသုံးသူ အကာအကွယ်ပေး ရေးဥပဒေအရ အသားကင်ဆိုင်များ လိုက်နာရမည့်အချက်များအား ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှစ၍ မြေပြင်ကွင်းဆင်း၍ အသိပညာပေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အသိပေးခြင်း၊ Online ဖြင့် အသိပေးကြေညာခြင်း၊ အကြိမ်ကြိမ် ပညာပေးခြင်း ဆောင်ရွက်ခဲ့ပြီး လိုက်နာခြင်းမရှိသည့် အသားကင်ဆိုင် ၁၇ ဆိုင်မှ ကာလ တန်ဖိုး ကျပ် ၈၁၂၀၀၀ အား စားသုံးသူ အကာအကွယ်ပေး ရေး ဥဒေပုဒ်မ- ၁၉ (ဃ)အရ သိမ်းဆည်းစေခဲ့



ကြောင်း အဆိုပါ အဖွဲ့ထံမှ သိရှိရပါတယ်။ အရေးယူခြင်းခံရသော အသားကင်ဆိုင်များအနေဖြင့် ကျိုင်းတုံခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအား လိုက်နာမှသာ ပြန်လည်ရောင်း ချခွင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် မဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ **KTG**

# ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် ဈေးစားသုံးသူရေးရာအဖွဲ့ဖွဲ့စည်း၊ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် ဇန်နဝါရီ ၇ ရက်နေ့တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်အား အဖွဲ့ခေါင်းဆောင် တာဝန်ပေးအပ်လျက် ရွှေပြည်သာရပ်ကွက် စည်ပင်သာယာဈေး စားသုံးသူရေးရာအဖွဲ့ကို အင်အား ၅ ဦးဖြင့် ဖွဲ့စည်းပြီးနောက် ရွှေပြည်သာရပ်ကွက်အုပ်ချုပ်ရေးမှူးအား အဖွဲ့ခေါင်းဆောင် တာဝန်ပေးအပ် ဖွဲ့စည်းထားသည့် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့နှင့်ပူးပေါင်းကာ အင်အား ၈ ဦးပါအဖွဲ့ဖြင့် ရွှေပြည်သာရပ်ကွက်စည်ပင်သာယာဈေးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။ ရွှေပြည်သာရပ်ကွက် စည်ပင်သာယာဈေးရှိ ကုန်မျိုးစုံဆိုင် ၄ ဆိုင်အား ဈေးကွက်စောင့်ကြည့် စစ်ဆေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွင့်မပြုဓာတုဆိုးဆေးပါဝင်ခြင်းကြောင့် စားသုံးရန် မသင့်ကြောင်း ကြော်ငြာထားသည့် စားသောက်ကုန်များ၊ ရက်လွန်စားသောက်ကုန်များ၊ မှိုတက်စားသောက်ကုန်များ၊ ရောင်းချခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရသော်လည်း ဒေါ်ပြုံးရီ၏ ကုန်စုံဆိုင်မှ အမှတ်တံဆိပ်မပါရှိသော ကန်တော့ပုံသကြားနှင့် ပန်းရောင်အချိုရည်ဘူး ၈ ဘူး တွေ့ရှိခဲ့ရသဖြင့် ဆက်လက်ရောင်းချခြင်း မပြုရန်အဖွဲ့မှ တားမြစ်ခဲ့ပြီး မြို့နယ်တာဝန်ခံမှ ဆိုင်ပိုင်ရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့် ကြော်ငြာစာ အမှတ် - ၁/၂၀၁၈ ကို ရှင်းလင်းဆွေးနွေးပညာပေးကာ ဆိုင်ရှင် ၄ ဦးနှင့် စစ်ဆေးသည့်အဖွဲ့များအား အမိန့်ကြော်ငြာစာ(၁၀)စောင် ပညာပေး ဖြန့်ဝေခဲ့ပါသည်။

၄င်းနောက် စားသုံးသူရေးရာဦးစီးဌာန၊ ရေဦးမြို့နယ်တာဝန်ခံသည် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ၊ မြို့နယ်ပြန်ဆက်ဦးစီးမှူးတို့နှင့် ပူးပေါင်းကာ ဇန်နဝါရီ ၈ ရက်နေ့တွင် ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ 'ဝင်း' ကိုယ်ပိုင် အထက်တန်းအဆင့် စာသင်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်ရာတွင် မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် အန္တရာယ်ရှိ စားသောက်ကုန်များ၊ အန္တရာယ်ရှိဝန်ဆောင်မှုများအကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံမှ မီးဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်များအကြောင်း၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူးမှ စာဖတ်ရခြင်း၏ အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း အသီးသီးပညာပေး ဆွေးနွေးပြီးနောက် စားသုံးသူရေးရာဦးစီးဌာနမှ လက်ကမ်းစာစောင် ၈၀ စောင်၊ မီးသတ်ဦးစီးဌာနမှ လက်ကမ်းစာစောင် ၅၀ စောင် ဖြန့်ဝေပညာပေးခဲ့ပါသည်။ ဟောပြောပွဲသို့ဆရာ/ဆရာမ ၂၄ ဦး၊ ကျောင်းသား/သူ ၃၆၂ ဦး စုစုပေါင်း ၃၈၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ညွန့် (ရေဦး)**

# တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၃/၂၀၁၈-၂၀၁၉)လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၃/၂၀၁၈-၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီး ဌာနမှဝန်ထမ်းများ၊ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါသည်။



ကြော်ငြာစာ (၁/၂၀၁၈)အရ စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက် ဆိုးကျိုး စသည့် အချက်များကို

အဆိုပါအစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းမှ (၂/၂၀၁၈-၂၀၁၉)အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့နောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း စားသုံးသူအကာအကွယ်ပေး အသိပညာပေး ဟောပြောခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး စားသုံးသူဗဟိုကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ (၁/၂၀၁၈)အရ စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက် ဆိုးကျိုး စသည့် အချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဖြစ်ကြောင်း၊ အဆိုပါအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ (၆)လပြည့်မြောက်သည့်နေ့တွင် စတင် အာဏာသက်ရောက်မည်ဖြစ်ပြီး၊ လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉) အရ အရေးယူခံရမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး နောက်တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များမှလည်း အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# စစ်ကိုင်းမြို့ ထူပါရုံ အ•လ•က (ခွဲ)ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်စိမ်းစိမ်းလှဲ့၊ စစ်ကိုင်းမြို့နယ် တာဝန် ခံဦးခင်မောင်ဝင်းတို့ပူးပေါင်း၍ ဇန်နဝါရီ ၈ ရက်တွင် စစ်ကိုင်းမြို့၊ ထူပါရုံအ. လ. က(ခွဲ)ကျောင်းသို့ သွားရောက်ပြီး၊စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟော ပြောပွဲကျင်းပခြင်း၊ ကျောင်းဈေးဆိုင်များစစ်ဆေးခြင်း၊ ကျောင်းစားသုံးသူရေးရာအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်သင်းကျော်က အဖွင့်အမှာစကားပြောကြား၍ စားသုံးသူရေးရာဦးစီး ဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်စိမ်းစိမ်းလှဲ့က ဌာန၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ CICC ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်၍ နစ်နာမှုများရှိပါက တိုင်ကြားနိုင်ကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ဖြင့် ထုတ်ပြန်ထားသော ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်း လုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်းတို့ပါဝင်သော အစားအစာများကို ရွေးချယ် စားသုံးတတ်စေရန် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စားသုံးသူကိုယ်စားလှယ် ဦးမောင်မောင်စိုးက အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး၊ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်းက စားသုံးရန်မသင့် အစားအစာများအကြောင်း၊ ဟင်းခတ်အချိုမှုန့်အကြောင်းနှင့် စားသုံးဆီများအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**ခင်မောင်ဝင်း(စစ်ကိုင်း)**

# ပခုက္ကူခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၉ ရက်က ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့်အတူ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင်ပခုက္ကူခရိုင်၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းအရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား)ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသန်းဦး (ခရိုင်ဦးစီးမှူး)က ယခင်လကျင်းပခဲ့သော အစည်းအဝေးမှ ဆုံးဖြတ်ချက်များဖြစ်သည့် သက်တမ်းလွန်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အရက်နှင့် ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ် မရှိစေရန်၊ ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်နိုင်စေရန် အသိပညာပေး ဟောပြောပွဲများကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရက်နမူနာများ ပေးပို့ရန်မှာလည်း တိုင်းဒေသကြီးဦးစီးမှူးရုံး ပို့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တွင် ဆောင်ရွက်ခဲ့သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာထိ (၁)နှစ်တာ လုပ်ငန်းဆောင် ရွက်ချက်များကို ရှင်းလင်းခဲ့ကြောင်း၊ ဝန်ဆောင်မှုပိုင်းအနေဖြင့် ယခုလတွင် ပခုက္ကူခရိုင်၌ တိုင်ကြားမှုတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း၊ ပုဂံမင်းသား အဝေးပြေး မော်တော်ယာဉ်လိုင်းကို လက်မှတ်ဖြတ်ထားသည့်နေရာမရောက်ခင် လမ်းတစ်ဝက်မှာ ခရီးသည်များအား ချထားသည်ကို စိတ်ကျေနပ်မှုမရှိသဖြင့် မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂ (MCU)မှ တစ်ဆင့် နေပြည်တော်ရုံးချုပ်သို့ တိုင်ကြားလာပါကြောင်း၊ ၄င်းကားဂိတ်သို့ သက်ဆိုင်ရာဌာနများနှင့် သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ချပြရှင်းလင်းခဲ့ပြီး နောက်နောင်တွင် ယခုလို အပြုအမူမျိုးမလုပ်ဆောင်ဘဲ စားသုံးသူအခွင့်အရေးကို အပြည့်အဝ တာဝန်ယူဆောင်ရွက်သွားရန် သတိပေးလက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ မြေဩဇာအတုများနှင့်ပတ်သက်၍ ကွင်းဆင်း ဆောင်ရွက်ရန် ညွှန်ကြားထားသောကြောင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်တွင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ကြယ်ပဲကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ခေါင်းလျှော်ရည်၊ ဆပ်ပြာအရည်အခဲ စသည့် ကုန်ပစ္စည်းများကို ပေါက်မြို့နယ်၊ အိုင့်မကျေးရွာတွင် ထုတ်လုပ်နေသည်ကို တွေ့ရှိခဲ့ကြောင်း၊ ကျေးရွာအတွင်းရှိ စိုက်ပျိုးသူ တောင်သူများကို ပြည်ပဈေးကွက်ဝင် အမယ်သစ်ပို့ကုန်များ တိုးချဲ့စိုက်ပျိုးရန် အသိပညာပေးဟောပြောခဲ့ကြောင်း၊ လာမည့်လတွင်လည်း လုပ်ငန်းဆောင်ရွက်ချက်များကို လျာထားချက် ထက်ကျော်လွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအသီးသီး အလိုက် အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(ပခုက္ကူ)**

# လစာပေးချေရမှု အများဆုံးအသင်းနှင့် ကြွေးမြီအများဆုံးအသင်း ယူအီးအက်ဖ်အေထုတ်ပြန်

ဥရောပဘောလုံးလိဂ်များ၏ ကစားသမားများအတွက် လစာအများဆုံးပေးချေနေရသည့် အသင်း ၂၀နှင့် ကြွေးမြီအများဆုံးရှိနေသည့် အသင်း ၂၀ စာရင်းကို ယူအီးအက်ဖ်အေက ထုတ်ပြန်လိုက်ကြောင်း အင်္ဂလန်မီဒီယာများက ရေးသားဖော်ပြထားကြသည်။

ကစားသမားများအတွက် လစာအများဆုံး ပေးချေနေရသည့် အသင်းများထဲတွင် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းက ထိပ်ဆုံးမှရှိနေပြီး ၎င်း၏နောက်တွင် ဘာစီလိုနာအသင်း ရှိနေသည်။ ထို့ပြင် ယူအီးအက်ဖ်အေက ထုတ်ပြန်လိုက်သည့် ကြွေးမြီအများဆုံးအသင်းနေရာတွင် အင်္ဂလန်ပရီးမီးယားလိဂ်မှ မန်ယူအသင်းက ထိပ်ဆုံးမှရှိနေပြီး ၎င်း၏နောက်တွင် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းက ရှိနေသည်။

ဥရောပဘောလုံးလိဂ်များ၏ ကစားသမားများအတွက် လစာအများဆုံး ပေးချေနေရသည့် အသင်း ၂၀တွင် ရီးရဲလ်မက်ဒရစ်အသင်းက ယူရို ၄၀၆ သန်း၊ ဘာစီလိုနာအသင်းက ယူရို ၃၇၈ သန်း၊ မန်စီးတီးအသင်းက ယူရို ၃၃၄ သန်း၊ မန်ယူအသင်းက ယူရို ၃၀၆ သန်း၊ ဘိုင်ယန်မြူးနစ်အသင်းက ယူရို ၂၇၆ သန်း၊ ပီအက်စ်ဂျီအသင်းက ယူရို ၂၇၂ သန်း၊ ဂျူဗင်တပ်အသင်းက ယူရို ၂၆၄ သန်း၊ ချယ်လ်ဆီးအသင်း ယူရို ၂၅၆ သန်း၊ လီဗာပူးအသင်းက ယူရို ၂၄၄ သန်း၊ အာဆင်နယ်အသင်းက ယူရို ၂၃၄ သန်း၊ ဒေါ့မွန်အသင်းက ယူရို ၁၇၈ သန်း၊ အက်သလက်တီကိုအသင်းက ယူရို ၁၇၈ သန်း၊ အင်တာမီလန်အသင်းက ယူရို ၁၅၅ သန်း၊ စပါးအသင်းက ယူရို ၁၄၈ သန်း၊ ရိုးမားအသင်းက ယူရို ၁၄၅ သန်း၊ ဝုဖ်ဘတ်အသင်းက ယူရို ၁၃၉ သန်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းက ယူရ ၁၃၃ သန်း၊ လက်စတာအသင်းက ယူရို ၁၃၂ သန်း၊ ဆောက်သမ်တန်အသင်းက ယူရို ၁၃၁ သန်းနှင့် အေစီမီလန်အသင်းက ယူရို ၁၂၈ သန်း စသည်ဖြင့် အသီးသီး ပေးချေနေရကြောင်း ဖော်ပြထားသည်။

အခြားတစ်ဖက်တွင် ကြွေးမြီအများဆုံး ရှိနေသည့် အသင်းများကိုလည်း ဖော်ပြထားရာတွင် မန်ယူအသင်းက ယူရို ၄၅၉ သန်း၊ အင်တာမီလန်အသင်းက ယူရို ၄၃၈ သန်း၊ အက်သလက်တီကိုအသင်းက ယူရို ၃၉၁ သန်း၊ ဂျူဗင်တပ်အသင်းက ယူရ ၂၈၉ သန်း၊ အေစီမီလန်အသင်းက ယူရို ၂၇၂ သန်း၊ ဘင်ဖီကာအသင်းက ယူရို ၂၆၉ သန်း၊ ဂါလာတာစာရေးအသင်းက ယူရို ၂၂၉ သန်း၊ စီအက်စ်ကေအေမော်စကိုအသင်းက ယူရို ၂၂၉ သန်း၊ လီဗာပူးအသင်းက ယူရို ၂၂၅ သန်း၊ ရိုးမားအသင်းက ယူရို ၂၁၉ သန်း၊ ဖီနာဘာချီအသင်းက ယူရို ၂၁၅ သန်း၊ ဗလန်စီယာအသင်းက ယူရို ၂၁၃ သန်း၊ ဆန်းဒါးလန်းအသင်းက ယူရို ၁၈၅ သန်း၊ ပေါ်တိုအသင်းက ယူရို ၁၇၇ သန်း၊ လိုင်ယွန်အသင်းက ယူရို ၁၇၄ သန်း၊ ရှော်ကေးအသင်းက ယူရို ၁၅၈ သန်း၊ ဘက်ဆစ်တပ်အသင်းက ယူရို ၁၅၄ သန်းနှင့် မိုနာကိုအသင်းက ယူရို ၁၄၇ သန်း စသည်ဖြင့် အသီးသီး ရှိနေကြောင်း ဖော်ပြထားသည်။







# ဒမ်ဘီလီ တရုတ်ကလပ်သို့ ပေါင် ၁၁ သန်းဖြင့်ရောက်ရှိ

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် စပါးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒမ်ဘီလီသည် တရုတ်စူပါလိဂ်ကလပ် ဂွမ်ဇူးအသင်းသို့ ပေါင် ၁၁ သန်းဖြင့် ပြောင်းရွှေ့မှု အောင်မြင်ခဲ့ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ဒမ်ဘီလီသည် ယခုနှစ်ဘောလုံးရာသီတွင် စပါး၌ ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ အသင်းမှ ရောင်းထုတ်ရန် စာရင်းတင်ထားသည့် ကစားသမားထဲတွင် ပါဝင်နေခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဒမ်ဘီလီသည် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရပြီးနောက်တွင် စပါးအသင်း၌ ပထမပွဲထွက်ခွင့် မရရှိတော့ဘဲ အရန်ကစားသမားအဖြစ်သာ ရှိလာခဲ့သည်။

ဒမ်ဘီလီက ‘ကျွန်တော့်အနေနဲ့ စပါးအသင်းကို သံယောဇဉ်ရှိပါတယ်။ တည်မြဲတယ်ဆိုတာ ဘယ်အရာမှ မရှိပါဘူး။ ပြောင်းလဲမှုတွေက အမြဲတမ်းရှိနေတယ်။ စပါးအသင်းအတွက် ကျွန်တော် အကောင်းဆုံးပေးဆပ်ခဲ့ပြီးပြီလို့ ထင်ပါတယ်။ ခုတော့ နယ်မြေသစ်မှာ ကျင်လည်ရတော့မယ်။ ဒီအတွက်လည်း ကျွန်တော်ကျေနပ်ပါတယ်’ဟု ဆိုခဲ့သည်။

အသက်(၃၁)နှစ်ရှိပြီဖြစ်သည့် ဒမ်ဘီလီသည် ဖူလ်ဟမ်အသင်းတွင် ၆၂ပွဲနှင့် စပါးအသင်းတွင် ပွဲပေါင်း ၁၈၀ ပါဝင်ကစားပေးခဲ့သည်။ စပါးအသင်းသည် ဒမ်ဘီလီအပြင် နောက်ထပ်ရောင်းထုတ်ရန် ကစားသမား အချို့လည်းရှိနေသေးကြောင်းသိရသည်။ စပါးအသင်းတွင် အဓိက တိုက်စစ်မှူးဖြစ်သူ ဟယ်ရီကိန်းမှာဒဏ်ရာပြဿနာကြောင့် နှစ်လခန့်အနားယူရမည်ဖြစ်ပြီး နောက်ထပ်တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဆွန်ဟောင်မင်မှာလည်း နိုင်ငံအသင်းနှင့်အတူ အာရှဖလားပြိုင်ပွဲ သွားရောက်ကစားနေခြင်းကြောင့် စပါးအသင်းအတွက် တိုက်စစ်ပိုင်း အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် နည်းပြ ပိုချက်တီနိုအနေဖြင့် တိုက်စစ်မှူးတစ်ဦးကို အရေးပေါ်ရှာဖွေလျက်ရှိကြောင်း သိရသည်။

# လူငယ်တိုက်စစ်မှူး နိုအမ်အီမီရန်ကို မန်ယူအသင်းခေါ်ယူ




မန်ယူအသင်းသည် ပြင်သစ်လီဂူးဝမ်းကလပ် အမ်မီနစ်လူငယ်အသင်းမှ ပြင်သစ်လူငယ် တိုက်စစ်မှူး နိုအမ်အီမီရန်ကို အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် နိုအမ်အီမီရန်ကို ပြောင်းရွှေ့ကြေးမည်မျှဖြင့် ခေါ်ယူနိုင်ခဲ့သည်နှင့် မည်မျှသက်တမ်းရှိသည့် စာချုပ်တစ်ရပ်ဖြင့် ခေါ်ယူခဲ့သည်ကို မသိရသော်လည်း အဆိုပါ ကစားသမားအတွက် မန်ယူအသင်းသည် တစ်ပတ်လုပ်ခ ပေါင်ကိုးသောင်းဖြင့် ခေါ်ယူစာချုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် အသက်(၁၆)နှစ်သာရှိသေးသည့် နိုအမ်အီမီရန်ကို ခေါ်ယူရာတွင် ဂျူဗင်တပ်အသင်း၊ ပီအက်စ်ဂျီအသင်းများနှင့် အပြိုင်ခေါ်ယူခဲ့ရကြောင်း သိရသည်။

နိုအမ်အီမီရန်သည် ပြင်သစ် ယူ-၁၆ လက်ရွေးစင်ကစားသမား တစ်ဦးဖြစ်ပြီး အနာဂတ်တွင် ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်အဖြစ် ဘောလုံးကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။ ထို့ပြင် ဥရောပဘောလုံးကင်းထောက်များ၏ စောင့်ကြည့်ခြင်းကိုခံနေရသူဖြစ်ရာ မန်ယူအသင်းက လက်ဦးမှု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

## ဘောလုံးလောကသတင်းတိုများ

- ရီးရဲလ်မက်ဒရစ်အသင်းသည် ပေါ်တိုအသင်းမှ နောက်ခံကစားသမား အီဒါမီလီတာအိုကို ယူရို သန်း ၅၀ ဖြင့် ခေါ်ယူရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။
- နာပိုလီအသင်းသည် ပီအက်စ်ဗွီအသင်းမှ တောင်ပံကစားသမား လိုဇာနိုကို ယူရို သန်း ၃၀ဖြင့် ခေါ်ယူရန်ကမ်းလှမ်းမှု အောင်မြင်တော့မည်ဖြစ်ကြောင်း သိရသည်။
- တိုက်စစ်ပိုင်း ပြဿနာများဖြင့် ရင်ဆိုင်နေရသည့် စပါးအသင်းသည် ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်မှူး မယ်လ်ကွန်ကို ခေါ်ယူရန် ကမ်းလှမ်းနေကြောင်း သိရသည်။

# ချယ်လ်ဆီးအသင်း ဟီဂူအင်ကို ခြောက်လ အငှားစာချုပ်ဖြင့် ခေါ်ယူ




တိုက်စစ်ပိုင်း အားနည်းမှုများဖြင့် ကြုံတွေ့နေရသည့် ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ်အသင်းမှ အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့်သွားရောက်ကစားနေသည့် အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်ကို ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ဟီဂူအင်ကို ခေါ်ယူရန်အတွက် ကြိုးပမ်းမှုတွင် အစောပိုင်းက ဂျူဗင်တပ်အသင်း၏ ပယ်ချခြင်းကို ခံခဲ့ရသော်လည်း ယခုအချိန်တွင် အလုံးစုံပြောင်းရွှေ့မှု အောင်မြင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဟီဂူအင်သည် အေစီမီလန်အသင်းတွင် ကစားနေရသည်မှာ ပျော်ရွှင်နေသည်ဟု ဆိုသော်လည်း ယခုအချိန်တွင် ဂျူဗင်တပ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ခြင်းကြောင့် ဟီဂူအင်ကို အင်္ဂလန်ပရီးမီးယားလိဂ်တွင် မြင်တွေ့ရတော့မည်ဖြစ်သည်။

အသက်(၃၁)နှစ်ရှိ ဟီဂူအင်သည် ဂျူဗင်တပ်အသင်းမှ အေစီမီလန်အသင်းသို့ ရာသီဝက် သွားရောက်ကစားခဲ့ရတွင် အေစီမီလန်အသင်းအတွက် ၁၅ ပွဲတွင် ခြောက်ဂိုးသွင်းပေးနိုင်ခဲ့သည်။

အခြားတစ်ဖတ်တွင် ချယ်လ်ဆီးအသင်းတိုက်စစ်မှူး မိုရာတာသည် စပိန်လာလီဂါကလပ် အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ သို့သော် မိုရာတာ၏ ပြောင်းရွှေ့ကြေးကိုမူ ထုတ်ဖော်ပြောဆိုထားခြင်းမရှိကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

# မြန်မာ့ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှုကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင်



**အောင်ဆန်းလင်း(DOCA)**

သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ဆွေးနွေးညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်မှုကြောင့်နှစ်ပတ်ကြာပိတ်ခဲ့သော တရုတ်-မြန်မာနယ်စပ်၊ ကျင်စန်းကျော့ဂိတ်လမ်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျင်စန်းကျော့ဂိတ်လမ်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်က စတင်၍ ပိတ်လိုက်သောကြောင့် ဖရဲ၊ သခွားမွှေး တင်ပို့ရောင်းချသည့် ကုန်သည်များသည် များစွာ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြရပေသည်။ ထိုသို့ ကျင်စန်းကျော့ဂိတ်လမ်းပိတ်ထားသည့် ရက်ပိုင်းအတွင်း မူဆယ်သစ်သီးကုန်စည်ဒိုင်၌ ဖရဲ၊ သခွားမွှေး ကားအစီးရေ ၅၀၀၀ ခန့်တွင် ပျက်စီးဆုံးရှုံးမှုများကြောင့် ကားတစ်စီးလျှင် ပျမ်းမျှ ကျပ်သိန်း ၂၀ ခန့် နစ်နာခဲ့ရကြောင်း သိရှိရပေသည်။ ကုန်စည်ဒိုင်မှ သစ်သီးကားများကို ကြူကုတ်-ပန်းဆိုင်လမ်းမှ သုံးရက်လျှင် တစ်ကြိမ်ဖြင့်သာ ကားအစီးရေ ၁၀၀၀ ပို့လွှတ်ခဲ့သော်လည်း တစ်ဖက်တွင် ကုန်စည်ဒိုင်ဝန်းအတွင်း စုပုံနေသော ကားများအပြင် ကုန်စည်ဒိုင်သို့ နေ့စဉ် တစ်ရက်လျှင် သစ်သီးကား ၃၀၀ စီးခန့် ထပ်မံဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ အခြေအနေများသည် ဖြစ်ပေါ်ခဲ့သောပြဿနာများကို ပိုမိုဆိုးဝါးစေခဲ့ပါသည်။ ပြည်တွင်း ဖရဲ၊ သခွားမွှေးထွက်ရှိရာ ဒေသများတွင်လည်း အသီးများ မရောင်းချရသဖြင့် အခမဲ့ဝေပေးခဲ့ရကြောင်း သိရှိရပေသည်။ ထိုအခြေအနေများသည် ဖရဲ၊ သခွားမွှေးစိုက်ပျိုး ထုတ်လုပ်သော တောင်သူလယ်သမားများ အပါအဝင် ကုန်သည် လုပ်ငန်းရှင်များအတွက် ကြီးမားသောနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြပေသည်။ ယခုအခါတွင် ဖရဲ၊ သခွားမွှေး အဓိက တင်ပို့ရောင်းချရာ နယ်စပ်ဂိတ်ဖြစ်သော ကျင်စန်းကျော့ဂိတ်အား ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် တင်ပို့ ရောင်းချမှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိကာ အဆင်ပြေလာပြီဖြစ်ပေသည်။

ဤသို့နယ်စပ်ကုန်သွယ်ဂိတ်အား နှစ်ပတ်ကျော်ကြာ ပိတ်လိုက်သည့်ဖြစ်စဉ်ကြောင့် ဖရဲ၊ သခွားမွှေးသီးနှံများ လေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်းသည် မြန်မာ့သီးနှံထွက်ကုန်များအတွက် လိုအပ်သောအစီအမံများနှင့် စနစ်ကျသော အစီအစဉ်များ ချမှတ်ဆောင်ရွက်ထားခြင်းမရှိသည်ကို ဖော်ပြနေပေသည်။ ထို့ပြင် ကုန်သွယ်ရေးဂိတ် ပိတ်ထားသည့်အချိန်အတွင်း ကုန်သွယ်ရေးဇုန်သို့ သစ်သီးကားများ အစုလိုက် အပြုံလိုက် ဝင်ရောက်ခြင်းများ ရှိခဲ့ပြီး လမ်းကြောပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ဤသည်မှာ အသင်းအဖွဲ့ဝင်များ၊ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက် ဆောင်ရွက်နိုင်မှုများ အားနည်းခြင်းကြောင့်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ယခုကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက်လိုအပ်သော လုပ်ငန်းအစီအမံများကို စနစ်တကျ ဆောင်ရွက်ထားကြရမည်ဖြစ်ပါသည်။

ယခု ဖြစ်ပွားခဲ့သော ဖြစ်စဉ်တွင် အဓိက လိုအပ်သည်မှာ သီးနှံထွက်ကုန်များအတွက် သိုလှောင်ထိန်းသိမ်းထားနိုင်သည့် အအေးခန်းသိုလှောင်ရုံများပင် ဖြစ်ပါသည်။ အဆိုပါသိုလှောင်ရုံများကို သီးနှံ ထွက်ကုန်များထွက်ရှိရာ ဒေသများတွင်လည်းကောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် အချက်အချာကျသော နေရာများတွင်လည်းကောင်း၊ အဓိကတင်ပို့ရာ နယ်စပ်ကုန်သွယ်ရေးဇုန်များတွင် လည်းကောင်း ဆောက်လုပ်ထားသင့်ပေသည်။ ထိုသို့ ဆောက်လုပ်နိုင်ရေးအတွက်လည်း တစ်ဦးတစ်ယောက်တည်း မတတ်နိုင်ပါက ကုန်သည်လုပ်ငန်းရှင်များ စုပေါင်း၍သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံ၍သော်လည်းကောင်း၊ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ယခုကဲ့သို့ အရေးပေါ် အခြေအနေများ ကြုံလာရပါက အအေးခန်းသိုလှောင်ရုံများအတွင်း သိုလှောင်ထားခြင်းဖြင့် သီးနှံများ၏ လေလွင့်ဆုံးရှုံးမှုကို ထိန်းချုပ် ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့သစ်သီးဝလံများ ရေရှည် ဖွံ့ဖြိုးတိုးရေးဆောင်ရွက်ရာတွင် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ထည့်သွင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါဦးမည်။**

## ကသာမြို့ သောက်ရေသန့်စက်ရုံများအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေး မိတ်ဖက်ဌာနများနှင့် ကွင်းဆင်းစစ်ဆေး

စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေးအတွက် ကသာမြို့ပေါ်ရှိ First Power သောက်ရေသန့်နှင့် Crystal သောက်ရေသန့်စက်များအား ဇန်နဝါရီ ၁၅ ရက်တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ပြဋ္ဌာန်းထားသော ညွှန်ကြားချက်များနှင့်အညီ တည်ဆောက်ထားမှု၊ စက်ကိရိယာများ တပ်ဆင်ရာတွင် သတ်မှတ်စည်းကမ်းချက်များအတိုင်း တပ်ဆင်လည်ပတ်မှု၊ ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာ တပ်ဆင်ထားခြင်းရှိ/မရှိနှင့် FDA မှ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်များ ရှိ/ မရှိတို့ကို ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်ဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။ **လှလှခိုင် (ကသာ)**

**စာမျက်နှာ (၁၅) စက်သုံးဆီ . . . မှအဆက်**

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Tir myantrade page တွင် ဖော်ပြချက်အရ ကမ္ဘာ့စီးပွားရေးကို ဖိစီးထားသည့် ကုန်သွယ်ရေး အငြင်းပွားမှုကို အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံတို့၏ ဆွေးနွေးပွဲက ဖြေရှင်းနိုင်မည်ဟု အကောင်းရှုမြင်ခြင်းများကြောင့် ဇန်နဝါရီလ ၉ ရက်၌ ရေနံဈေး ပြန်တက်လာသည်ကို သိရှိရပါသည်။ အမေရိကန်ဈေးကွက် WTI ၌ ပြီးခဲ့သည့် အပိတ်ဈေးထက် အမေရိကန်ဒေါ်လာ ၇၅ ဆင့်၊ ၁ ဒသမ ၅ ရာခိုင်နှုန်း ဈေးတက်ပြီး ရေနံတစ်စည် ၅၀ ဒသမ ၅ ဒေါ်လာဈေးရှိကြောင်း သိရှိရပြီး၊ ယခုနှစ်အတွင်း WTI ဈေးကွက်၌ ပထမဆုံးရေနံဈေး ဒေါ်လာ ၅၀ အထက်တက်ခြင်းဖြစ်ပါသည်။ နိုင်ငံတကာဈေးကွက် Brent တွင် ဒေါ်လာ ၇၉ ဆင့်၊ ၁ ဒသမ ၃ ရာခိုင်နှုန်းတက်ကာ တစ်စည် ၅၉ ဒသမ ၄၇ ဒေါ်လာဈေးရှိကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၇၉၀ ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပ နိုင်ငံများ တွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး၊ ကနေဒါ၊ အာဖရိကနှင့် အမေရိကန်နိုင်ငံတို့တွင် အနည်းငယ်ဈေးနှုန်းမြင့်တက်နေကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ပါကစ္စတန်နှင့် နီပေါနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး၊ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သိသိသာသာပြောင်းလဲမှုမရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဇန်နဝါရီ ၁၁ | ဇန်နဝါရီ ၁၄ | ဇန်နဝါရီ ၁၅ | ဇန်နဝါရီ ၁၆ | ဇန်နဝါရီ ၁၇ | ဇန်နဝါရီ ၁၁ | ဇန်နဝါရီ ၁၄ | ဇန်နဝါရီ ၁၅ | ဇန်နဝါရီ ၁၆ | ဇန်နဝါရီ ၁၇ |
| ၁ | မြစ်ကြီးနား | ၃၆၄၅ | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၄၁၄၀ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၅ | လွိုင်ကော် | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၆ | ဘားအံ | ၃၂၆၂ | ၃၂၆၂ | ၃၂၆၂ | ၃၂၆၂ | ၃၂၆၂ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၇ | မော်လမြိုင် | ၃၇၁၂ | ၃၇၁၂ | ၃၇၃၅ | ၃၇၃၅ | ၃၇၃၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၈ | ထားဝယ် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၁၁၇ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၉ | မြိတ် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၁၄၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ |
| ၁၁ | ပုသိမ် | ၃၅၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၀၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၂ | စစ်တွေ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၀၄၀ | ၄၀၄၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၃၈၀၀ | ၃၈၀၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၃၇၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၅၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၅၅၀ |
| ၁၇ | မကွေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၈ | ပြည် | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | ၃၂၀၀ | ၃၂၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၁၀ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၀၈ | ၄၂၈၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၂၁ | နေပြည်တော် | ၃၅၁၀ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၀၈ | ၄၂၈၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၂၂ | ကလေး | ၄၁၀၀ | ၄၁၀၀ | ၃၉၅၅ | ၃၉၅၅ | ၃၉၅၅ | ၄၇၀၀ | ၄၇၀၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ |

# ဘရာဇီး၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံထုတ် သုတ်ဆေး၊ မှုတ်ဆေးများတွင် အသုံးပြုသည့် ဓာတုပစ္စည်းသွင်းကုန်အပေါ် Anty Dumping Duty စည်းကြပ်ရန် အိန္ဒိယ (DGTR) အကြံပြု

အိန္ဒိယအစိုးရကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ Directorate General of Trade Remedies (DGTR) သည် ဘရာဇီး၊ အင်ဒိုနီးရှားနှင့်ထိုင်းနိုင်ငံထုတ် ဓာတု ပစ္စည်းသွင်းကုန် (non -plasticised industrial grade nitrocellulose damped in isopropyl alcohol having nitrogen content in the range of 10.7-12.2%) အပေါ် တန်ပြန်စုပုံခွန် (Anty Dumping Duty) ကိုငါးနှစ်ကြာစည်းကြပ်ရန် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက် တွင် အကြံပြုလိုက်ကြောင်း သိရှိရပါသည်။

အဆိုပါနိုင်ငံများမှ တင်သွင်းလာသော ဖော်ပြပါ ဓာတု ပစ္စည်းများစုပုံလာခြင်းကြောင့် ပြည်တွင်းထုတ်ကုန်ဈေးနှုန်းများကို ပျက်ယွင်းစေပြီး ဈေးကွက်သပ်လျှိုမှုကို ဖြစ်ပေါ်စေကာ ပြည်တွင်းလုပ်ငန်းများအား ထိခိုက်စေလျက်ရှိသည့်အတွက် ယင်းကုန်ပစ္စည်းတစ်ကီလိုလျှင် တန်ပြန်စုပုံခွန် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၅ - သုည ဒသမ ၉၀၆) စည်းကြပ်ကောက်ခံရန် ကူးသန်းရောင်းဝယ်ရေးဌာနက အကြံပြုထားကြောင်း၊ ၎င်းအခွန်စည်း ကြပ်မှုနှင့်စပ်လျဉ်းသည့် အပြီးသတ် ဆုံးဖြတ်ချက်ကိုမူ ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း၊ DGTR သည် ပြည်တွင်းကုမ္ပဏီဖြစ်သည့် Nitrex Chemicals India ၏တိုင်ကြားမှုကြောင့် အဆိုပါကုန်စည်အပေါ် Anty Dumping Duty ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို ၂၀၁၈ ခုနှစ် ဧပြီလက စတင်ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အက်ဒမန်ကျွန်းသို့ ပြည်ပခရီးသွားများ လေကြောင်းခရီးဖြင့် တိုက်ရိုက် ဝင်ရောက်နိုင်ရန် အိန္ဒိယအစိုးရခွင့်ပြု



အိန္ဒိယအစိုးရသည် ပို့ဘလဲ လေဆိပ်အား အိန္ဒိယသို့ဝင်ရောက် မည့် ပြည်ပခရီးသွားများအား လူဝင်မှု ကြီးကြပ်ရေးစစ်ဆေးခွင့် ရှိသည့် လေဆိပ်တစ်ခုအဖြစ် တရားဝင်သတ် မှတ်ခွင့်ပြုလိုက်ပြီဖြစ်သည့်အတွက် အက်ဒမန်နှင့် နီကိုဘားကျွန်းများသို့ သွားရောက်လိုသည့် ပြည်ပခရီးသွားများအနေဖြင့် အဆိုပါလေဆိပ်မှတစ် ဆင့် တိုက်ရိုက်ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

အက်ဒမန်ကျွန်းသည် အိန္ဒိယ နိုင်ငံရှိ ခရီးသွားများကို ဆွဲဆောင်ရာဒေသများအနက် တစ်ခုဖြစ်လာနေပြီး နှစ်စဉ်ပျမ်းမျှအားဖြင့် ခရီးသွားလေးသိန်းခန့်လာရောက်လည်ပတ်နေကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း အဆိုပါ ကျွန်းများသို့ ခရီးသွားပေါင်း ၁၆ သိန်းကျော်လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါကျွန်းများ၌ သဘာဝအလှ၊ ကမ်းခြေများ၊ သစ်ပင်ပန်းမန်မျိုးစုံနှင့် ကျွန်းငယ်ပေါင်း ၅၇၂ ကျွန်းအနက် အမြဲတည်ရှိနေသည့် ကျွန်းပေါင်း ၃၈ ကျွန်းရှိ သမိုင်းဝင်ထင်ရှားသည့်နေရာများစွာရှိကြောင်း၊ အဆိုပါကျွန်းစုအနေ ဖြင့် ၂၀၁၇ ခုနှစ်တွင် ခရီးသွားဦးရေ ၄၈၇၂၂၉ ဦးရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ခရီးသွားဦးရေ ၄၀၂၃၉၃ ခန့်လက်ခံရရှိထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်အစိုးရက VAT ပြန်အမ်းငွေပမာဏ တိုးမြှင့်လိုက်သည့် အပေါ် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များက ပူပန်နေကြောင်းပြောကြား

တရုတ်က သံမဏိ၊ သစ်သားနှင့် ပြုလုပ်သည့်ပစ္စည်းများ၊ စက်ပစ္စည်း ထုတ်ကုန်များအပေါ် ကောက်ခံနေသည့် အခွန်နှုန်းထားကို တိုးမြှင့်ခြင်း မရှိဘဲ value -added tax (VAT) ပြန် အမ်းငွေပမာဏများ တိုးမြှင့်လိုက်သည့် အပေါ် အဆိုပါကုန်စည်များတင်ပို့နေသည့် အိန္ဒိယလုပ်ငန်းရှင်များက စိုးရိမ်ပူပန်နေကြကြောင်း၊ ပြီးခဲ့သည့်လအနည်းငယ်အတွင်းကလည်း တရုတ်အစိုးရသည် "Export tax rebate policy" အားကောင်းလာစေရန် ရည်ရွယ်ကာ သံမဏိချောင်းများ၊ အခွံမာသီးများ၊ မင်းတုပ်/တံခါးချက်များ၊ ဓာတ်ပုံဘောင်များနှင့်သစ်သားနှင့်ပြုလုပ်သည့်ပစ္စည်းများတို့အပါအဝင် လျှပ်စစ်သံလိုက်ပစ္စည်းများနှင့် ယဉ်ကျေးမှုဆိုင်ရာထုတ်ကုန်ပစ္စည်းပေါင်း ၄၀၀ ဝန်းကျင်အပေါ် ပို့ကုန်ခွန်ပြန်အမ်းငွေများ တိုးမြှင့်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် အဆိုပါပစ္စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချရာ၌ တရုတ်နှင့် ယှဉ်ပြိုင်နေရသည်ဖြစ်ရာ တရုတ်အစိုးရ၏ ပို့ကုန်အားပေးမြှင့်တင်ရေးမူဝါဒကြောင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအပေါ် ဖိအားများတိုးလာခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များအား ထိခိုက်ခြင်းကို ကာကွယ်ပေးနိုင်ရန် တရုတ်ကအသုံးပြုသည့် ငွေကြေးအထောက်အပံ့တစ်မျိုးပင်ဖြစ်သည်ဟုဆိုနိုင်ကြောင်း၊ အိန္ဒိယသည် ယင်းကုန်စည်အမျိုးအစားများအား အာရှ၊ အာဖရိကနှင့်လက်တင်အမေရိကနိုင်ငံများသို့ တင်ပို့နေပြီး ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ထိရှိရာ တရုတ်၏ပြောင်းလဲလိုက်သည့် အခွန်ပြန်အမ်းငွေတိုးမြှင့်သည့်မူဝါဒသစ်ကြောင့် လာမည့်လအနည်းငယ်တွင် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအပေါ် သက်ရောက်မှုများရှိလာနိုင်သည်ဟု Federation of Indian Export Organisations ၏ CEO က သုံးသပ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အီးယူနှင့် အမေရိကန်တို့တွင် ကုန်သွယ်မှုအတားအဆီးများကို အိန္ဒိယအထည်အလိပ်လုပ်ငန်းများက ပိုမို ရင်ဆိုင်ရ



ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ပါကစ္စတန်တို့ကဲ့သို့သော နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အိန္ဒိယအထည်အလိပ်ကုမ္ပဏီများသည် အမေရိကန်နှင့်အီးယူတို့၌ ကုန်သွယ်မှုအတားအဆီးများကို ပိုမိုရင်ဆိုင်ရသည်ဟု ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အိန္ဒိယလွှတ်တော်သို့ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

အီးယူနှင့် အမေရိကန်တို့၌ အိန္ဒိယအထည်အလိပ်ထုတ်ကုန်များကပေးဆောင်ရသည့် ပျမ်းမျှအခွန်နှုန်းထားမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၂ ရာခိုင်နှုန်းတို့အသီးသီးဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများ၌ အခြားနိုင်ငံထုတ် အထည်အလိပ်များအတွက် အခွန်ပေးဆောင်ရမှုအပေါ် နှိုင်းယှဉ်ကြည့်ရှုပါက ပါကစ္စတန်သည် သုည ရာခိုင်နှုန်းနှင့် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်သည် သုည ရာခိုင်နှုန်းနှင့် ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဗီယက်နမ်သည် ၆ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်သည် အိန္ဒိယနိုင်ငံထုတ်အထည်အလိပ်များ အဓိကတင်ပို့ရာနေရာဖြစ်ပြီး အိန္ဒိယသည်ရှယ်ယာ ၁၇ ရာခိုင်နှုန်းရရှိထားကြောင်း၊ ၎င်း၏နောက်တွင် အီးယူ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ပါကစ္စတန်၊ ယူအေအီး၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ဘရာဇီးနှင့် တောင်ကိုရီးယားနိုင်ငံထုတ် အထည်အလိပ်များကို အမေရိကန်သို့ အသီးသီးတင်ပို့လျက်ရှိကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်၊ အီးယူနှင့်အမေရိကန်တို့မှ တင်သွင်းလာသည့် coated paper အပေါ် အိန္ဒိယက တန်ပြန်စုပုံခွန် စည်းကြပ်မည် မဟုတ်ကြောင်း DGTR ထုတ်ပြန်

ပြည်တွင်းလုပ်ငန်းရှင်များ၏ တိုင်တန်းမှုကြောင့် DGTR သည် တရုတ်၊ အီးယူနှင့်အမေရိကန်တို့မှ တင်သွင်းလာသည့် Coated paper များအပေါ် Anti-dumping ဆိုင်ရာစုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး စစ်ဆေးတွေ့ရှိမှုရလဒ်အရ ယင်းကုန်စည်များအပေါ် တန်ပြန်ခွန်စည်းကြပ်လိမ့်မည်မဟုတ်ဟု DGTR ကထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

ထို့ပြင် DGTR က ပြည်တွင်း၌ Coated paper သွင်းကုန်များ စုပုံနေခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များအား ထိခိုက်မှုဖြစ်နေခြင်းများသည် အဆိုပါနိုင်ငံများမှ တင်သွင်းလာသည့် ပစ္စည်းများနှင့်ဆက်စပ်မှုမရှိဟု ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

ဖော်ပြနိုင်ငံများမှ ထုတ်လုပ်သည့် Coated paper များအား နိုင်ငံအတွင်းသို့ ပိုမိုတင်သွင်းလာသည်မှာ မှန်ကန်ကြောင်း၊ သို့ရာတွင် ပြည်တွင်းထုတ်လုပ်မှုမှာ ကျဆင်းနေသည့်အတွက် ထိုသို့ တိုးမြှင့်တင်သွင်းရန်မှာလည်း လိုအပ်နေသည်ဟု DGTR က ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ပို့ကုန်ဝယ်လိုအားမြင့်တက်မှုနှင့် လက်ကျန်နည်းပါးမှုကြောင့် အိန္ဒိယဘာစမာတီဆန် ဈေးမြင့်တက်

အိန္ဒိယနိုင်ငံ၏ဆန်ကိုအများဆုံး တင်သွင်းနေသော အီရန်နိုင်ငံကဖွင့်နေကျ ထုံးစံထက်စော၍ ဖွင့်ချိန်တွင် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ လက်ထဲတွင် ယခုရာသီအတွက်အကောင်းစားလုံးသွယ်ဆန်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့်အတွက် ဈေးဖွင့်စကတည်းက ဈေးခိုင်ခဲ့သော ဘာစမာတီဆန်ဈေးမှာ ဆက်လက်မြင့်တက်မည့် အလားအလာရှိနေကြောင်း economictimes. indiatimes ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ယခင်နှစ်ကဆန်ဟောင်းလက်ကျန်နည်းပါးခြင်း၊ ဘာစမာတီမဟုတ်သောဆန်အတွက် အစိုးရ၏ထောက်ပံ့ကြေးတိုးမြှင့်ခြင်းနှင့် ရူပီးငွေကျဆင်းမှုကြောင့် ပို့ကုန်အဖြစ် အဓိကထားသော ဤကုန်စည်အတွက် အကျိုးအမြတ် ပိုမိုရရှိလာခြင်းတို့ကြောင့် ဆန်အဖွင့်ဈေးမှာ ယခင်နှစ်ကထက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင်ဘာစမာတီဆန်သည် အရောင်းအဝယ် ပြန်ကောင်းလာခဲ့သည်။

အီရန်ဆန်ဈေးကွက်များစော၍ ဖွင့်လှစ်ခြင်းကလည်းအိန္ဒိယနှင့် ပါကစ္စတန်တို့၏ ပို့ကုန်လုပ်ငန်းရှင်များအတွက် အခွင့်ကောင်းများကိုဖြစ်ပေါ်စေခဲ့သည်။ အီရန်နိုင်ငံသည် ထုံးစံအားဖြင့် ပြည်တွင်းဆန်စိုက်ပျိုးသူများအား ကာကွယ်သည့် အနေဖြင့် ဆန်တင်သွင်းမှုကို ငါးလ၊ ခြောက်လပိတ်ထားလေ့ရှိသည်။ အီရန်နိုင်ငံ၏ ပြည်ဆန်အထွက်ကို ကျဆင်းမည်ဟု ခန့်မှန်းပြီးနောက် ယခင်နှစ်ရာသီကဆန်ဈေးကွက်ကို ဇန်နဝါရီတွင် ဖွင့်ခဲ့ရာမှ အမေရိကန် ပြည်ထောင်စု၏ စီးပွားရေး ပိတ်ဆို့မှုကိုခံနေရသော အီရန်နိုင်ငံ၏ ဆန်ဈေးကွက်ကို ယခုနှစ် ဒီဇင်ဘာက ဖွင့်လှစ်ပေးခဲ့သည်။ သို့သော်လည်း ငွေပေးချေမှုနောက်ကျသည့်အတွက် သူတို့အတွက် ငွေဖြစ်လွယ်မှု အခက်အခဲကိုဖြစ်စေခဲ့ကြောင်း ကုန်သည်တို့က ပြောသည်။

အီရန်နိုင်ငံသည် ကုန်တင်ပြီး အထောက်အထားကို တင်ပြပြီးသည့် အချိန်မှသာပို့ကုန်လုပ်ငန်းရှင်တို့အား ငွေထုတ်ပေးသည့်အခြေအနေမှာ ယခင်နှစ်ကနှင့် ပြောင်းပြန်ဖြစ်နေကြောင်း၊ ယခင်နှစ်က အဆိုပါပို့ကုန်သမိုင်းကြောင်းနှင့် ပို့ကုန်အမှာစာကိုကြည့်၍ ပို့ကုန်



လုပ်ငန်းရှင်များအား ကြိုတင်ငွေကိုထုတ်ပေးခဲ့ကြောင်း ဆန်ပို့ကုန်လုပ်ငန်း Lekh Raj Narender Kumar မှ အုပ်ချုပ်မှုဒါရိုက်တာ အာမစ်မစ်ဂလာနီက ပြောသည်။

ဤကဲ့သို့ဖြစ်ရသည်မှာ ဘာစမာတီမှအပ အခြားကုန်ပစ္စည်းများ အပေါ်တွင် ပြည်တွင်းသွင်းကုန်လုပ် ငန်းရှင်တို့က အကျိုးခံစားခွင့်ကို မှားယွင်း တောင်းခံနေသည့်အတွက် အစားအစာ ထောက်ပံ့ကြေး အလွဲသုံးစားမှုများကို ထိန်းချုပ်ရန်ငွေပေးချေမှု ယန္တရားကို ပြန်လည်ပြုပြင်နေသောကြောင့်ဖြစ်ကြောင်း ကုန်သွယ်မှုလုပ်ငန်းတွင်ရှိသော သတင်းရင်းမြစ်များက ပြောသည်။

**စံမီအောင်**

# ၂၀၁၉ ခုနှစ်အတွက် ဗီယက်နမ်စီးပွားရေးအလားအလာကောင်း

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားစွာဆက်လက်တည်ရှိနေခြင်း၊ စီးပွားရေးပတ်ဝန်းကျင်ဆက်လက် တည်ငြိမ်နေခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်ခြင်း၊ ကုန်သွယ်မှု ပိုငွေစံချိန်တင်အဆင့်တွင်ရှိနေခြင်းနှင့် နိုင်ငံတော်ဘတ်ဂျက် လိုငွေတည်ငြိမ်မှုရှိခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံ၏ လူမှုစီးပွားရေးသည် တစ်နှစ်အတွင်း အောင်မြင်မှုရှိခဲ့ကြောင်း ဗီယက်နမ် နယူးစ်သတင်းတွင်ဖော်ပြသည်။

ဇန်နဝါရီ ၁၈ ရက်က ဟန္ဒိုင်းတွင်ကျင်းပသော ကွန်ဖရင့်တစ်ခုတွင် ဗဟိုစီးပွားရေးစီမံခန့်ခွဲမှု သိပ္ပံ၏ ညွှန်ကြားရေးမှူး ငုယင်ဒင်ကွန်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာမှာ အထိတ်တလန့်ဖြစ်တာတွေနဲ့ ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေတဲ့ စီးပွားရေး ဆိုးသွမ်းသံသရာလည်ပတ်မှုတွေရှိနေပေမယ့် စီးပွားရေးအခြေခံတွေ ဆက်လက် ခိုင်မာနေတာ၊ ငွေကြေးအဝင် အထွက်မျှတတာနဲ့ ဘဏ္ဍာရေးစီမံအုပ်ချုပ်မှုကို ထိန်းထားနိုင်တာတွေကပိုမိုပြီး အရေးကြီးတဲ့ အချက်တွေဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးအဖွဲ့အစည်းတွေနဲ့ စီးပွားရေးပတ်ဝန်းကျင်အခြေခံ ပြုပြင်ပြောင်းလဲရေးတွေကိုဆောင်ရွက်ရာမှာ ဗီယက်နမ်




အတွက် အခြေအနေကောင်းတွေ ဖြစ်ပေါ်စေခဲ့ပါတယ်"ဟု ကွန်းက ပြောသည်။

ဗဟိုစီးပွားရေးစီမံခန့်ခွဲမှုသိပ္ပံ၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှုန်း က ၆ ဒသမ ၉၃ ရာခိုင်နှုန်း၊ ပို့ကုန်တိုးတက်နှုန်းက ၉ ဒသမ ၄ ရာခိုင်နှုန်းနှင့် ပျမ်းမျှစားသုံးသူဈေးနှုန်းက ၃ ဒသမ ၈၈ ရာခိုင်နှုန်းတိုးတက်ပြီး ကုန်သွယ်မှု ပိုငွေက အမေရိကန် ဒေါ်လာ ၂ ဒသမ ၀၄ ဘီလီယံရှိမယ်လို့ သိရပါတယ်။

အစီရင်ခံစာတွင်စတုတ္ထစက်မှု တော်လှန်ရေး၏ အကျိုးဆက်များနှင့် တော်လှန်ရေးတွင်ပါဝင်နိုင်ရန် အသင့်အနေအထားရှိမှု အခြေအနေတို့ကို ဖော်ပြထားသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံသည် စတုတ္ထစက်မှု တော်လှန်ရေးတွင် လိုက်ပါဆောင်ရွက် ခြင်းဖြင့် ကြီးမားသောအကျိုးဆက်များကို ရရှိနိုင်ကြောင်း အစီရင်ခံစာတွင် သုံးသပ်ထားသည်။

စတုတ္ထစက်မှုတော်လှန်ရေးတွင် ပါဝင်ခြင်းဖြင့် စီးပွားရေးဖွဲ့စည်းမှု ပြန်လည်တည်ဆောက်သည့်အရှိန်ကို မြှင့်တင်နိုင်ပြီး တစ်ချိန်တည်းမှာ ကုန်ထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်တဲ့ယှဉ်ပြိုင် နိုင်မှုနှင့်ကြွယ်ဝချမ်းသာမှုအဆင့် ပိုမိုမြင့်တက်အောင်ရရှိရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံကိုပြောင်းလဲဖို့အတွက် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မှာဖြစ်ကြောင်း ဗဟိုစီးပွားရေးစီမံခန့်ခွဲမှုသိပ္ပံ၏ အသေးစားစီးပွားရေးဌာနမှ ငုယင်အန်းဒေါင်က ပြောသည်။ ဩစတြေးလျနိုင်ငံအခြေစိုက် Aus4Reform အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဗဟိုစီးပွားရေး စီမံခန့်ခွဲမှု သိပ္ပံက အခမ်းအနားကို စီစဉ်ကျင်းပခြင်း ဖြစ်သည်။

**စံမီအောင်**

# တက်စလာက Model 3 ထုတ်လုပ်မှုကို အရှိန်မြှင့်ဆောင်ရွက်သော်လည်း လုပ်သားအင်အားကို ခုနစ်ရာခိုင်နှုန်း လျှော့ချမည်

တက်စလာ ကုမ္ပဏီက Model sedan လျှပ်စစ်ကားတွေ ထုတ်လုပ်တဲ့အခါမှာ ကုန်ကျစရိတ်ကို လျှော့ချနိုင်ဖို့အတွက် လုပ်သားအင်အားကို ထောင်ပေါင်း များစွာလျှော့ချမှာဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီ တက်စလာကဇန်နဝါရီ ၁၈ ရက်က ပြောကြောင်း ချန်နယ်နယူးအေးရှား သတင်းတွင် ဖော်ပြသည်။

ဈေးကွက်အကြိုရောင်းချမှုများတွင် တက်စလာ၏ရှယ်ယာများသည် ၄ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး ရှယ်ယာတစ်ခုကို အမေရိကန်ဒေါ်လာ ၃၃၃ အထိ ရောက်ရှိခဲ့သည်။

လာမည့်လများအတွင်း Model 3 ထုတ်လုပ်မှုကိုမြှင့်တင်ရန်နှင့် ထုတ်လုပ်မှုအင်ဂျင်နီယာလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် တက်စလာက အလုပ်သမားများကို လျှော့ချခဲ့ရခြင်းဖြစ်ပြီး အခြား နည်းလမ်းလည်းမရှိကြောင်း အမှုဆောင်အရာရှိချုပ်အီလွန်မတ်က ဝန်ထမ်းများအား ပေးပို့သော အီးမေးလ်တွင် ဖော်ပြထားသည်။

ဝန်ထမ်းများအနက် အချိန်ပြည့်လုပ်သားခုနစ်ရာခိုင်နှုန်းကို လျှော့ချပြီး အရေးကြီးသော ယာယီလုပ်သားများနှင့် ကန်ထရိုက်များကိုသာဆက်လက်ထားရှိမည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောသည်။

ယခုလ စောစောပိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုချေးငွေ လျှော့ကျမှုအား ထေမိရန်အတွက် တက်စလာက အမေရိကန်ပြည်ထောင်စုတွင် ရောင်းချသော မော်တော်ကား ဈေးနှုန်းများကို လျှော့ချခဲ့ပါသည်။ ဈေးကွက်ထဲမှာ အလုံးအရင်းဖြင့် တင်ပို့နေသော Model 3 sedan များ၏ သုံးလပတ်အလိုက် ဖြန့်ဖြူးမှုလည်း ကျဆင်းခဲ့သည်ကို တွေ့ရသည်။

**စံမီအောင်**


# တောင်ကိုရီးယားအစိုးရအနေဖြင့် အနိမ့်ဆုံး လုပ်ခလစာ တွက်ချက်မှုပုံစံ ပြင်ဆင်ချက်ကို ထုတ်ပြန်သွားမည်

တောင်ကိုရီးယား အစိုးရအနေဖြင့် တရားဝင် အနိမ့်ဆုံး လုပ်ခလစာ တွက်ချက်မှုပုံစံပြန်လည်ပြင်ဆင်ခြင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ပြန်လည်ပြင်ဆင်ချက် မူကြမ်းကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး အပြီးသတ် အစီအစဉ်ကို ဇန်နဝါရီလအတွင်းပင် အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အနိမ့်ဆုံး လုပ်ခလစာ တိုးမြှင့်မှုကြောင့် လုပ်ငန်းရှင်များဝန်ထုပ်ဝန်ပိုးဖြစ်လာမှုနှင့်လျင်မြန်သည့်အပြောင်းအလဲများကြောင့် လုပ်ခလစာစနစ် နှင့်ပတ်သက်၍ အချို့သော ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်သည်ကို သတိပြုမိပြီး ယခုကဲ့သို့ တွက်ချက်မှုစနစ် ပြင်ဆင်ပြောင်းလဲရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အနိမ့်ဆုံး လုပ်ခလစာ တွက်ချက်မှုပုံစံပြန်လည် ပြင်ဆင်ခြင်းကို မူဝါဒရေးရာကျွမ်းကျင်သူများ ပါဝင်သည့် ကော်မတီတစ်ခုနှင့် လူငယ်လုပ်သားများ၊ အမျိုးသမီးများနှင့် အသေးစားလုပ်ငန်းများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များပါဝင်သည့်ကော်မတီတစ်ခုဖြင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ဇန်နဝါရီလ တတိယပတ်တွင် အဆိုပါကော်မတီများ၏ အသေးစိတ်ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များကို ချပြရှင်းလင်းရန်အတွက် အစည်းအဝေးတစ်ခု ကို ကျင်းပသွားမည်ဖြစ်သည်။

အစိုးရအနေဖြင့် နိုင်ငံစီးပွားရေးတိုးတက်မှုအရှိန်အဟုန်အမြန်ဆုံးပြန်လည်ရရှိရန်အတွက် ရန်ပုံငွေအသုံးစရိတ်များတိုးချဲ့အသုံးပြုရေးကိုလည်း အလျင်အမြန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွက် ဗဟိုအစိုးရ၏ စုစုပေါင်း ရန်ပုံငွေ၏ ၆၁ ရာခိုင်နှုန်းခန့်ကို စီးပွားရေး တိုးတက်မှုအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် ဖန်တီးပေးရေး၊ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရေးစသည့် ပြည်သူလူထု၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆက်စပ်သည့် ကဏ္ဍအလိုက် အကောင်အထည်ဖော်မှုများ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်တွင် စုစုပေါင်း ရန်ပုံငွေ၏ ၆၅ ရာခိုင်နှုန်းခန့်ကို အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**


NGWE KYAL EAIN
Group Company Limited
ငွေကြယ်အိမ် ဆောက်လုပ်ရေးမှ ဆောက်လုပ်လျက်ရှိသော
တိုက်ခန်းအသစ်များအား ဝယ်ယူသူများကို အထူးဈေးနှုန်းများဖြင့်
ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
NKE
ဆက်သွယ်ရန် - အမှတ် (၃၇၃/ခ) ရတနာလမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉၂၅၀၁၇၂၇၂၄၊ ၀၉၅၄၀၁၆၅၁၊ ၀၉၂၅၀၀၄၅၀၀၊ ၀၉၂၅၀၀၄၆၀၀


Enjoy Life. Eat and Drink Well...
ROYAL DANSK
Ritter SPORT
Bonne Maman
C'est toi que j'aime tant
theWarehouse
Latino Bella
Lorenz
CIRIO
ANNAM MYANMAR
YVES ROCHER
Barilla
English Tea Shop
Délifrance
Perrier
PEPPERIDGE FARM
La Dory
info@annam-group.com
www.annam-group.com

# SHIPMAX FREIGHT SOLUTION CO., LTD

SOLUTIONS FOR YOUR FREIGHT NEEDS
OFFERING 0NE - STOP SERVICE
FOR EVERY TRADE ROUTE

Our Services

- Air Freight
- Ocean Freight(FCL/ Lcl)
- Land Freight(Trucking) (Inland & Cross Border)
- Land Freight(Railroad)(Inland)
- Customs Clearance
- Door to Door Service
- Storage/Distribution
- Permits & License Application
- Warehousing
- Packing/Palletizing
- Manpower Supply
- Moving & Relocation



Members Of :

SHIPMAX FREIGHT SOLUTION CO.,LTD
No.63, FIRST FLOOR, HNIN SI STREET, AHLONE TOWNSHIP, YANGON 11121, MYANMAR.
TEL : +95-1-2315203, +959 799898589, +959 799898598, +959 775414882, +959 775414883 Fax : +95-1-2315203
EMAIL : cs@shipmaxfreight.com WEBSITE : www.shipmaxfreight.com Page : www.facebook.com/shipmaxfreight

# GREAT ALPHA LOGISTICS CO.,LTD.

GREAT ALPHA









- Air Freight
- Sea Freight
- Multimodal Transportation
- Door to Door Services
- Warehousing Services
- Customs Clearance Services

Room No. 404, 4th Floor, Olympic Tower, Bo Aung Kyaw Road, Kyauktada Tsp, Yangon Region, Myanmar.
Ph : +95 9 5506717, +95 9 43120959, +95 1 8245837. Fax : +95 1 8245837
*Email : greatalphaaungaung@gmail.com, greatestalpha99@gmail.com*

COMMERCE
INTERNATIONAL

# တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စံချိန်တင်မြင့်တက်ခဲ့

တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စံချိန်တင်မြင့်တက်ခဲ့ပြီး အထူးသဖြင့် တရုတ်ကုမ္ပဏီများ၏ အာရုံစိုက်မှုကို ပြန်လည်ရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် တောင်ကိုရီးယား၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၇ ခုနှစ်ကထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၉ ဘီလီယံ တိုးတက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်သည် နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံကျော် ရရှိခဲ့သည်မှာ စတုတ္ထမြောက်နှစ်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ သက်ရောက်မှုများနှင့် အခက်အခဲအချို့ရှိခဲ့သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်ခဲ့သည့် အနေအထားဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် တတိယသုံးလပတ်တာကာလတွင် ရင်းနှီးမြှုပ်နှံမှု အနည်းငယ်ကျဆင်းခဲ့သော်လည်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့်မူ တိုးတက်မှုပြခဲ့ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၏ အစီရင်ခံစာများတွင် ဖော်ပြထားသည်။



တောင်ကိုရီးယားနိုင်ငံ၏ အဓိကစီးပွားရေးမိတ်ဖက်များဖြစ်သည့် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့မှ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးတက်နေသကဲ့သို့ ၂၀၁၈ ခုနှစ်တွင် တရုတ်မှ ရင်းနှီးမြှုပ်နှံမှုများလည်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဥရောပသမဂ္ဂမှ ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကာ ၂၀၁၇ ခုနှစ်ကထက် ၂၆ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဥရောပသမဂ္ဂမှ ရင်းနှီးမြှုပ်နှံမှုများသည် နည်းပညာကို အခြေခံသည့်လုပ်ငန်းများကို ဦးတည်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် ဒုတိယမြောက် အများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၁ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကာ ၂၀၁၇ ခုနှစ် ကထက် ၂၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၈ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာမူ ကျဆင်းခဲ့ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၄ ဒသမ ၈ ရာခိုင်နှုန်းသာရှိခဲ့သည်။ အကြောင်းမှာမူ ဂျပန်အနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများကို တရုတ်နှင့် အာဆီယံနိုင်ငံများသို့ ဦးတည်လျက်ရှိခြင်းကြောင့်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ပဉ္စမမြောက်နှစ်အဖြစ် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံကျော် ရရှိရန်ရည်မှန်းထားကြောင်း၊ ယခုကဲ့သို့ ဆက်တိုက်တိုးတက်မှုဖြစ်ပေါ်ခဲ့ခြင်းမှာ တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်လာမှုသည်လည်း အချက်တစ်ချက်အဖြစ်ပါဝင်ကြောင်း၊ မြောက်ကိုရီးယားနှင့် ဆက်ဆံရေး တိုးတက်လာသည်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စား အာရုံစိုက်လာခဲ့ကြောင်း၊ တောင်ကိုရီးယားအနေဖြင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များကိုလည်း ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကိုရီးယားကျွန်းဆွယ်တွင် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ လျော့နည်းလာသည်နှင့်အတူ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုသည်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၀ ဘီလီယံကျော် ရရှိခဲ့ကာ နိုင်ငံအချို့နှင့်လည်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ပဲလုံး (Peas) တင်သွင်းခွင့် ကန့်သတ်ချက်ကို အိန္ဒိယအစိုးရ ထပ်မံသက်တမ်းတိုး

အိန္ဒိယအစိုးရသည် ဩစတြေးလျနိုင်ငံထွက် Kaspa Peas များ အပါအဝင် ပဲလုံး (Peas) တင်သွင်းခွင့် ကန့်သတ်ချက်ကို ထပ်မံသက်တိုးကြောင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။


အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သည့် အဆိုပါကြေညာချက်တွင် ပဲလုံး (Peas) တင်သွင်းခွင့်ကန့်သတ်ချက်အား ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ သုံးလ ထပ်မံသက်တမ်းတိုးသည်ဟု ဖော်ပြပါရှိကြောင်း သိရှိရပါသည်။

ယင်းကြေညာချက်နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ထားရာ၌ အစိုးရအနေဖြင့် ပြည်တွင်း၌ စိုက်ပျိုးထားသည့် ဆောင်းသီးနှံ(Rabi Crops) များ ဈေးကွက်သို့မရောက်ရှိမီ ပြည်ပမှတင်သွင်းခြင်းကို ခွင့်မပြုလိုသည့် သဘောဖြစ်သည်ဟု ဆိုထားကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ကန့်သတ်ထားသည့် ပဲလုံး (Peas) အမျိုးအစား ကုန်စည်လိုင်းအောက်တွင် yellow peas၊ green peas၊ dun peas နှင့် kaspa peas တို့ ပါဝင်ကြောင်း၊ နောက်ဆုံးအမျိုးအစား kaspa peas သည် အထူးသဖြင့် ဩစတြေးလျ တောင်ပိုင်းဒေသများ၌ စိုက်ပျိုးထုတ်လုပ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အာဆီယံနိုင်ငံများမှ သန့်စင်ပြီး စားအုန်းဆီနှင့် စားအုန်းဆီကုန်ကြမ်းများအပေါ် အိန္ဒိယ အခွန်လျှော့ချသတ်မှတ်



အိန္ဒိယသည် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ်တင်သွင်းသည့် တန်ချိန်ပေါင်းမှာ ၁၅ ဒသမ ၅ သန်းခန့်ရှိကြောင်း၊ ထိုသို့တင်သွင်းရာ၌ အများစုမှာ မလေးရှား၊ အင်ဒိုနီးရှား၊ အာဂျင်တီးနားနှင့် ယူကရိန်းနိုင်ငံတို့မှဖြစ်ကြောင်း၊ ယခုအခါ အိန္ဒိယအစိုးရသည် အရှေ့တောင်အာရှနိုင်ငံ များမှ စားအုန်းဆီကုန်ကြမ်းနှင့်သန့်စင်ပြီး စားအုန်းဆီများအပေါ် သွင်းကုန်ခွန်များ လျှော့ချသတ်မှတ်လိုက်ကြောင်း သိရှိရပါသည်။

ယခင်က အိန္ဒိယအစိုးရသည် မလေးရှား၊ အင်ဒိုနီးရှားနှင့် အခြားအာဆီယံနိုင်ငံများမှ စားအုန်းဆီကုန်ကြမ်းများအပေါ် သွင်းကုန်ခွန် ၄၄ ရာခိုင်နှုန်း ကောက်ခံခဲ့ရာမှ ယခုအခါ ၄၀ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ကြောင်း၊ ထို့ပြင် သန့်စင်ပြီးစားအုန်းဆီများကို ယခင် ၅၄ ရာခိုင်နှုန်းမှ ယခုအခါ မလေးရှားနိုင်ငံမှ တင်သွင်းပါက ၄၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ အင်ဒိုနီးရှားနှင့် အခြား အာဆီယံနိုင်ငံများမှ ဝယ်ယူတင်သွင်းပါက ၅၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျှော့ချသတ် မှတ်လိုက်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စရပ်အပေါ် လုပ်ငန်းရှင်များက ယခုကဲ့သို့ အခွန်နှုန်းထားလျှော့ချလိုက်ခြင်းကြောင့် ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှုတိုးလာနိုင်မည်ဖြစ်ကာ အိန္ဒိယစားသုံးသူများအား အကျိုးဖြစ်ထွန်းမှုရှိ/မရှိကိုမူ ပြောကြားရန် စောလွန်းသေးသည်ဟု မှတ်ချက်ပြုထားကြောင်း၊ ပြည်တွင်းရှိ စားအုန်းဆီသန့်စင်ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဆီအုန်းစိုက်ပျိုးသူများအား ထိခိုက်မှုရှိနိုင်သည်ဟု Solvent Extractors Association က ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ၂၀၁၈-၁၉ အတွင်း စားသုံးဆီတန်ချိန်ပေါင်း ၂၃ ဒသမ ၅ သိန်းခန့်သုံးစွဲမည်ဟု ခန့်မှန်းထားရာ ယင်းပမာဏ၏ ၆၀ ရာခိုင်နှုန်း ကို မလေးရှားနှင့် အင်ဒိုနီးရှားတို့မှ တင်သွင်းနေရကြောင်း၊ အဆိုပါ နိုင်ငံများ၏ နောက်တွင် အာဂျင်တီးနားနှင့် အင်ဒိုနီးရှားတို့မှ တင်သွင်းနေရကြောင်း၊ အဆိုပါနိုင်ငံများ၏ နောက်တွင် အာဂျင်တီးနားနှင့် ဘရာဇီးတို့မှ ပဲပုပ်ဆီများ တင်သွင်းနေရပြီး ယူကရိန်းနှင့် ရုရှားတို့မှ နေကြာဆီများတင်သွင်းနေကြောင်း၊ ထို့အတူ ကနေဒါမှ canola oil များကို တင်သွင်းနေကြောင်း သိရှိရပါသည်။ Solvent Extractors Association ၏ အဆိုအရ အိန္ဒိယနိုင်ငံ၏ စားအုန်းဆီ နှစ်စဉ်သုံးစွဲမှုပမာဏမှာ တန်ချိန်ရှစ်သန်းခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန်သုံးသိန်းသာရှိကြောင်း၊ ယခုကဲ့သို့ အခွန်လျှော့ချမှုသည် အစိုးရက ဖော်ဆောင်နေသည့် "Make in India " အစီအစဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး ဆီအုန်းစိုက်ပျိုးသည့် တောင်သူများ၏ အကျိုးစီးပွားကို ထိခိုက်မှုရှိနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံအတွင်းဆီအုန်းစိုက်ပျိုးမှု တိုးတက်လာအောင်လည်း အလေးအနက်ထား ဖော်ဆောင်သင့်သည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

If you can't reuse it,refuse it
**ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။**